www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုခေတ်

## ရည်းစားဟောင်းနှင့်ပေါင်းရပါစေ

(အချစ်လုံးချင်းဝတ္ထု၊ ၁၁ ပုဒ်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးခြင်း

ရည်းစားဟောင်းနဲ့ ပေါင်းရပါစေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

'ရည်းစားဟောင်းသို့'

အနောက်ဘက်မှာ နေကွယ်တာနဲ့

နေ့က ညဖြစ်

ဦးနှောက်နဲ့နှလုံးသား ဆန္ဒချင်း သွေဖီတာနဲ့

အချစ်က အမုန်းဖြစ်

ဘဝတွေက နှစ်ဆယ့်သုံးနှစ်ပိုင်းတစ်ပိုင်း တိမ်းစောင်းပေမယ့်

လုံးလုံးဝိုင်းဝိုင်းတွေမဟုတ်ဘူး။

ဆွဲအားကိုယ်စီရှိပေမယ့်

ရွှေပဒေသာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပုံသေနိယာမ ထားလို့မရတဲ့အခါ
နှလုံးသားက ဘယ်လောက်တောင့်တတောင့်တ၊
အချစ်သစ်သီးက ကြွေမကျဘူး။
ဆန္ဒနဲ့ဘဝ ထပ်တူမကျတဲ့ငါ
အလွမ်းနဲ့နေသားတကျဖြစ်ဖို့
အချိန်အတော်ကြာ ကျင့်ယူခဲ့ရတယ်၊
နှစ်သိမ့်ဖေးမပေးမယ့်သူ မရှိတဲ့အခါ
အနုပညာကိုပဲ ငါ့ဝိညာဉ်နဲ့တင်ဆက်
ရင်ဘက်မှာ သံချပ်ကာလို့
ဝါကျတွေ ရက်ဖောက်နေရတယ်။
ငါကိုယ်တိုင် ထွန်ယက်၊ ငါ့လက်နဲ့စိုက်တဲ့သစ်ပင်
စက္ကူဖြူလွင်ပြင်မှာ...
မင်ပြာစာလုံးတွေအဖြစ်
အချစ်အကြောင်း အသံတိတ်ပြောဖို့
ငြိမ်သက်စွာ လဲလျောင်းနေကြပေါ့။
ဂစ်တာမတီးဘူး...
သီချင်းမညည်းဘူး...





ခတ်သိမ်းမကောင်းတဲ့ရုပ်ရှင်
ဘယ်ရုံတင်တင် မကြည့်ချင်ဘူး
ချစ်သူရဲ့မျက်နှာကိုပဲ
အနုလုံပဋိလုံ ကျက်မှတ်ဖို့
ငါကိုယ်တိုင် ဩဝါဒပေးပြီး
ငါ့အတွေးက တော်ရာကိုငေးစေတယ်။
ဆွေးမြည့်ကြေကွဲခြင်းတွေနဲ့ ခတ်မတည့်တဲ့အသည်းက
အချစ်နဲ့ပတ်သက်တိုင်း...
တဖျပ်ဖျပ်ကွဲကြေခဲ့ဖူးလို့
ရက်ရက်စက်စက်ထားသွားတဲ့
ငါ့ရဲ့ရည်းစားဟောင်းကိုပဲ
ကောင်းကောင်းကြီး လှိမ့်ကန်ပစ်ချင်တယ်
တွေးမိတိုင်း ဒေါသဖြစ်ရလွန်းလို့။

မြမြဖူး

"တောက်!"

ကဗျာကိုဖတ်ပြီး သူ ဒေါသဖြစ်စွာ တောက်တစ်ချက် ပြင်းပြင်း ထန်ထန်ကြီးခေါက်ပစ်လိုက်သည့်အခါ သူငယ်ချင်းဖြစ်သူ ထွန်းလင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



က တဟားဟားအော်ရယ်လေသည်။

"ဟား. . . ဟား. . . မင်းက ဘာတွေဒေါသဖြစ်နေတာလဲ ကျော်စည်သူရ၊ ကဗျာက ဖတ်လို့ကောင်းပါတယ်ကွ"

ထွန်းလင်းနိုင်စကားက သူ့ကို မီးလောင်ရာ လေပင့်သလိုဖြစ်သွားစေတာမို့ သူပိုပြီးဒေါသထွက်သွားမိသည်။

"ဘာဖတ်လို့ကောင်းတာလဲ၊ အရူးမ မြမြဖူး။ သင်းကများ ငါ့ကို လိမ့်ကန်ပစ်ချင်သလေး ဘာလေးနဲ့။ ခုချိန်ထိ သူက ငါ့ကိုအခဲမကျေဖြစ်နေတယ်ပေါ့လေ။ ဒါကို သက်သက်မဲ့ လူသိအောင်လုပ်တာ"

"ဒါတော့ မင်း တစ်ယူသန်တွေးလွန်းနေပြီ ကျော်စည်သူ။ မိဖူးက အခုဆို အောင်မြင်တဲ့ကဗျာဆရာမတစ်ယောက်ဖြစ်နေပြီ။ သူလည်း သူ့ခံစားချက်နဲ့သူ အနုပညာကိုဖန်တီးခွင့်ရှိတာပဲ။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ သူက ပရိသတ်အနိုင်အမာရထားတဲ့ကဗျာဆရာမနော်။ ကျောင်းတုန်းကလို မဂ္ဂဇင်းတိုက်တွေကို ကဗျာအတိုအစလေးတွေ လှည့်ပို့နေရတဲ့ တောက်တီးတောက်တဲ့ဘဝမဟုတ်တော့ဘူး။ သူ့ရဲ့လုံးချင်းကဗျာစာအုပ်တွေက လူငယ်တွေကြားမှာ အတော်လေးနာမည်ရနေပြီကွ။ ကျောင်းမှာတုန်းကသာ သူရေးတဲ့ကဗျာ ဖတ်မယ့်လူမရှိလို့ သူငယ်ချင်းတွေကို လက်ဖက်ရည်တိုက်ပြီး ဖတ်ခိုင်းရတာ အခုဆို သူ့ကဗျာတွေ





ဖတ်ချင်ရင် ပိုက်ဆံပေးပြီး စာအုပ်ဝယ်ဖတ်နေရတဲ့အခြေအနေရောက်နေပြီ၊ မင်းဘာသိလို့လဲ"

ထွန်းလင်းနိုင်စကားအဆုံး သူနှာခေါင်းရှုံ့လိုက်မိသည်။

"တော်စမ်းပါကွာ၊ သူ့ဟာသူ ဘာကြီးဖြစ်နေနေ စိတ်လည်းမဝင်စားဘူး၊ အထင်လည်း မကြီးဘူး၊ အခုဟာက ငါ့ကိုလာထိခိုက်နေလို့ ဒေါသထွက်နေတာ ကဗျာရေးတာ နိုးရိုးရေးပါလား၊ ရည်းစားဟောင်းကို လိမ့်ကန်မယ်ဆိုတော့"

"ဟော့ကောင် နေ့နေပါဦး၊ မိဖူးက သူ့ကဗျာထဲမှာ ရည်းစားဟောင်းကို လိမ့်ကန်ချင်တယ်လို့ရေးတာ မင်းသိက္ခာကိုဘာထိခိုက်လို့လဲကွ။ ကဗျာထဲမှာ ကျော်စည်သူကို ကန်ချင်တယ်လို့ ရေးထားတာမှမဟုတ်တာ"

ကျော်စည်သူက လျှောကျနေသောမျက်မှန်ကို နှာခေါင်းရိုးပေါ်သို့ လက်ခလယ်နှင့်ပင့်တင်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်ကာ. . .

"ဒီမှာ ဟော့ကောင်၊ အဲ့လိုရေးလို့ကတော့ အဲ့ငပေါမကို ငါကိုယ်တိုင် သွားသတ်မှာ။ အခုလည်း သူက စာရေးတာကို ကလောင်နာမည်သီးသန့်နဲ့ ရေးပါတော့လား၊ ဒီလိုမဟုတ်ဘဲ မြမြဖူးဆိုတာကြီး ထည့်တော့ ဒီကဗျာတွေကိုဖတ်မိတဲ့လူတိုင်း သင်း ငါ့ကိုစောင်းရေးတယ်ဆိုတာ သိ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ ကျောင်းမှာကတည်းက သင်းကြောင့် ငါ့ကို မေဂျာစုံ အတန်းစုံက သိထားတာကွ"

ပြောရင်း ကျော်စည်သူ အသံတွေက တုန်လာသည်။ ထွန်းလင်းနိုင်က ခေါင်းကို ဖြည်းလေးစွာခါရမ်းရင်း. . .

"မဟုတ်သေးပါဘူးကွာ. . . မြမြဖူးရဲ့ရည်းစားဟောင်းဆိုတာနဲ့ မင်းဖြစ်ရမှာလား။ တခြားလည်း ရှိချင်လည်းရှိမှာပေါ့။ မင်းတို့ ငါတို့နဲ့ တက္ကသိုလ်အတူတူတက်တုန်းက မရှိဘူးပဲ,ထား၊ ကျောင်းပြီးလို့ မင်းနိုင်ငံခြားထွက်သွားတာက ခြောက်နှစ်လောက်ကြာတယ်ကွာ။ ပြန်လာတော့လည်း မင်းတို့နှစ်ယောက် ပြန်ဆက်ဖြစ်တာမဟုတ်ဘူး။ အဲဒီကာလအတောအတွင်းမှာ မိဖူးလည်း ရည်းစားထားချင်ထားမှာပေါ့။ အသည်းလည်း ကွဲချင်ကွဲမှာပေါ့ကွ"

ထွန်းလင်းနိုင်စကားကြောင့် ကျော်စည်သူ အနည်းငယ်တည်ငြိမ်သွားသည်။ မျက်မှောင်ကြုတ်ထားရာမှ တဖြည်းဖြည်းပြေလျော့သွားပြီး ငြိမ်သက်တွေဝေစွာ စဉ်းစားနေပြီး အတန်ကြာမှ. . .

"မဖြစ်နိုင်ပါဘူး။ သူက ပုံစံသာ အချိုးမပြေတာ။ သစ္စာတော့ရှိတယ်ကွ။ သူ ငါ့ကိုပဲချစ်ခဲ့တာ"

ဟု အနည်းငယ် ဂုဏ်ယူဝင့်ကြွားဟန်နှင့် ပြောလိုက်သည့်အခါ





ထွန်းလင်းနိုင်က မသိမသာမဲ့လိုက်ပြီး. . .

"မင်းကိုပဲ သစ္စာရှိရှိချစ်တယ်ဆို၊ မင်းကရော သူ့ကိုသစ္စာရှိလို့လား။ ဟိုကပြန်လာပြီး ခုထက်ထိ တစ်ယောက်ပြီးတစ်ယောက်သာ ထည်လဲတွဲနေတာ မိဖူးကိုတော့ အဆက်အသွယ်မလုပ်ဘူးမှတ်လား။ အဲ့ဒီတော့ သူလည်း ရည်းစားတွေဘာတွေရနေရောပေါ့။ အသက်တွေလည်း ငယ်တော့တာမှမဟုတ်တာ"

"ဒါတော့ မဖြစ်နိုင်ပါဘူးကွာ။ သူ့မှာရည်းစားတွေဘာတွေရရင် ဒီလိုအသည်းကွဲကဗျာတွေ ရေးပါ့မလား။ ငါလည်း နိုင်ငံခြားရောက်နေတဲ့ကာလတစ်လျှောက်လုံး သူ့ကဗျာတွေနဲ့အဆက်ပြတ်တာမှမဟုတ်တာ၊ ဖတ်လိုက်ရတိုင်း လွမ်းဆွေးကြေကွဲနေတာတွေချည်းပဲ။ ပြီးတော့ ငါ့ကို မကျေမနပ်တာတွေကို သူက အစွမ်းကုန်ဖောက်ခွဲထားတော့ သူ့ကဗျာတွေက ပီပြင်သက်ဝင်ပြီး လူကြိုက်များကုန်တာပေါ့"

ကျော်စည်သူ့စကားအဆုံး ထွန်းလင်းနိုင်က အံ့ဩဟန်နှင့် မျက်ခုံးပင့်လိုက်ကာ. . .

"မင်း ဟိုကိုရောက်နေတာတောင် သူ့ကဗျာတွေဖတ်ရတယ်ပေါ့ ဟုတ်လား။ ဘယ်ကရလဲ"

"ဘယ်ကရ,ရမှာလဲ၊ မင်းကြီးတော်က သူ့ကဗျာတွေကို အင်တာ



www.burmeseclassic.com

www.burmeseclassic.com

နက်ဝက်(ဘ်)ဆိုက်မှာ တင်ထားတယ်လေ"

"ဪ. ဒီလိုကိုး။ ဒါဆို မင်း သူ့ကိုမမေ့သေးဘူးပေါ့။ ငယ်ချစ် ဦးရဲ့ကဗျာတွေကို သတိတရရှာဖတ်နေတယ်ဆိုတော့ မိဖူးကို မင်းချစ်နေဆဲပဲထင်တယ်"

ကျော်စည်သူက မဲ့ရွဲ့ရွဲ့တွရင်း လက်တွေခါကာ. . .

"တော်စမ်းပါကွာ၊ တွေးမိတိုင်း ကျောထဲကစိမ့်လာလွန်းလို့၊ မြမြဖူးဆိုတဲ့အသံကြားတိုင်း ထွက်ပြေးချင်စိတ်ပဲ ပေါက်လာရတာ"

ဟုပြန်ပြောလိုက်တော့ ထွန်းလင်းနိုင်ကပြုံးရင်း အတိတ်ကိုဆွေးဆွေးငေးငေးသတိရသွားပုံမျိုးနှင့်. . .

"ဘာပဲဖြစ်ဖြစ် တစ်ချိန်ကတော့ မင်းတို့နှစ်ယောက်ကို တက္ကသိုလ်မှာ သိပ်ချစ်ကြတဲ့စုံတွဲတွေအဖြစ် လူတိုင်းက မျက်စိနောက်ခဲ့ကြတယ်မဟုတ်လား။ အင်းလေ, တကယ်လည်းချစ်ခဲ့ကြတာပါပဲ"

ဟု ခပ်တိုးတိုးရေရွတ်လေသည်။

ကျော်စည်သူကတော့ ထိုအပြောအတွက် ခဏတာစိတ်မကောင်းသလိုလိုဖြစ်သွားပေမယ့် တဒင်္ဂအတွင်းမှာပဲ မြမြဖူး တောခဲ့ပေခဲ့ဆိုးမိုက်ခဲ့တာတွေကို ပြန်သတိရကာ ပခုံးတွန့်လိုက်မိလေတော့သည်။

လတ်တလောမှာ ရည်းစားအတည်တကျမရှိ နံပါတ်မချိတ်ရသေး





ဘဲ သုံးဆယ်ကျော်ဆိုတဲ့အသက်အရွယ်ကြောင့် လူပျိုကြီးဆိုတဲ့ဂုဏ်ပုဒ်လည်း ရထားတဲ့ကျော်စည်သူက ဆယ်ကျော်သက်လူငယ်ဘဝတုန်းက ငြိမ်ကုပ်နေခဲ့ရသမျှ အတိုးချကာပြီး လန်းလို့ကောင်းနေဆဲပင်ဖြစ်ပါသည်။ ဒီတော့လည်း သူ့အတွက် ရည်းစားဟောင်းဆိုတာ. . .

ဂ္ဂ ဂ္ဂ ဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီတစ်ခေါက် Shopping ထွက်ရတာတော့ အရင်ထက်ပိုပြီး လူတွေရှုပ်၊ ပစ္စည်းတွေစုံလာသလိုပါပဲလားလို့ စိတ်ထဲက မှတ်ချက်ချရင်း လက်မှာချိန်လာတဲ့ Dior အိတ်ကို တံတောင်ဆစ်နားရောက်အောင် တွန်းပို့ရင်း လက်ကလေးပိုက်က စမတ်ကျကျလျှောက်လာမိသော မြမြဖူးမှာ ရုတ်တရက် ပခုံးနားကနေ အရှိန်နဲ့ ဝှီခနဲပွတ်တိုက်ကျော်ဖြတ်သွားသောတစ်စုံတစ်ယောက်ကြောင့် လန့်သွားရလေသည်။

"အမယ်လေး! ဘုရား. . . ဘုရား. . . ဘာတုန်းဟဲ့"

လက်တစ်ဖက်က ရင်ဘက်ကိုဖိ၊ တစ်ဖက်က မျက်မှန်ကိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ရှေ့ကိုအထိတ်တလန့်ကြည့်လိုက်စဉ်မှာတော့ ခုနအရှိန်နဲ့ဟာက သူမရှေ့တည့်တည့်ကိုပြန်လှည့်ကွေ့ချလာတာမို့ နှုတ်ကလည်း အာမေဋိတ်တွေ ပေါင်းစုံရေရွတ်လိုက်မိ၏။

"တိုက်မိသွားသေးလားဟင်၊ ဆောရီးပါနော် အန်တီ"

အသံစူးစူး စွာတာတာသေးသေးလေးဖြစ်သလို လူကလည်း ပိန်ပိန် ဖြူဖျော့ဖျော့ဖြစ်နေသည့်ကောင်မလေးတစ်ယောက်။

သူမက အေးအေးဆေးဆေးအနားမှာရပ်ပြီး တောင်းပန်သည်မထင်ပါနှင့်။ လက်နှစ်ဖက်ကိုပူးဆုပ်ပြီး ခေါင်းလေးဆတ်ခနဲညွှတ်ပြကာ စကိတ်ကိုစီးရင်း အပြေးအလွှားသွားရင်းလာရင်း ဆောရီးလုပ်သွားခြင်းမျှသာ ဖြစ်ပါသည်။

"သြော်၊ ကလေးတွေနှယ် ကဲလိုက်တာ"

လို့စိတ်ထဲကတွေးရင်း ဆက်လျှောက်လာခဲ့သည်။ လျှောက်လာရင်းမှ ထိုကလေးမလေး၏ 'ဆောရီးပါနော် အန်တီ' ဆိုသည့်စကားကို ထပ်ပြီးကြားယောင်လာပြီး ဘေးနားမှာတွေ့ရသည့်တိုင်တစ်ခုမှ မှန်ကို မသိမသာငဲ့ကြည့်လိုက်မိ၏။

ငါက အန်တီခေါ်ရလောက်အောင်ပဲ ရင့်နေပြီလား။ အထက်အောက်ပေဒါရောင်ဝတ်စုံက နည်းနည်းများလူကြီးဆန်နေလို့လား။ အစား





အသောက်ကို မြိုးမြိုးမြက်တာပြီး ထိန်းလာသည့်ဘော်ဒီက ချပ်ချပ်ရပ်ရပ် ငယ်ငယ်ကလို သွယ်လျလျမဟုတ်တော့ဘဲ အနည်းငယ် တစ်တစ်တုတ်တုတ်ဖြစ်ချင်နေပေမယ့် လှနေတုန်းပါပဲ။

သူများအပျိုကြီးတွေဆို ဗိုက်ခေါက်တွေထွက်၊ လက်မောင်းသားတွေ တုတ်နေပြီ။ ငါက တော်ပါသေးတယ်။

မြမြဖူး၊ မှန်ရှေ့မှာ ရှေ့တိုးနောက်ငင်လုပ်ရင်း ကိုယ့်ကိုယ်ကို ဝေဖန်သုံးသပ်လို့ကျေနပ်တော့မှ ရှေ့ကိုဆက်လျှောက်လာခဲ့၏။ အင်း၊ ဒီလိုလူကြီးဆန်ဆန်ဝတ်စုံကြောင့် ငါ့ကို အန်တီခေါ်တာနေမှာပါ။ ပြီးတော့ မျက်မှန်နဲ့မို့ အသက်ကြီးပြီ ထင်သွားတာ။ ဆံပင်တွေကောက်ထားတာ ရုပ်များရင့်နေလား။

အို၊ ကာလာလည်း ချောကလက်ရောင်လေး သွင်းထားတာပဲ။ ဒီလောက်လည်း မဟုတ်သေးပါဘူး။

ကိုယ့်စိတ်ကို ချော့တစ်ခါခြောက်တစ်လှည့် ပြန်အားပေးပြီး ထောင့်ချိုးလေးတစ်ခုကိုကွေ့စဉ်မှာပဲ. . .

"ဟွန်း၊ တွေ့ကြသေးတာပေါ့ ဖိုးဖင်ရယ်။ သင်တန်းမှာတော့ ကေမှကေပါဆိုပြီး အသည်းအသန်ကြွေပြပြီး ဒီလိုဇယားချိန်းလို့ ဘယ်ရမလဲ၊ ကော့အကြောင်း သိသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟူသောကြိမ်းမောင်းသံလေးကြောင့် မြမြဖူး နောက်ကိုခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ခုန သူမကိုအနိုင်တိုလိုခေါ်သွားတဲ့ စကိတ်မယ်လေးကို။ အသံကလည်း တစ်ခါကြားပြီးရင် မမေ့နိုင်စရာ ဆည်းလည်းသံလို လွင်လွင်လေး။ ပုံစံကလည်း မြမြဖူးငယ်ငယ်ကအတိုင်း ဆတ်ဆတ်ကြဲ ခပ်ကဲကဲလေးပါပဲ။

သူမလေးက မြမြဖူးကိုမမြင်၊ မှန်တံခါးကိုလက်ထောက်ပြီး ပန်းသီးတစ်လုံးကို တဂွပ်ဂွပ်ကိုက်စားနေရင်းမှ ရှေ့ခပ်လှမ်းလှမ်းမှာ ကောင်မလေးတစ်ယောက်ကိုကြူနေသော ကောင်လေးကိုကြည့်ကာ ကြိမ်းမောင်းနေခြင်းတည်း။ မြမြဖူး ထိုအဖြစ်အပျက်ကလေးကို စိတ်ဝင်စားသွားတာမို့ အသာရပ်ကြည့်နေမိစဉ်၊ သူမလေးက. . .

"ကဲ, ဖိုးဇင် သစ္စာဖောက်၊ နင့်အတွက် ငါ့လက်ဆောင်ပန်းသီးလေး မြည်းကြည့်ပါဦး. . . ရော့"

ဟုဆိုကာ သူမလက်ထဲမှ စားလက်စပန်းသီးနှင့် ထိုကောင်လေး၏ နောက်စေ့သို့ချိန်ရွယ်ကာ ပစ်လိုက်လေတော့သည်။

"ဘုတ်!"

"အား. . ."





"ဟင်"

ပန်းသီးက ကောင်လေးဆီမရောက်ဘဲ သူ့ဘေးမှကောင်မလေး၏မျက်နှာသို့ တန်းတန်းမတ်မတ်ဝင်သွားလေတော့၏။

"အား, မျက်လုံး. . . မျက်လုံးကန်းပြီ"

"ဟင်, ဆုကော. . . ဆုကော၊ နင်ဘယ်လိုလုပ်လိုက်တာလဲ"

ကောင်လေးက သူမကိုမြင်တော့ ထိတ်လန့်အံ့သြကာ ဒေါသဖြစ်တာတစ်ဝက်နှင့် လှမ်းအော်လေသည်၊ ကောင်မလေးခမျာ မျက်နှာတည့်တည့်ကိုမှ မှန်သွားတာမို့. . .

"အား, သေပါပြီ၊ ဟင်, ဒါ. . . ဒါ ဘာပါလိမ့်"

"ခစ်ခစ်. . . ရယ်ရတယ်ဟေ့၊ ကောင်းလိုက်တဲ့ပစ်ချက်၊ မျက်တောင်တုပါ ကျွတ်ထွက်သွားတယ်"

အာဂကောင်မလေးပင်၊ ပန်းသီးနှင့်ပစ်ပြီး ဘယ်မှရှောင်မပြေးဘဲ ခပ်တည်တည်လက်ပိုက်ကြည့်ကာ ဟားတိုက်ရယ်နေသည်။

မြမြဖူးလည်း မနေနိုင်တော့၊ သူမလေးနှင့်အတူ ရောယောင်ကာ ရယ်မိတော့၏။

"ဟင်းဟင်း. . . ရယ်ရတယ်တော့"

"ခြောက်, အနိုင်တိုကို။ ရယ်, ရယ်, ပိုက်ဆံမပေးရဘူး၊ အသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျန်းမာနေပျိုတယ်။ ရယ်ထား''

သူမလေးက မြမြဖူးကိုလှည့်ကြည့်ပြီး အထက်ပါအတိုင်းပြော လိုက်ခြင်းတည်း။ ထိုအခါမှ သူမအပြောကို ပိုသဘောကျကာ မြမြဖူးထပ် ရယ်မိပြန်တော့သည်။

''တောက်, မိန်းကလေးဖြစ်လို့ပေါ့ဟာ။ လာ, စန္ဒီ၊ သွားမယ်''

ကောင်လေးက သူ့ကောင်မလေးကိုဆွဲခေါ်ကာ ထိုနေရာမှထွက် သွားသည်။ ပန်းသီးကြောင့် မျက်တောင်တဖက်ကျွတ်ပြီး အလှပျက် သွားကာ ကောင်မလေးမှာ မကျေမနပ် ဒေါသတွေ ထွက်နေရှာသည်။

ဆုကေကို အံမတုရဲသောကြောင့် နှုတ်ခမ်းလေးဖိကိုက်ပြီး မျက် စောင်းရွယ်ရုံရွယ်သွားပေမယ့် တဟားဟား တဟဲဟဲ ရယ်မောသဘော ကျနေသော မြမြဖူးကိုတော့. . .

''ဟွန်း, လူကြီးတန်မဲ့ သူများကိုလှောင်ချင်ပြောင်ချင်နေလိုက် တာ''

ဟုမဲ့ရွဲ့ကာ ပြစ်တင်ဝေဖန်သွားလေသည်။

''ဘယ်လိုလဲ အန်တီ၊ ကေ့ကိုကြွေသွားပြီမှတ်လား''

''ဘယ်. . . ဘယ်လို''

''ဩော်, ကေ့ကိုသဘောကျသွားပြီလားလို့မေးတာပါ''





''သမီးနာမည်က 'ကေ'တဲ့လား''

''ဆုကေခိုင်ပါ အန်တီ။ ကေလို့ပဲခေါ်ခေါ်၊ ဆုကေလို့ပဲခေါ်ခေါ် အဆင်ပြေသလိုခေါ်ပါ''

သူမလေးက ခုလိုကျတော့ ရည်ရည်မွန်မွန်နှင့် နှုတ်သွက်လျှာ သွက်လည်း ရှိလှသည်။ ခုမှတွေ့ရပေမယ့် သူမနှင့်စိတ်ခါတ်ချင်းစရိုက် ချင်းတူတာမို့ မြမြဖူး ဆုကေခိုင်ဆိုသည့်ကလေးမလေးကို သဘောကျသွား မိ၏။

''အန်တီ့တော့ ကေ့ကို မြင်မြင်ချင်း ခင်သွားပြီ။ သိလား''

သူမက သွားတက်ကလေးပေါ်အောင် ပြုံးလေသည်။ နဖူးကိုအုပ် မိုးထားသည့်ဆံပင်က တစ်ခြမ်းစောင်း မတိုမရှည် အချွန်လေးတွေနှင့် အီမိုစတိုင်(လ်)ရောနှောကာ ညှပ်ထားသော သူမဆံပင်ပုံစံလေးကိုက ချစ်စဖွယ်တည်း။ ဝတ်ထားတာလည်း ဂျင်း(န်)ပင်(န်)နဲ့ ကော်လာပါသည့် ရှပ်လက်ရှည်နှင့်၊ အပေါ်က ဂျင်း(န်)အင်္ကျီလက်ပြတ်လေး ထပ်ထားတာ မို့ ဒီဇိုင်းက ယောက်ျားလေးတစ်ယောက်လို ခပ်မိုက်မိုက်လေးပင်။

''ကေလည်း အန်တီ့ကို အရမ်းပဲခင်သွားပြီ။ အန်တီက အမိုက် စား, ချောတယ်နော်''

မြမြဖူးရဲ့အပြုံးမျက်နှာက ချိုအီနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေ, ဘာစားပြီးပြီလဲ။ အန်တီနဲ့တစ်ခုခုလိုက်စားလေ"

"OK...ကေလည်း ဗိုက်ဆာနေတာနဲ့အတော်ပဲ။ တစ်ခုခုသွားစားရအောင်"

သူမလေးနှင့်တွေ့ရတာ ရယ်မောပျော်ရွှင်ဖွယ်ပင်။ မုန့်စားခေါ်တော့လည်း ဟန်မဆောင်ဘဲ အားတက်သရောပါလာသည်။

"အန်တီ, ကိုးရီးယားစတိုင်(လ်) ပဲခေါက်ဆွဲပဲ စားရအောင်"

"သဘောပဲ၊ အန်တီကတော့ ရင်ပြည့်နေလို့ သစ်သီးဖျော်ရည်တစ်ခုခုပဲ သောက်တော့မယ်"

ဆုကေက မျက်မှောင်တစ်ချက်ကြုတ်ရင်း. . .

"အန်တီ ဝိတ်လျှော့နေတာတော့ မဟုတ်ပါဘူးနော်"

ဟုမေးလိုက်တာမို့ မြမြဖူးမှာ မလုံမလဲပြုံးရသေးသည်။

"မဟုတ်ပါဘူး။ အန်တီ တကယ်မဆာလို့ပါ။ ဒီနေ့ အိမ်မှာဟော့ပေါ့လုပ်တယ်လေ။ အဲ့ဒါတွေကြောင့် အန်တီရင်ပြည့်နေတာ။ အဟင်း"

"ဟော့ပေါ့, ဟုတ်လား။ အားပါး. . . သွားရည်ယိုလာပြီ အန်တီတို့အိမ်မှာလုပ်တာဆိုတော့ အန်တီက ချက်တတ်တယ်ပေါ့နော်"

"အင်း, ဟင့်အင်း. . . မေမေချက်တာ"

"ဩော်, နောက်တစ်ခါလုပ်ရင် ကေ့ကိုလည်း သတင်းပေးနော်။





ဟော့ပေါ့၊ ကြေးအိုး။ မုန့်တီ၊ မြီးရှည်၊ ကတ်ကြေးကိုက်၊ နန်းကြီးသုပ် အစုံကြိုက်တယ်။ ကေက အစုံစားသတ္တဝါ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ဒါနဲ့ ကေ အသက်ဘယ်လောက်ရှိပြီလဲ။ ကျောင်းတက်နေတုန်းလား"

"ကေက လောလောလတ်လတ် ဆယ်တန်းအောင်ထားတယ်။ ကွန်ပျူတာနဲ့အင်္ဂလိပ်စာ လေ့လာနေတယ်။ အသက်က ဆယ့်ခုနစ်နှစ်ထဲမှာ"

"အိုး, ငယ်ငယ်လေးပဲ၊ အန်တီဆို သုံးဆယ်ကျော်ပြီ"

"ကေ, မှန်းမိပါတယ်၊ အဲ့လောက်တော့ရှိပြီလို့"

ဆုကေ၏စကားကြောင့် မြမြဖူး မအီမလည်ဖြစ်သွားရသည်။ 'အန်တီက သုံးဆယ်တောင်ကျော်ပြီလား။ မထင်ရဘူးနော်၊ ဘာညာ'များ ပြောမလားလို့၊ မှန်းမိသားပဲတဲ့။

ဟင်း. . . မပြောချင်ပါဘူး။

"အန်တီက သုံးဆယ်သာကျော်တာ တကယ်လန်းတယ်နော်။ အသက်နှစ်ဆယ်အစိတ်အတိုင်းပဲ၊ ဒါပေမဲ့ အန်တီကို ရှိုးလိုက်တာနဲ့ အသက်အရွယ်အရ ရင့်ကျက်တည်ငြိမ်မှုတွေကိုတွေ့နေရတယ်လေ၊ ကေက အဲ့လိုအကဲခတ်လည်း တော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပဲခေါက်ဆွဲကို အားပါးတရငုံ့စားရင်းပြောလိုက်သော ဆုကေရဲ့ စကားကြောင့် သူမမျက်ခုံးပင့်လိုက်မိသည်။

ပြောလိုက်တဲ့စကားလုံးတွေက လူနဲ့မလိုက်၊ ကြီးကျယ်လှချည် လား ရှင်ဆုကေရယ်လို့သာ ကျိတ်ပြီးညည်းမိတော့၏။

အသက်အရွယ်အရ ရင့်ကျက်မှုတဲ့။

သူပြောပုံအရဆိုရင် သူမသာ ရုပ်ပလာထပြီး ဆက်ကော့လက် ကော့လေးလုပ်နေရင် ရှိရင်းစွဲအသက်ထက် ပိုနုနေမည့်သဘောရှိသည်။

"ကော့ကိုမြင်လိုက်တော့ အန်တီငယ်ငယ်ကပုံစံလေးကိုပြန်တွေ့ လိုက်ရသလိုပဲ၊ သိလား။ ပြီးတော့ ကော့ရဲ့အမူအရာလေးတွေက အန်တီ ငယ်ငယ်ကအတိုင်းပဲ"

"ဒါပေမဲ့ အန်တီ့လိုတော့ မလှပါဘူးနော်"

"ကဲပါ, မ၀သေးရင်လည်း စားချင်တာ ထပ်မှာ။ သိပ်မြှောက် မနေနဲ့"

သူမအပြောကြောင့် ဆုကေက ရှက်အန်းအန်းပုံစံလေးနှင့်ရယ် သည်။ ဘယ်လိုနေနေ ချစ်ဖို့ကောင်းပြီး လန်းဆန်းသွက်လက်နေသည့် ကောင်မလေးပါပဲ။

မလှပေမယ့် လူငယ်ပီပီ fresh ဖြစ်ပြီး ကြည်လင်နေသည့်





မျက်လုံးလေးက လုံးဝအပြစ်ကင်းစင်နေသည်။ ခုရယ်လိုက် ခုပြုံးလိုက် နှင့် စိတ်ထင်ရာကို ဘာမှဂရုမစိုက်ဘဲ လုပ်တတ်မည့်ပုံစံလေးကလည်း မြမြဖူးနှင့် အတော်လေးတူသည်။

အမူအရာတွေ စရိုက်တွေက ညီအစ်မ၊ တူ၀ရီးသာဆို လူတိုင်း ယုံလောက်၏။ ထိုအတွေးကြောင့် မြမြဖူး စိတ်ကူးတစ်ခုကို လျှပ်တစ် ပြက်ရလိုက်လေသည်။

ဟုတ်ပြီ။ ဒီလောက် ငါနဲ့အစစအရာရာတူနေတာ ငါ့သမီးလေး သာဆို ဟိုကောင် ကျော်စည်သူ,ယုံမှာ။

ဆုကေရဲ့ထူးခြားတဲ့အမူအရာလေးတွေထဲမှာ လှစ်ခနဲရယ်လိုက် ပြီး ချက်ချင်းဖျတ်ခနဲမျက်နှာတည်သွားတာက မြမြဖူးနှင့်အတူဆုံးပင်။

"အန်တီ ဘာတွေစဉ်းစားနေတာလဲ"

"ဩော်, ဘာမှမဟုတ်ပါဘူး။ ကော့ကိုကြည့်ပြီး အန်တီ့သမီးလေး သာဆို ကောင်းမှာပဲလို့တွေးနေတာ"

မြမြဖူးစကားကြောင့် သူမက မျက်မှောင်လေးတွန့်ရင်း. . .

"အဲ့ဒါဆို အန်တီ ငယ်ငယ်ရွယ်ရွယ်နဲ့အိမ်ထောင်ပြုရမှာပဲ။ အဲ့ ဒါမှ ကော့အရွယ်သမီးတစ်ယောက်ရမှာလေ။ အခု အန်တီ့အသက် ဘယ် လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆယ့်ခြောက်ပါတဲ့ရှင်"

"ဩော်၊ ဒါနဲ့ အန်တီက ဘာလုပ်တာလဲဟင်"

အခုမှပဲ အင်တာဗျူးမမနဲ့ လာဆုံနေရပြန်ပါပြီ။

"အန်တီက ကျောင်းပြီးကတည်းက ဘာမှမလုပ်ဘူး။ အိမ်မှာ ဒီအတိုင်းထိုင်စားနေတာ"

"ဟယ်! ဒါဆို အန်တီတို့က သူဌေးတွေပေါ့"

"အဲ့လိုလည်း မဟုတ်ပါဘူး။ အန်တီက ကဗျာတွေဘာတွေရေးတယ်လေ။ ပြီးတော့ သူငယ်ချင်းတစ်ယောက်ရဲ့မဂ္ဂဇင်းတိုက်မှာလည်း အယ်ဒီတာလုပ်တယ်။ သူများတွေလို ပုံမှန်အလုပ်မျိုးတော့ မဟုတ်ဘူးပေါ့။ ပိုက်ဆံလည်း အများကြီးမရဘူးလေ။ ဒါကြောင့် ကိုယ့်ကိုယ်ကို ထိုင်စားတယ်လို့ပဲပြောတာ"

"အန်တီက ကဗျာရေးတယ်? ကေသိတဲ့ကဗျာဆရာမများလား မသိဘူး။ ဒါနဲ့ အန်တီ့နာမည်လည်း ကေ.မသိရသေးဘူး"

"အန်တီ့နာမည်က မြမြဖူးတဲ့"

"ဟယ်! သိတာပေါ့။ အန်တီ့ကဗျာတွေ ကေသိပ်ကြိုက်တာ။ စာအုပ်ထဲမှာတောင် ကူးရေးထားသေးတယ်။ အန်တီက မဂ္ဂဇင်းတွေတင် မကဘူး ကဗျာစာအုပ်လေးတွေလည်း ထုတ်တယ်နော်။ အန်တီ့ကဗျာ





တွေတော်တော်များများက အသည်းကွဲနေတာ၊ နာကြည်းနေတာတွေချည်းပဲ။ အန်တီက ရည်းစားကိုစိတ်နာနေတာလားဟင်"

မြတ်စွာဘုရား! ဆုကေနဲ့တွေ့မှ သူမတစ်သက်လုံး ဖုံးသမျှတွေ လုံးဝပေါ်ရတော့မည့်အဖြစ်ပါလား။

အို့.မထူးပါဘူးလေ၊ မေးတဲ့လူရှိတုန်း အားရပါးရရင်ဖွင့်ပြလိုက်ဦးမှ။

"အဲ့လိုပဲပြောရမှာပေါ့။ အန်တီငယ်ငယ်က တက္ကသိုလ်မှာ သူနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်။ အကြောင်းကြောင်းကြောင့် သူနဲ့လမ်းခွဲလိုက်ရတယ်။ လမ်းခွဲတယ်ဆိုတာလည်း သူက အရင်, အန်တီ့ကိုထားသွားတာပါ။ သူနဲ့အန်တီ ချစ်သူတွေဖြစ်ခဲ့တဲ့ကာလတစ်လျှောက် ခဏခဏ ရန်ဖြစ်လိုက် လမ်းခွဲလိုက် ပြန်ဆက်လိုက်နဲ့ နောက်ဆုံး ကျောင်းပြီးသွားတော့ သူ နိုင်ငံခြားထွက်သွားတယ်။ အဲဒီကနေ လုံးဝအဆက်အသွယ် မရှိတော့တာပဲ"

"အန်တီ့ချစ်သူက အိမ်ထောင်ပြုသွားပြီလားဟင်"

"ဟင့်အင်း၊ သူအိမ်ထောင်မပြုသေးပါဘူး။ မတွေ့တာကြာပေမယ့် တစ်ယောက်အကြောင်း တစ်ယောက်သိနေတာပဲ။ သူငယ်ချင်းတွေက တစ်ဆင့် သူဘာလုပ်တယ် ဘယ်သူနဲ့တွဲတယ်ဆိုတာ သိနေရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



မြမြဖူးစကားကြောင့် ဆုကေက မျက်လုံးလေးပြူးရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ဒါဆို ဇာတ်လမ်းက ပြီးပြီလို့ပြောမရသေးပါဘူး။ တစ်ယောက်စိတ်ထဲမှာ တစ်ယောက်ရှိနေသေးတယ်ဆိုရင် ပြန်တွေ့ပြီး ပြန်ချစ်လို့ရတာပဲကို"

ဆုကေစကားအဆုံး သူမရင်ထဲမှာ ကာလအတန်ကြာသိုအောင်းထားရတဲ့ဒေါသတွေက ရုတ်တရက်ပွင့်ထွက်လာပြီး မျက်ရည်ပင် စို့လာရတော့၏။

"ပြန်လည်းမချစ်ချင်တော့ပါဘူးသမီးရယ်၊ သင်းအကြောင်းတွေးမိတိုင်း စိတ်နာလွန်းလို့။ အန်တီ သူ့ကိုချစ်နေဆဲ၊ မျှော်လင့်နေဆဲဆိုတာ သိသိကြီးနဲ့ ရက်ရက်စက်စက်ပစ်ထားတာတွေးမိတိုင်း ဒေါသထွက်တယ်။ အဲဒါကြောင့်မို့ အခွင့်သင့်တာနဲ့ ဘယ်လိုပညာပြရမလဲဆိုတာပဲ စဉ်းစားနေတာ၊ အခု ကေ့ကိုတွေ့လိုက်ရတော့ အန်တီ စိတ်ကူးတစ်ခုရလိုက်တယ်. . . သိလား"

ဆုကေက မျက်လုံးလေးပြူး၊ ခါးလေးမတ်ရင်း စိတ်ဝင်တစားဖြစ်သွားပုံနှင့်. . .

"ဟုတ်လား၊ ဘယ်လိုစိတ်ကူးရလိုက်တာလဲအန်တီ"





ဟုမေးလေသည်။

မြမြဖူး စားပွဲပေါ်မှာ လက်တင်မေးထောက်ရင်း နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်သည်။

"အခုတော့ မပြောသေးဘူး။ နောက်နေ့မှ ကေ့ကိုအိမ်အလည်ခေါ် ထမင်းဖိတ်ကျွေးပြီး အစီအစဉ်ကိုသေသေချာချာပြောပြမယ်။ ဘယ်လိုလဲ"

ဆုကေက လက်ဖျစ်တစ်ချက်တီးလိုက်က ဆံပင်လေးကို ဝဲခနဲခါတင်ရင်း. . .

"ဟား, ကောင်းတယ်အန်တီ။ အဲ့အကြံ မိုက်တယ်"

"ဒါနဲ့ ကေ,ကရော အန်တီအကူအညီတောင်းရင် ပေးမှာလား"

"လုံးဝမငြင်းပါဘူး။ ဒါမျိုးက ကေ့အကြိုက်ပေါ့။ စွန့်စားခန်းလေး ထည့်ပေးနော် အန်တီ"

"OK..."

ထို့နောက်တော့ သူမတို့နှစ်ယောက် လိပ်စာ၊ ဖုန်းနံပါတ်ချင်း အပြန်အလှန်ဖလှယ်ကာ နှုတ်ဆက် အိမ်ပြန်ခဲ့ကြလေတော့၏။ ရင်ထဲမှာ အပျော်လေးတွေကိုယ်စီနှင့်. . .

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်တာနှင့် မေမေ့လက်ရာဟင်းတွေက မစားရသေးခင် ရနံ့တွေက မွှေးပျံ့ကြိုင်လှိုင်နေတာ စိတ်ချမ်းမြေ့ကျေနပ်စရာပင်။

"နေ့တိုင်းပဲ မေမေ့လက်ရာကောင်းကောင်းတွေ စားနေရတော့ အလုပ်ရှုပ်ခံ အာရုံနောက်ခံပြီး မိန်းမယူစရာကိုမလိုတော့ဘူး"

ဟင်းချိုတစ်ဇွန်းကို အရင်ဦးဆုံးခပ်သောက်ပြီး ပြောလိုက်သော ကျော်စည်သူစကားကြောင့် မေမေက ထမင်းခူးထည့်ပေးရင်းမှ. . .

"မလိုပဲနေပါ့မလား မောင်ဖိုးကျော်ရယ်၊ လူဆိုတာ ထမင်းစားဖို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းနဲ့ အသက်ရှင်နေကြတာမဟုတ်ဘူးဟဲ့၊ မေမေကရော မင်းကို တစ်သက်လုံး ထမင်းချက်ကျွေးနေနိုင်မှာလား။ အချိန်တန်တော့ ကိုယ့်အိမ်ထောင်နဲ့ကိုယ်နေရမှာပဲ''

''ဟင်၊ ဒါဆို မေမေက သားကိုထမင်းဟင်းချက်မကျွေးဘဲ အိမ်ထောင်ပြုတော့မယ်ပေါ့''

မေမေက သူ့ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်ချလိုက်သည်။

''ငါက အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်းရောက်မှ အိမ်ထောင်ပြုစရာလားဟဲ့''

''မသိဘူးလေ၊ မေမေပဲ အချိန်တန်တော့ ကိုယ့်အိမ်ထောင်နဲ့ကိုယ် နေရမှာပဲဆိုတော့. . . ဟဲ. . . ဟဲ''

''ဘာ၊ ဟဲဟဲလဲ၊ အဲ့ဒါ မင်းအတွက် ပြောနေတာ။ အိမ်ထောင်ပြုဖို့အချိန်တန်တာက မင်း၊ ငါမဟုတ်ဘူး၊ သူများတကာတွေ ဒီအချိန်သားနဲ့မယားနဲ့ဖြစ်နေပြီ။ မင်းသူငယ်ချင်း ကျော်မင်းထိုက်တို့ မျိုးကိုတို့ပဲကြည့်၊ ကလေးတွေ နှစ်ယောက်၊ သုံးယောက်နဲ့၊ ဟိုတင်တင်လှဲ့သမီးလေးက မင်းထက်တောင်ငယ်သေး၊ သူ့သားက ဒီနှစ် ခုနစ်တန်းတဲ့။ တင်တင်လှဲ့တို့များ မြေးပြီးလို့ မြစ်ရဖို့တောင် နီးနေပြီ၊ မနေ့ကဆိုင်မှာ မရှိုသဲနဲ့တွေ့တယ်၊ သူ့သမီးအကြီးမလည်း ဘွဲ့တွေသာ တစ်ဘွဲ့ပြီးတစ်ဘွဲ့ယူနေတာ၊ ခုထိ အိမ်ထောင်ပြုနိုင်းလို့မရသေးဘူးတဲ့၊ မယူပါနဲ့ဦး၊ သဘော်တက်ပါဦးလို့ တားထားရတဲ့အငယ်ကောင်က ထယူတာ၊ အခု မင်္ဂလာဆောင်ပေးလိုက်ရတယ်တဲ့လေ၊ သားသမီးတွေများ၊ မယူပါနဲ့ဦး တားရင် ငမ်းငမ်းတက်၊ ယူပါပြုပါဆိုရင် ဆုတ်ဆုတ်ခါငြင်းလိုက်တာ၊ မိဘစကား နားထောင်ရမှာများ ဘယ်လိုကြောက်ကြမှန်းမသိဘူး''

''အဟမ်းဟမ်း. . . ဆိတ်သားနုပ်က နည်းနည်းငံနေတယ်နော် မေမေ၊ သိပ်မစားနဲ့၊ သွေးတိုးလိမ့်မယ်''

ကျော်စည်သူက ဆိပ်သားနုပ်အကြောင်းပြပြီး စကားလမ်းကြောင်း လွှဲကြည့်သည်။

''စကားမလွှဲစမ်းပါနဲ့ဟယ်. . . ဆိတ်သားနုပ်ကြောင့်တော့ သွေးမတိုးဘူး၊ မင်းကိုပြောဆိုမရတာနဲ့ ငါလည်း ရောဂါတက်မှာ''

လူကြီးတွေများ ခက်ပါ့။

သူတို့အလိုမကျရင် ရောဂါလေးနဲ့ခြိမ်းခြောက်လိုက်၊ အမွေဖြတ်မယ်ပြောလိုက်နဲ့၊ အချိန်တန်တော့ သူတို့ပဲ ခပ်ကောင်းကောင်း၊ သိပ်ချစ်ကြလို့ လက်ထပ်ချင်ပါတယ်ဆိုတာကျတော့ သဘောမတူဘဲ၊ အပူမရှာချင်လို့ အေးအေးနေတဲ့လူကျတော့ အိမ်ထောင်ပြုဖို့ကို နေ့တိုင်း သတိပေးနေတော့၏။







www.burmeseclassic.com

www.burmeseclassic.com



"ကဲပါမေမေရယ်၊ ထမင်းကိုအေးအေးဆေးဆေးစားပါဦး။ သား ကလည်း လုံးဝအိမ်ထောင်မပြုတော့ဘူးလို့ အပြတ်ငြင်းထားတာမှမဟုတ် တာ။ တစ်နေ့နေ့ အကြိုက်တွေ့ရင်တော့ ယူမှာပေါ့မေမေရာ"

"ဟဲ့၊ မင်းအကြိုက်က ဘယ်နေ့တွေ့မှာလဲ ဖိုးကျော်ရဲ့။ တစ် ယောက်နဲ့တွဲနေပြီသတင်းကြားလို့ စုံစမ်းလိုက်ပြန်၊ မင်းက တစ်ယောက် ပြောင်းလိုက်ပြန်။ ဒီကြားထဲ မုန့်အတူစား၊ ရုပ်ရှင်သွားကြည့်ရတဲ့ ဟို မရောက်ဒီမရောက်က ပါသေး၊ သူငယ်ချင်းဆိုပြီး တတွဲတွဲ၊ တစ်သက် နဲ့တစ်ကိုယ် မကြားဖူးပေါင်။ မိန်းကလေးတွေများ စိတ်ကူးတယ်ကောင်း၊ မင်းကလည်း ရည်းစားကိစ္စ၊ မိန်းကလေးကိစ္စ စိတ်မဝင်စားတာလည်း မဟုတ်တဲ့ သင့်တာကော်တာလေးကိုအတည်တကျယူဖို့ စိတ်ကူးပါတော့ လား၊ မကြီးမငယ်နဲ့ ဟိုလိုလိုဒီလိုလိုလျှောက်လုပ်နေတယ်။ တကယ်ပဲ စိတ်ညစ်စရာကောင်းလိုက်တာ"

မေမေစိတ်ညစ်သလို ကျော်စည်သူလည်း စိတ်ညစ်နေမိပါသည်၊ မျက်နှာချင်းဆိုင်မိတိုင်း အိမ်ထောင်ပြုရေးတရားတွေချည်း ဟောလွန်း လို့ စကားလုံးတိုင်းကိုအလွတ်ရနေပြီ။

သူကလည်း သူပါပဲ၊ အသက်သာ သုံးဆယ်ကျော် လေးဆယ်နီး လာပေမယ့် ရည်းစားတွေ ထည်လဲတွဲကောင်းနေတုန်းပင်။ တက္ကသိုလ်





ကျောင်းသားဘဝတုန်းက ဟိုသူ့ပုန်မ မိဖုးကိုလန့်နေရတာနှင့် ကောင်း ကောင်းမကဲရတာတွေကို ခုမှပဲစုပြီး ကဲခွင့်ရတာဖြစ်သည်။

တကယ်တော့ ကျော်စည်သူက အသက်သုံးဆယ်ကျော်မို့ အရွယ် နဲ့တင့်တယ်အောင် ရုပ်လက်ရှည်တွေ စတိုင်(လ်)ပင်(န်)တွေ ဝတ်ရပေမယ့် အင်္ကျီဆိုလည်း လူငယ်ဆန်ဆန်အရောင်လေးတွေနှင့် ခပ်မိုက်မိုက်ရှိုးထုတ် ပြီး အမြဲတမ်း gentleman ပုံစံ နေတာဖြစ်သည်။ ယခုထိ အားကစား လုပ်နေတာမို့ အသက်နှစ်ဆယ်ကျော်တုန်းကအတိုင်း ဘော်ဒီက တောင့် တောင့်တင်းတင်းနှင့် ကျစ်လစ်ကြံ့ခိုင်ပြီး မိန်းကလေးတိုင်း စွဲမက်နှစ် သက်ဖွယ်ဖြစ်နေတာ ဘာမှမဆန်း။

ဘီယာကြောင့် အနည်းငယ်စူချင်သလိုဖြစ်နေတဲ့ဗိုက်ကတော့ သူ့ ကို ပိုပြီးရင့်ကျက်ခန့်ညားစေသည်ဟုထင်သည်။

မည်သို့ဆိုစေ သူ့ပတ်ဝန်းကျင်မှာတော့ ကျော်စည်သူက အသား ဖြူဖြူ အရပ်မြင့်မြင့်နှင့် ချောမောသန့်စင်သည့်ရုပ်ရည်ကြောင့် ကောင်မ လေးတွေ စိတ်ကူးယဉ်သလို ကိုကြီးခေါ်ချင်စရာလည်းဖြစ်နေပါသည်။

"ဒါနဲ့ မစိုးသမီး ဝင်းလဲ့မွန်ကိုရော၊ သား ဘယ်လိုသဘောရလဲ ဟင်။ ကောင်မလေး မဆိုးဘူးနော်။ ရုပ်လည်း ချောတယ်၊ တလောက မှ PH.D ဘွဲ့ကို လတ်လတ်ဆတ်ဆတ်ယူထားတာ၊ အရမ်းမချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အနေအထိုင် တည်ငြိမ်အေးဆေးတာလေးကို မေမေသဘောကျတယ်။ ရိုးပေမယ့် ခေတ်နဲ့အညီ နေတတ်ထိုင်တတ်တယ်။ လိမ္မာရေးခြားရှိတယ်။ သားကိုလည်း သဘောကျမှာပါ''

မေမေ ဒီလောက်ညွှန်းနေရင် ကျော်စည်သူအတွက် ရှောင်လို့မလွတ်နိုင်တော့။

ဝင်းလဲ့မွန်က မေမေပြောသလို အဖက်ဖက်က ပြည့်စုံနေသည့် မိန်းကလေးတစ်ယောက်ဆိုပေမယ့် သူနှင့်သိပ်အကျွမ်းတဝင် မရင်းနှီးတာမို့ ရင်မခုန်သေးတာက ခက်သည်။ ဒါပေမဲ့ အရမ်းလှတဲ့မိန်းကလေးတစ်ယောက်ကိုချစ်ဖို့က သိပ်တော့အခက်အခဲမရှိနိုင်ပါ။

မြမြဖူးလို ဘရုတ်သုတ်ခကိုတောင် ချစ်နိုင်ခဲ့သေးတာပဲ။ ဒါကလည်း ငယ်သေးတော့ မရွေးတတ်သေးတာ ဖြစ်မှာပေါ့လေ။ တွေးရင်းသူမအကြောင်းက ပါလာတာမို့ သူခေါင်းကို ခပ်သွက်သွက်ရမ်းပစ်လိုက်မိသည်။

''ဟဲ့, အံမယ်, မင်းကများ ခေါင်းတွေဘာတွေခါလို့ ဟိုက ဘာငြင်းစရာရှိလို့လဲ။ ဒီလောက်ပြည့်စုံတဲ့မိန်းကလေးကိုမှမကြိုက်ရင် ဘယ်လိုဟာကို မင်းက မှန်းထားလို့လဲ''

''ဟာ, သား အဲ့ဒါကိုခေါင်းရမ်းတာ မဟုတ်ပါဘူး။ တခြားကိစ္စ





တွေ ခေါင်းထဲဝင်လာလို့ပါ။ မေမေပြောတဲ့ ဝင်းလဲ့မွန်ကိုလည်း သားသတောကျပါတယ်''

မေမေမျက်နှာက ကြည်ကြည်လင်လင်ပြုံးဖြစ်လာသည်။

''ဒါပေမဲ့ သားတစ်ယောက်တည်းသဘောကျနေရုံနဲ့ မပြီးသေးဘူးလေ မေမေရဲ့။ သူပါ သဘောကျမှဖြစ်မှာ''

''ဟုတ်တာပေါ့ သားရဲ့''

''အဲ့ဒါ သား သူ့ကိုလေ့လာကြည့်ဦးမယ်မေမေ။ သူနဲ့လူငယ်ချင်းရင်းနှီးမှုယူပြီးမှ တစ်ယောက်နဲ့တစ်ယောက် နှစ်သက်မြတ်နိုးလို့ လက်ထပ်ကြမှ သားတို့ရဲ့အိမ်ထောင်ရေးက သာယာမှာပေါ့''

''အမယ်လေးဟဲ့, စကားတွေတတ်နေလိုက်တာ။ အဲ့လောက်သိနေတာတောင် ခုထိ မိန်းမမရဘူး။ အံ့ညြပါ့''

မေမေက မဲ့ရွဲ့ပြောရင်း ထမင်းစားခြင်းကို လက်စသပ်ကာ ထသွားသည်။

''ဒါကတော့ သားကမှ မယူချင်သေးတာ။ သားယူချင်ရင် မိန်းမတွေမှ ပေါလို့''

''အေးအေး, အဲ့ဒီပေါတဲ့ထဲကပဲ တစ်ယောက်လောက် အဖြစ်ရှိရှိယူပြစမ်းပါ ဖိုးကျော်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ၊ မေမေသဘောကျနေတဲ့ကောင်မလေးကို သား နှလုံးသားက လက်ခံနိုင်အောင် မနက်ဖြန်ပဲ သွားလေ့လာလိုက်မယ်။ ဘာမှ မပူနဲ့"

"ကောင်းပါပြီတော်၊ မင်းသာ သေချာအောင်လုပ်၊ မေမေ့ဘက်က မင်္ဂလာဆောင်ပေးဖို့အဆင်သင့်ပဲ၊ ရှိတဲ့စည်းစိမ် ကုန်ချင်ကုန်သွားပါစေ၊ ကြိုက်တဲ့ဟိုတယ်,ရွေးပဲ"

စိန်ခေါ်မှုက ကြမ်းလှချည်လား. . .

ကျော်စည်သူ ရေသောက်ရင်း မျက်လုံးပင့်လိုက်မိသည်။

မေမေရွေးမလိုချင်တာလည်း အပြစ်တင်စရာတော့မဟုတ်ပါ။

သူ့အသက်အရွယ်အရ အတည်တကျလေးတော့ ဖြစ်သင့်ပြီထင်၏။

အင်းလေ, နောက်ဆုံးတော့ ရင်ခုန်ဘက်ဆိုတာ ထားခဲ့ဖူးတဲ့ ရည်းစားတွေမှမဟုတ်တာ။

မေမေရှာပေးတဲ့မိန်းကလေးကိုပဲ ရင်ခုန်ကြည့်ရတော့မှာပေါ့။

❦ ❦ ❦



## အခန်း (၄)

ဝင်းလဲ့မွန်ကို သူသွားတွေ့တဲ့အစီအစဉ်ကတော့ ခပ်ရိုးရိုးပဲဖြစ်သည်။ မေမေက ဘာပို့ခိုင်းလို့၊ ဘာမှာလိုက်လို့၊ ဘာအတွက် လာဖိတ်တာပါဆိုတဲ့အကြောင်းပြချက်တွေ လုံးဝမပါ။ မနေ့ညနေကတည်းက မေမေ့ဆီက ဖုန်းနံပါတ်တောင်းပြီး သူမဆီကိုဆက်သွယ်လိုက်တာပဲ ရှိသည်။

"ကျွန်တော်, မဝင်းလဲ့မွန်နဲ့တွေ့ချင်လို့ပါ"

ဆိုတော့ သူမက ရုတ်တရက်မို့ အံ့ဩနေသေးသည်။ ဒါပေမဲ့ သူမကလည်း အိုင်တီခေတ်ရဲ့အပျိုကြီးပီသစွာ အထာနပ် အကဲခတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဘာကိစ္စလဲ၊ ဘာလဲ" တစ်ခုမှမမေးဘဲ "ဟုတ်ကဲ့၊ မနက်ဖြန် အိမ်မှာ မရှိတယ်"တဲ့။

ဒီအထိ အခြေအနေက ဘာမှအပြစ်ဆိုဖွယ်မရှိသေး။ သူမက ကျော်စည်သူရဲ့အကြောင်းတွေကို မေမေကတစ်ဆင့် တီးမိခေါက်မိထားပြီးဟန်ရှိသည်။ အထာတွေက လုံးဝဖြူးပြီးသားပင်။

သူရောက်သွားတော့ သူမကို ရေချိုးခေါင်းလျှော်ပြီးစ၊ ဆံပင်တွေ ဖားလျားချလျှက် သနပ်ခါးဖွေးဖွေးလေးနှင့် ကျက်သရေရှိစွာ မြင်လိုက်ရတာမို့ ရင်ခုန်သံက နည်းနည်းမြန်ချင်လာသည်။

သနပ်ခါးရေကျဲလိမ်းထားတာဆိုပေမယ့် ဖြစ်သလိုမဟုတ်၊ ညီညီညာညာနဲ့ သပ်သပ်ရပ်ရပ်လေးဖြစ်သည်။

သူနဲ့အကျွမ်းတဝင်ရှိခဲ့ဖူးတဲ့မိန်းကလေးတွေထဲမှာ သနပ်ခါးလိမ်းတာဆိုလို့ မြမြဖူးတစ်ယောက်သာ ပါသည်။ သူမကတော့ ဝင်းလဲ့မွန်လို ဖွေးဖွေးမှုံမှုံလေးမဟုတ်။

ကြောင်ကြောင်ကြားကြား သနပ်ခါးအစင်းတွေပေါ်မှာ ပါးကွက်က အချိုးမကျ ထပ်ထားရသေးသည်။ နှုတ်ခမ်းနဲ့မျက်ခုံးပေါ်က သနပ်ခါးတွေကိုလည်း ဘယ်တော့မှမဖယ်ရှားတာမို့ တစ်ခါတစ်ရံ သရဲရုပ်ပင်





ပေါက်နေတတ်တာကို ပြေးသတိရပြီး သူပြုံးလိုက်မိ၏။

ပြီးမှ ဝင်းလဲ့မွန်ရှေ့ရောက်နေတာကိုသတိရကာ မျက်နှာကို ပုံမှန်တည်တည်လည်းမကျ၊ ပြုံးဖြဲဖြဲလည်း ဖြစ်မနေစေဘဲ ခပ်ချိုချိုလေးဖြစ်အောင် ပြန်ထိန်းလိုက်ရလေသည်။

"ကော်ဖီပဲ ဖျော်လိုက်မယ်နော် ကိုကျော်စည်သူ"

"ဟုတ်ကဲ့"

သူမက ဆံပင်ရှည်ကြီးကို ဝဲခနဲခါပြီး ထိုင်ရာမှထသွားတော့ မစိုမခြောက်ဆံပင်တွေဆီမှ Shampoo ရနံ့သင်းသင်းလေးကို ရလိုက်၏။ ပြီးတော့ make-up လား၊ milk lotion လား မကွဲပြားသည့် မွှေးရနံ့နှင့်ရောထွေးသော သနပ်ခါးရနံ့က ဧည့်ခန်းထဲမှာ ထုံကြိုင် ကျန်ရစ်ခဲ့သည်။

ဆံပင်ရှည်ပေမယ့် သူမက မြန်မာဆန်ဆန် ရင်ဖုံးတို့ လက်ရှည်ရင်စေ့တို့ ဝတ်မထားပါ။ ခပ်ပွပွနှင့် အသားအိအိ ချည်သားအကျီ်ပန်းရောင်နှင့် ကချင်လုံချည်အနက်စင်းလေးကိုသာ ဝတ်ထားသည်။ သူမပုံစံကိုကြည့်လိုက်တာနှင့် သူလာမှာမို့ တမင်ပြင်ဆင်ဝတ်စားထားတာမဟုတ်ဘဲ နဂိုအိမ်နေရင်းပုံစံနှင့်သာဖြစ်ကြောင်း သိလိုက်ရ၏။

ခဏအကြာ သူမက ကော်ဖီခွက်လေးကိုင်ရင်း ပြန်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးတော့ ကော်ဖီခွက်ချပေးပြီး အသံချိုလေးနှင့်. . .

"အန်တီခိုင်ရော နေကောင်းတယ်မဟုတ်လား"

ဟုမေးလေသည်။

"ကောင်းပါတယ်၊ ဒါနဲ့ မမွန်မိဘတွေရော မတွေ့ဘူးနော်"

"ဒီနေ့က ဖေဖေ့ရုံးပိတ်ရက်ဆိုတော့ မေမေနဲ့ ဘုရားသွားကြတယ်"

"သြော်, နှစ်ယောက်တည်းပေါ့"

သူမက ပြုံးလျှက်ခေါင်းညိတ်သည်။

"ကိုကျော်စည်သူရော အရောင်းအဝယ်အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ၊ ကိုယ်ပိုင်လုပ်ငန်းဆိုတော့ ရှုံးတာမြတ်တာတော့ ရှိတာပေါ့။ ဝန်းထမ်းတွေလို ပုံမှန်ဝင်ငွေတော့ မရှိပါဘူး"

ဝင်းလဲ့မွန်က တက္ကသိုလ်က လက်ထောက်ကထိကမို့ သူ့စကားကို သဘောကျစွာရယ်လေသည်။

"ပုံမှန်ဆိုပေမယ့် ဝန်ထမ်းဆိုတော့ ဝန်ထမ်းဝင်ငွေလောက်ပဲပေါ့။ သူဌေးတွေလိုတော့ ဘယ်အများကြီးရမှာလဲ"

"သူဌေးမဟုတ်ပါဘူးဗျာ။ သူဌေးဆို ဒီလိုအလုပ် ဘယ်လုပ်နေတော့မှာလဲ။ မဟုတ်ဘူးလား"





"ကိုကျော်စည်သူက စကားတတ်သားပဲ၊ ဒါကြောင့် အန်တီခိုင်က ပြောတာ"

"ဟာ, မေမေက ကိုယ့်အကြောင်းတွေပြောထားတယ်ဟုတ်လား။ ဘာတွေလဲ, ပြောမရဆိုမရထင်ရာလုပ်တဲ့အကြောင်းတွေလား"

"အဲလိုတော့လည်းမဟုတ်ပါဘူး။ စပ်မိစပ်ရာနည်းနည်းပါ။ မမွန်အကြောင်းတွေ ကိုကျော်စည်သူကိုပြောထားသလောက်ပေါ့"

သူ တအံ့တဩ မျက်ခုံးပင့်လိုက်မိပါသည်။ ဆရာမပီပီ ပွင့်ပွင့်လင်းလင်းပြောတတ်ဆိုတတ်ပုံရသော ဝင်းလဲ့မွန်က ခပ်တုံးတုံးထဲက မဟုတ်တာတော့ သေချာနေပြီ။

ဒါဆိုလည်း သိပ်တော့မဆိုးပါဘူးလို့ သူတွေးမိ၏။

မပွင့်တပွင့် ရှက်ကိုးရှက်ကန်း အပျိုကြီးဒီဇိုင်းဖမ်းနေတာထက်စာရင် ဒီလိုပြောရဲဆိုရဲရှိတာကမှ အစစအရာရာ ပိုအဆင်ပြေမည်ဖြစ်သည်။

"အဲ့ဒီတော့ မမွန် ကျွန်တော့်ကိုဘယ်လိုသဘောရသလဲ"

"ဘယ်လိုမှသဘောမရသေးပါဘူး။ မမွန်အမြင်မှာတော့ ကိုကျော်စည်သူက အရည်အချင်းရှိတဲ့လူတစ်ယောက်ပါ. . . အပြင်ပန်း အရည်အချင်းတွေအားလုံးပြည့်စုံတာလောက်ပဲ အကဲခတ်မိပါသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



သူတစ်ဖက်လှည့်ပြီး မသိမသာနှာခေါင်းရှုံ့လိုက်မိသည်။

သူမပြောပုံအတိုင်းဆို ကျော်စည်သူက အပြင်ပန်းအရည်အချင်းတွေတော်ပေမယ့် အတွင်းပိုင်းစိတ်ခါတ်က ဆိုးချင်လည်း ဆိုးနေမည်ဟူ၏။

အပေါ်ယံကောင်းပြီး အတွင်းမှာ လူမသိသူမသိ ပုပ်သိုးပွနေတဲ့ စိတ်ဓာတ်ကိုတွေ့အောင် သူမက ဘယ်လိုများ ရှုစားဦးမှာပါလိမ့်။

ကိုယ်က အကဲခတ်ဖို့လာပါတယ်ဆိုမှ သူမကချည်းလေ့လာမယ် တကဲကဲဖြစ်နေလိုက်တာ။ ရုပ်ရည်နဲ့အပြောအဆိုလေးကြည့်ပြီး ဖီးလ်ဝင်ချင်သလိုဖြစ်နေတာတောင် ပျောက်ချင်လာပြီ။

"ညေ့သည်လာမှာဆိုတော့ မနက်ကတည်းက စောစောထ ဈေးသွားပြီး ထမင်းဟင်းချက်ထားတယ်။ ထမင်းစားပြီးမှပြန်နော်"

"ဟုတ်ကဲ့, ကျေးဇူးပါပဲ"

သူမဘက်က သူ့ကိုစေတနာထား ကြိုတင်ပြင်ဆင်ထားမှုအတွက်တော့ အမှတ်ပေးလိုက်မိပါသည်။

"ဒါနဲ့ ကိုကျော်စည်သူက ဟိုမှာ ခြောက်နှစ်တောင် နေခဲ့တာနော်"

"ဟုတ်ကဲ့, ဒီကြားထဲမှာ သုံးနှစ်ပြည့်တော့ တစ်ခေါက်ပြန်လာသေးတယ်။ အဲ့အချိန် မမွန် ကျောင်းဆက်တက်နေတုန်းဖြစ်မှာပေ့ါနော်"





"ဟုတ်မယ်ထင်တယ်"

သူတို့နှစ်ယောက်မှာ စပ်မိစပ်ရာ သတိရတာလေးတွေ ထပြောလိုက်၊ ပြန်လည်တည်ငြိမ်သွားလိုက်နှင့် တစ်ခါတစ်ခါ ဘာစကားမှပြောစရာမရှိတော့သလို အေးစက်တိတ်ဆိတ်သွားတာ သုံးမိနစ်လောက်ပင်ကြာသွားတတ်သည်။

သူမက ကျော်စည်သူကို မေးခွန်းတစ်ခုချင်းမေးလိုက်၊ သူက အလိုက်သင့်ပြန်ဖြေလိုက်နှင့် သူမမေးနေပုံက psychotest လုပ်သည်နှင့်ပင် တူလာပါသည်။

"ကိုကျော်စည်သူက ဘာကြိုက်တတ်လဲဟင်"

"အကုန်ကြိုက်၊ အဲ, ဘာကိုပြောတာလဲ"

"ဟို, အစားအသောက်ကိုပြောတာပါ"

"ဩော်, အစားအသောက်က ဘာရယ်တော့မဟုတ်ဘူး၊ စားကောင်းတာဆို သဘောကျတာပဲ။ ငယ်ငယ်ကတော့ ချဉ်ငန်စပ်တွေကြောက်တယ်။ ပြီးတော့ အနံ့စူးတာတွေ ငံပြာရည်တို့ နံနံပင်တို့များများပါတာတွေ မစားဘူး။ ဟိုရောက်သွားတော့ နေ့တိုင်း ဥရောပစာတွေချည်းစားရတယ်။ ကိုယ့်ဘာသာ သီးသန့်ချက်စားဖို့လည်း မဖြစ်နိုင်ဘူးလေ။ အဲ့ဒီအခါကျမှ ကိုယ့်ဆီမှာ စားလို့ရတဲ့ငါးပိတို့၊ ငံပြာရည်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းတောင့်တလာတာ။ အခုတော့ ချဉ်ငန်စပ်ကိုကြိုက်တတ်လာပြီ''

ချဉ်ငန်စပ်ဆိုမှ ကျောင်းတုန်းကအဖြစ်အပျက်ကလေးကို သတိရသွားမိသေးသည်။

ကျောင်းကန်တင်း(န်)မှာ ထိုင်ကြတော့ မြမြဖူးက မုန့်တီမှာစားသည်။ ငရုပ်သီးစိမ်းတွေ၊ နံနံပင်တွေ၊ ငံပြာရည်တွေ နိုင်းချင်းထည့်ပြီးမွှေနေတာ မြင်ကတည်းက သူကြက်သီးတွေ တဖျန်းဖျန်းထနေခဲ့ရတာဖြစ်၏။

အပူအစပ်တွေ တအားမစားပါနဲ့ဆိုတော့ မယ်မင်းကြီးမက စိတ်ကောက်တော်မူသေးသည်။ ဒီမှာတင် ကိစ္စကမပြီး၊ နောက်နေ့ သူ့ဟင်းထဲ ငရုပ်သီးစိမ်းထောင်းတွေ လာခိုးထည့်ပြီး ပညာပြတာမို့ တစ်ပတ်လောက် ရည်းစားအဖြစ်မှ ရပ်စဲလိုက်ရလေသည်။ ထိုအဖြစ်အပျက်တွေက မနေ့တစ်နေ့ကလို စိတ်ထဲမှာ ပီပြင်အမှတ်ရနေတော့ အံ့ဩစရာ။

''ကိုကျော်စည်သူ, ကိုကျော်စည်သူ''

''အင်း. . . ဟင်. . . ဗျာ''

သူအတွေးလွန်နေရာမှ ခေါ်သံကြောင့် ပစ္စက္ခကိုအပြေးအလွှားသတိဝင်လာရ၏။

ဝင်းလဲ့မွန်က သူ့ကိုတအံ့တဩကြည့်ပြီး. . .





''ဘာတွေ ဒီလောက် စဉ်းစားနေရတာလဲ ကိုကျော်စည်သူရဲ့။ တကယ်ပဲတွေးငေးနေလိုက်တာ''

ဟု ပြုံးတုံ့တုံ့နှင့်ပြောလိုက်တော့ ကျော်စည်သူ ရှက်သွားမိကာ အတွေးထဲကို ဖွတ်အတင်းဝင်လာသောမြမြဖူးကိုပဲ မေတ္တာပို့လိုက်မိလေသည်။

''ထမင်းစားချိန်တောင် ရောက်နေပြီ။ မမွန် ထမင်းစားပွဲ သွားပြင်လိုက်ဦးမယ်။ သိလား''

''ဟုတ်ကဲ့''

သူမက ညှို့ဝတ်ကျော့ချင်သောပုံစံနှင့် ညှို့ခန်းထဲမှ ထမင်းစားခန်းဆီသို့ ခပ်သွက်သွက်ထသွားသည်။

ဆယ်မိနစ်လောက်ကြာမှ ပြန်ထွက်လာတော့. . .

''အားလုံးအသင့်ဖြစ်နေပြီ ကိုကျော်စည်သူ။ ထမင်းစားရအောင်''

ဟုခေါ်လေသည်။ သူ ရှက်အမ်းအမ်းပုံစံနှင့် သူမခေါ်ရာနောက်သို့လိုက်လာခဲ့၏။ စေတနာပါပါနှင့် ပြင်ဆင်ထားသော ထမင်းဝိုင်းလေးက စားချင်စရာပင်။

''ဟင်းတွေက မွှေးနေတာပဲ၊ မေမေ့လက်ရာအတိုင်းပဲ၊ မမွန်က အချက်အပြုတ်လည်း တော်တာပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း မပြောက်ပါနဲ့ရှင်။ ဟင်းက ဒါအကုန်ပဲ"

"ဟာ, ပြောက်တာမဟုတ်ပါဘူး။ တကယ်ကောင်းလို့ကောင်းတယ် ပြောတာပါ"

ဝင်းလဲ့မွန်က ရှက်ပြုံးနှင့်ခေါင်းငုံ့ရင်း ကျော်စည်သူ့ပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေးသည်။ ကျော်စည်သူကလည်း ဝင်းလဲ့မွန် မျက်နှာကိုကြည့်ရင်း ထမင်းစားနေပုံက တကယ့်ကြင်စဦးဇနီးမောင်နှံ လိုလိုဘာလိုလိုပင်။

ဝင်းလဲ့မွန်စိတ်ထဲတော့ ဘယ်လိုနေမည်မသိ။ သူ့စိတ်ထဲမှာတော့ ဒီလိုအခိုက်အတန့်အဖြစ်ကလေး တကယ်ဖြစ်လာရင်လည်း မဆိုးပါဘူး ဟု ကြည်နူးကျေနပ်စွာ တွေးနေမိ၏။

"ကိုကျော်စည်သူ စားလို့ကောင်းရဲ့လား။ ထမင်းထပ်ယူပါဦး"

"တော်ပါပြီ၊ အရမ်းစားလို့ကောင်းပါတယ်။ မမွန်က ဟင်းချက်တကယ်ကောင်းတယ်။ ကျွန်တော်က မေမေချက်တဲ့ဟင်းမှခံတွင်းတွေ့တာ။ ခုတော့ မမွန်လက်ရာက ကျွန်တော့်ရဲ့ဒုတိယအကြိုက်ဆုံးဖြစ်သွားပြီ"

"အဲ့လိုချီးမွမ်းတော့ ချက်ရပြုတ်ရလို့ ပင်ပန်းတာတွေ ပင်ပန်းရကျိုးနပ်တာပေါ့။ တော်တယ်ဆိုလို့ ကျေးဇူးပါပဲ"





"ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ ဒီလိုဟင်းကောင်းကောင်းနဲ့ ထမင်းကျွေးတဲ့အတွက်လေ"

သူတော့ ကံဇာတာ ကောင်းလာပြီထင်သည်။ ရုပ်ချော၊ သဘောကောင်းပြီး အိမ်မှုကိစ္စနိုင်နင်းသော ပညာတတ်မိန်းကလေးတစ်ဦးကို ဒီခေတ်ထဲမှာ အလွယ်တကူလက်ထပ်ခွင့်ရလျှင် သူ့လောက် ကံကောင်းတဲ့လူ ရှိပါ့မလား။

အတွေးနှင့်ပျော်ရွှင်နေတုန်း ဝင်းလဲ့မွန်က. . .

"ဪ, မေ့နေလိုက်တာ။ ကိုကျော်စည်သူကို အိမ်ထဲမှာလိုက်ပြစရာ တစ်နေရာကျန်သေးတယ်။ ခဏလေးနော်၊ မမွန် ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လေး လုပ်ထားတယ်။ အဲ့ဒီကိုယူသွားပြီး စကားပြောကြတာပေါ့"

ထမင်းစားပြီးတိုင်း မေမေက အသီးအနှံတစ်ခုခု စီစဉ်ကျွေးမွေးကျမို့ ကျော်စည်သူ့စိတ်ထဲမှာ တစ်ခုခုကိုစားချင်စိတ်ဖြစ်နေခိုက် ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ဆိုတာကြောင့် အကြိုက်တွေ့သွားရသည်။

သူမက နီညိုရောင်သစ်စေးသုတ်ဗန်းလေးနှင့် လက်ဖက်အုပ် ရေနွေးကရားတို့ကိုသယ်ပြီး ထမင်းစားခန်းမှထွက်ကာ ဧည့်ခန်းသို့မဝင်ဘဲ မျက်နှာချင်းဆိုင်အခန်းတစ်ခုထဲသို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ကိုကျော်စည်သူ။ ဒါ မမွန်နဲ့ဖေဖေရဲ့သီးသန့်စာကြည့်ခန်းလေးပေါ့။ အိမ်တစ်အိမ်မှာ စာကြည့်ခန်းတို့စာအုပ်တို့တော့ ရှိသင့်တယ် မဟုတ်လား။ ဒါမှ စိတ်ထဲမှာ ပြည့်စုံသလိုခံစားရတာယ်။ ဒီထဲက ကြိုက်တဲ့စာအုပ်တွေ့ရင်လည်း ပြောနော်။ အားမနာနဲ့ သိလား။ မမွန် ငှားလိုက်မှာပါ"

သူမစကားကြောင့် အခန်းပတ်လည်က နံရံကပ်စာအုပ်စင်တွေနဲ့အပြည့်ရှိနေသောစာအုပ်တွေကိုကြည့်ရင်း ရင်ထဲမှာ ဘာမှန်းမသိသည့် တစ်စုံတစ်ခုက တစ်ဆို့ဆို့ဖြစ်နေသလို ခံစားလိုက်ရလေသည်။

"ဘယ်လိုလဲ ကိုကျော်စည်သူ။ အံ့သြသွားတယ်မှတ်လား။ ဒီလို စာကြည့်ခန်းလေးဖြစ်ဖို့ မမွန် ရှစ်တန်းလောက်ကတည်းက ကြိုးစားစုဆောင်းခဲ့ရတာ။ အခုနေ ဒီအခန်းကို သိန်းတစ်ရာပေးပြီး ဝယ်မယ်ဆိုရင်တောင် မရောင်းနိုင်ဘူး။ ဒီထဲမှာ စာအုပ်တွေရဲ့သုံးပုံနှစ်ပုံက မမွန်စုထားတာ။ ကျန်တာက ဖေဖေ့စာအုပ်တွေပေါ့"

စာအုပ်တွေကို ယောင်နနနှင့်လိုက်ကြည့်ရင်း ဝင်းလဲ့မွန်ပြောတာတွေကို ခေါင်းတညိတ်ညိတ်နားထောင်နေရပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။

"ကဲ, ဒီမှာထိုင်၊ စားပွဲပေါ်မှာလည်း မမွန်ဖတ်လက်စ စာအုပ်





တွေ ရှိသေးတယ်။ ရေနွေးကြမ်းသောက်၊ လက်ဖက်လေးစားရင်း စာအုပ်တွေအကြောင်း ဆွေးနွေးတာပေါ့။ ကိုကျော်စည်သူ သဘောကျတယ်မှတ်လား"

"အင်း, အဟင်း. . . ဟို, ကောင်းပါတယ်"

အောင့်သက်သက်နဲ့ စိတ်ကျဉ်းကျပ်နေတဲ့မျက်နှာမျိုးမဖြစ်အောင် ထိန်းရင်း သူထိုင်ချလိုက်သည်။

"ဒီဘက်က ကဗျာစာအုပ်တွေချည်းပဲ။ ဟိုဘက်က အခြမ်းက သတင်းဆောင်းပါးဆိုင်ရာစာအုပ်တွေ၊ အဲ့ဒီဘက်မှာ ဖေဖေ့အကြိုက် ကမ္ဘာကျော်တွေရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်တွေနဲ့ သမိုင်းစာအုပ်တွေ ရှိတယ်။ ဒီဘက်မှာက မမွန်အသည်းစွဲစာရေးဆရာတွေရဲ့ဝတ္ထုနဲ့ကဗျာတွေ၊ အပေါ်ဆုံးအထပ်က ဘာသာပြန်တွေနဲ့ အင်္ဂလိပ်ဝတ္ထုတွေ၊ ဂျာနယ်, ခေတ်ဟောင်းသတင်းစာတွေလည်း ရှိတယ်သိလား။ ဖတ်ချင်ရင် မမွန်ယူပေးမယ်"

"နေ. . . နေပါစေ၊ ရပါတယ်"

"အားမနာပါနဲ့၊ မမွန်က စာအုပ်တွေကိုမြတ်နိုးပေမယ့် မတွန့်တိုတတ်ပါဘူး။ ဖတ်ချင်တဲ့လူကို ပေးဖတ်တော့ ကုသိုလ်တောင်ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ သဘောတွေစွတ်ကောင်းနေသော ဝင်းလွဲ့မွန်ကြောင့် သူ စိတ်ညစ်သွားမိသည်။ စာဖတ်တာလည်း ဝါသနာမပါ၊ မြမြဖူးနဲ့ပတ်သတ်ပြီး စာအုပ်တွေကိုပါ ရောယောင်စိတ်နာခဲ့တာမို့ လုံးဝမဖတ်ဖြစ်သလောက်ကို ရှိခဲ့တာပင်။

ယခုမှ ဘယ်လိုကံကြမ္မာအကျိုးပေးက ဆိုးလာသလဲမသိ၊ သူ မပတ်သတ်ချင်သောစာအုပ်တွေနဲ့မှ တည့်တည့်တိုးနေသည်။

"ကိုကျော်စည်သူ, ဒါကိုကြိုက်လားဟင်"

"ကြိုက်ပါတယ်၊ ပုစ္ဆန်ခြောက်တွေလည်း အများကြီးပဲ၊ အရမ်းစားကောင်းတယ်"

"ဘာ, ဘာကိုပြောတာလဲ၊ မွန်က ဒီကဗျာစာအုပ်ကိုပြောတာ၊ ဟိုတလောကမှ အသစ်ထွက်တာလေ။ ဒေင်လမ်းခွဲဆိုတဲ့ကဗျာစာအုပ်လေး အရမ်းကောင်းတယ်။ အမျိုးသမီးကဗျာဆရာက နည်းနည်းရှားတယ်။ အဲ့ဒီထဲကမှ မြမြဖူးကို မွန် အရမ်းသဘောကျတာ။ တကယ့်ရင်နဲ့ရင်းပြီးရေးတာတွေ၊ ခံစားမှုက လတ်ဆတ်တယ်။ ဘာမှန်းမသိအောင် အရမ်းတွေးတောရတာကြီးတွေသိပ်မပါဘဲ ပြောချင်တာကို ကာရံအချိတ်အဆက်မိမိရေးတာ၊ တစ်ချို့ကတော့ ပညာသားမပါဘူး။ လူငယ်အကြိုက်လို့ဝေဖန်ပေမယ့် မွန်က သရော်စာလေးတွေကို ကြိုက်တတ်





တော့ မြမြဖူးလက်ရာလေးတွေကို သဘောကျတယ်။ စာပေစကားနဲ့ပြောရရင် မွန်နဲ့က ရက်ဘတ်ချင်းနီးစပ်တယ်ပေါ့။ ယောကျ်ားတွေရဲ့အချစ်နဲ့ သူတို့ရဲ့ခံစားမှုသဘောသဘာဝကို ခွဲခြမ်းစိတ်ဖြာပြီး ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဦးစားပေးရေးတဲ့နေရာမှာတော့ မြမြဖူးက အတော်ဆုံးပဲ။ သူက ခံစားမှုတစ်ခုတည်းကိုဦးတည်ပြီး ရသအမျိုးမျိုးဖြစ်အောင်ရေးတာ ကိုကျော်စည်သူရဲ့၊ တစ်ချို့ဆို လွမ်းစရာ၊ ပြန်တွေးပြီး ကြည်နူးကျေနပ်နေတာလေးတွေ၊ ပြန်မရနိုင်တာကို မှန်းပြီးလွမ်းဆွေးနေရတာလေးတွေ၊ တစ်ချို့ကျတော့ နာနာကြည်းကြည်းနဲ့ မကျေမနပ်ပေါ့။ စကားလုံးနည်းနည်းနဲ့ ခပ်ကြမ်းကြမ်းရင်ဖွင့်ပစ်လိုက်တာတွေ၊ အဓိက,ကတော့ သူ့ရဲ့ရိုးသားမှုကိုချစ်တယ်"

သူ ခေါင်းညိတ်ရမလို ခေါင်းခါရမလိုနှင့် သူမပြောသမျှတွေကို မျက်လုံးအဝိုင်းသားနှင့် နားထောင်နေရပါသည်။

ကျော်စည်သူကံ ဘာမှပြန်မပြောတတ်သလောက် ဝင်းလွဲ့မွန်ကတော့ စာအုပ်တွေနဲ့ပတ်သတ်ရင် ထမင်းမေ့ဟင်းမေ့ဆွေးနွေးတတ်သူပင်ဖြစ်ရမည်။

ယခုလည်း ကျော်စည်သူ့မျက်နှာ ဘယ်လိုဖြစ်နေလဲအကဲမခတ်၊ သူမပြောချင်တာတွေကိုချည်း တွန်းပြောနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့လည်း တခြားစာအုပ်အကြောင်းမဟုတ်၊ သူအမြင်ကပ်လှပါသည်ဆိုသော ချဉ်ဖတ်မ မြမြဖူးကို အမွှန်းတင်သောစကားတွေချည်းဖြစ်နေသည်။

ချီးမွမ်းစရာ စာရေးဆရာတွေမှ ပေါလို့၊ ဝေဖန်စရာသုံးသပ်စရာ ဂန္ထဝင်ဝတ္ထု၊ ကဗျာတွေမှ ပေါလို့။ ဒါကိုတောင် ဘာမဟုတ်တဲ့ အစုတ်ပလုတ်မအကြောင်းချည်း ရွှေးပြောနေရအောင် သူနဲ့မြမြဖူး တက္ကသိုလ်တက်ခဲ့တဲ့လေးနှစ်လုံးလုံး ရန်ဖြစ်လိုက်ပြန်ချစ်လိုက်လုပ်ခဲ့တာတွေများ သူမသိနေရှာသလား။

ထိုအတွေးက စားပြီးသား ဖွယ်ဖွယ်ရာရာထမင်းဟင်းတွေကို လည်ချောင်းဝ ပြန်ဆန်တက်လာစေသည်။ ကျော်စည်သူ မသိမသာသက်ပြင်း ခိုးချမိသည်။

"ကိုကျော်စည်သူ့ကြည့်ရတာ စာအုပ်တွေကိုမချစ်သလိုပဲ"

"ဗျာ! "

သူ အံ့ဩတကြီး 'ဗျာ' လိုက်မိ၏။

ဘယ့်နှယ်, စာအုပ်တွေကိုချစ်ရမယ်လို့၊ စာအုပ်တွေက ချစ်စရာမှမဟုတ်တာ။ ကြဲကြဲဖန်ဖန် ဘာတွေမေးနေပါလိမ့်။

"သြော်, စာအုပ်တွေ တွေ့တာတောင် သိပ်စိတ်မဝင်စားသလို





လုပ်နေတော့လေ"

ဟုတ်တယ်၊ စာအုပ်တွေတွေ့တာပဲ ကမ္ဘာ့အလှမယ်နဲ့တွေ့ရတာမှမဟုတ်တာ။ ပြူးပြဲစိတ်ဝင်စားစရာလား။ စိတ်ထဲက ထိုသို့ရေရွတ်မိပေမယ့် တကယ်တမ်းကျတော့. . .

"ဟို, စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ မမွှန်နဲ့ကျွန်တော်က အကြိုက်ချင်းသိပ်မတူဘူးလေ။ အဲ့ဒါ. . . အဲ့ဒါကြောင့်ပါ"

"သြော်, ဒါများကိုကျော်စည်သူရယ်၊ ကိုယ်ကြိုက်တဲ့စာရေးဆရာအကြောင်းပြောပေါ့။ လွတ်လွတ်လပ်လပ်ဝေဖန်ခွင့်ရှိပါတယ်၊ မမွှန်လည်း မမွှန်ကြိုက်တာပြောတာပဲ".

"ကျွန်တော်က မမွှန်လို မြမြဖူးကိုမကြိုက်ဘူးဗျ"

"သြော်, ဘာလို့မကြိုက်တာလဲ။ သူက ယောကျ်ားတွေ သစ္စာမဲ့တဲ့အကြောင်း ဦးစားပေးရေးလို့လား"

"အဲ့လိုလည်း မဟုတ်ပါဘူး။ မကြိုက်ချင်လို့ မကြိုက်တာပါ။ ဟဲ. . . ဟဲ"

"ဒါဆို ကိုကျော်စည်သူက ဘယ်သူ့ကိုကြိုက်တာလဲ"

"အင်း, ဟို တခြားစာရေးဆရာ ကဗျာဆရာတွေတော်တော်များများကိုကြိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီထဲမှာ အကြိုက်ဆုံးတစ်ယောက်တော့ရှိမှာပေါ့။ ပြောပြပါလား။ မမွန်နဲ့များ အကြိုက်ချင်းတူနေမလားလို့"

ဒုက္ခပဲ။ ကျော်စည်သူ နေရထိုင်ရတာပင် စိတ်အိုက်လာရတော့သည်။ အကြိုက်ချင်းတူရင် ကြည်ဖြူပါ့မယ်ဆိုပြီးတော့များ အတင်းလိုက်မေးနေလားမသိ။ ဒီအတိုင်းဆို ကိုယ့်သိက္ခာမကျရေးတစ်ခုခုတော့ ဖြေရမည်။

ကြားဖူးနားဝရှိထားသော စာရေးဆရာနာမည်တွေ စဉ်းစားရ၏။ နာမည်ကြီးဖြစ်ဖို့လည်း လိုသေးသည်လေ။

"ဟိုဟို, ကျွန်တော် ဟိုစာရေးဆရာကိုကြိုက်တယ်။ ဒီဘက်ခေတ်မှာတော့ သူ့ရဲ့အရေးအသားတွေက မဆိုးဘူး။ လူငယ်ပီပီ ပေါ့ပါးသွက်လက်တဲ့အရေးအသားတွေနဲ့ အောင်မြင်လာတာ"

"ဩော်, လူငယ်စာရေးဆရာထဲကပေါ့။ ဘယ်သူများလဲ"

စိတ်ဝင်တစားမေးနေသော ဝင်းလဲ့မွန်မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး သူအသက်အောင့်လျက် ပြန်ဖြေလိုက်သည်။

"ဟို, ချစ်ဦးညိုလေ"

"ဆရာချစ်ဦးညို?"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သူပဲ"





ဝင်းလဲ့မွန်မျက်နှာကို ပြုံးပြုံးကြီးစိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

သူမက ကျော်စည်သူ့ကို ဆတ်ခနဲမော့ကြည့်ပြီး အသံမထွက်ဘဲ နှုတ်ခမ်းလေးလှုပ်ရုံ ဘုရားဘုရား ဟု တလိုက်လေသည်။ ထို့နောက် ဘာမှဆက်မပြောဘဲ စာအုပ်စင်ကိုငေးကာ ငြိမ်သက်ငိုင်တွေသွားတော့၏။ ထိုအခါမှ သူလည်း အကြီးကြီးမှားယွင်းလွဲချော်သွားချေပြီဟု တွေးကာ. . .

"ကျွန်တော် ပြန်ဦးမယ်။ ကိစ္စရှိလို့"

ဟု ကမန်းကတန်းနှုတ်ဆက်ပြီး ပြန်ပြေးခဲ့လေတော့သည်။

လမ်းတွင် တစ်ခါတည်းဆုံးဖြတ်လိုက်သည်က နောက်ဘယ်တော့မှ ဝင်းလဲ့မွန်နှင့်သွားမတွေ့တော့ဟူ၍ပင်။

၏ ၏ ၏



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟဲ့, ဘယ်လို၊ မင်းပြောတာ ငါနားမရှင်းဘူး ဖိုးကျော်၊ ပြန်ပြောစမ်း"

"ဘာကိုပြန်ပြောရမှာလဲမေမေရယ်၊ မေမေပဲမေးတယ်လေ, ဝင်းလှဲ့မွန်ကိုဘယ်လိုသဘောရလဲဆိုတော့ ဘယ်လိုမှသဘောမရဘူးလို့ ပြန်ပြောတာ။ မဖြစ်ပါဘူး မေမေရာ၊ ဘယ်လိုမှမဖြစ်ဘူး"

ကျော်စည်သူ့စကားအဆုံး၌ ဒေါ်နိုင်နိုင်မြင့်က တအံ့တဩဖြစ်သွားပုံနှင့်. . .

"ဘယ်လို, မင်းက ဝင်းလှဲ့မွန်ကိုသဘောမကျဘူး၊ ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာချို့ယွင်းချက်တွေရှိလို့ သဘောမကျရတာလဲ ဖိုးကျော်ရဲ့။ ပြောစမ်းပါဦး"

သူက မျက်မှောင်ကြုတ်ရင်း ခေါင်းရမ်းလိုက်၏။

"ဘာမှတော့မချို့ယွင်းပါဘူး။ သားနဲ့မဖြစ်နိုင်လို့ပါ။ ဝင်းလဲ့မွန်နဲ့သားက စိတ်သဘောထားချင်း ဘယ်လိုမှမတိုက်ဆိုင်ဘူးမေမေ"

ဒေါ်နိုင်နိုင်မြင့်က ပါးစပ်ထဲမှာ အရသာခံဝါးနေသော ပေါင်မုန့်ကြော်ကို အမြန်မျိုချကာ ကျော်စည်သူ့ကို မျက်လုံးပြူးနှင့်မော့ကြည့်သည်။

"ဖိုးကျော်"

ကျော်စည်သူကတော့ ဘာမှမဖြစ်လေဟန်နှင့် ခပ်အေးအေးပဲ ပိခင်စကားကိုနားစွင့်နေသည်။

"ဒီမယ် မင်းနဲ့စိတ်သဘောထားတိုက်ဆိုင်တဲ့မိန်းမမျိုးရော ဒီတစ်သက်တွေ့ပါဦးမလားဟင်"

အစကောင်းမှ အနှောင်းသေချာတဲ့။ သူ့အတွက်က မြမြဖူးနဲ့ကတည်းက လာဘ်ဦးမကောင်းခဲ့တာလေ။

စပြီးချစ်ခဲ့ရတဲ့ရည်းစားကိုက အချိုးမပြေတာ၊ ခုထိတောက်လျှောက်အဆင်မပြေဖြစ်နေရတုန်း။





"မတွေ့လည်း အေးတာပဲမေမေရာ။ အချိုးမကျတဲ့ထော်လော်ကန့်လန့်တွေနဲ့တွေ့ရင် မေမေပဲစိတ်ညစ်ရမှာ"

"အလိုတော်၊ ကျုပ်က မဆီမဆိုင် ဘာကိစ္စစိတ်ညစ်ရမှာလဲ"

"သား,မိန်းမယူရင် အဲ့ဒါမေမေ့ချွေးမဖြစ်မှာပဲ၊ အသုံးမကျထောင့်မကျိုးတာဆို မေမေလည်း စိတ်ဆင်းရဲရမယ်၊ သားလည်း တစ်သက်စာသွားရော"

"အမလေး! ဆင်ခြေပေးလိုက်တာ တန်းနေတာပဲ၊ တော်စမ်းပါ ဖိုးကျော်ရယ်။ ကိုယ်ကြေးများရင် များတယ်ပေါ့။ ရွေးလွန်းလို့မရဆိုတာ မင်းပဲဖြစ်မှာ။ ငါက အဲ့လိုဖြစ်မှာစိုးလို့ကို ဝင်းလဲ့မွန်လို ခြောက်ပြစ်ကင်းသဲလဲစင်မိန်းကလေးကို စိတ်ကြိုက်ရွေးထားတာ၊ မင်းအစွမ်းအစနဲ့ ရှာဖွေတွဲတဲ့အထဲမှာတောင် ဒီမိန်းကလေးခြေဖျား မိတာပါလို့လား။ ဒါတောင် သဘောမကျဘူးဆို မင်းက ဘယ်လိုဟာမှန်းထားလဲ၊ ပြောပါဦး"

"သားကတော့ ရင်မခုန်ရင် လုံးဝစိတ်မကူးဘူး"

"ဘာ,ဘာပြောတယ်။ မင်းအသက်အရွယ်နဲ့ ဒီစကားမျိုးပြောစရာလား။ ကိုယ့်ကိုယ်ကို ဆယ့်လေးငါးခြောက်နှစ် လူပျိုပေါက်ကလေးများ မှတ်နေလား"

"မငယ်တော့ပေမယ့် အိုဟာကြီးလည်းမဟုတ်သေးပါဘူးမေမေရာ။



www.burmeseclassic.com

www.burmeseclassic.com



သားစိတ်ကြိုက်လေးတော့ ရွေးပါရစေဦး''

ပြောသာပြောရသည်။ သိပ်တော့ အားမပါလှ။ မေမေ့လက်ရွေး စင် ဝင်းလဲ့မွန်က စံချိန်တော့ပြည့်ပါရဲ့။ သူဝါသနာမပါသော စာပေကို အရူးအမူးဝါသနာကြီးနေတာက ဆိုးလှသည်။

အပြစ်ကြီးတစ်ခုမဟုတ်သော်လည်း စာအုပ်တွေကိုမြင်တိုင်း ဟို အကြောင်းကြားမ မြမြဖူးကိုသတိရလွန်းလို့ နောက်ကျောမလုံဖြစ်ရသည်။

သူနဲ့မြမြဖူး အဓိကမတည့်ကြသည့်ကိစ္စထဲမှာ စာအုပ်တွေလည်း ပါသည်။ မြမြဖူးက သူဝါသနာပါရာ တဖွတ်ထိုးလုပ်သည့် တစ်ယူသန် သမား၊ ကျော်စည်သူကလည်း မှန်တယ်ထင်ရင် လုံးဝမလျှော့တတ်တဲ့ မာနကြီးကြီးလူစား။

ဒီတော့ ဘယ်လိုလုပ်လက်တွဲမြဲတော့မှာလဲ။

တောက်! တွေးရင်း အဲ့ဒီဂြိုလ်ကောင်မအကြောင်းက ပါလာရ ပြန်ပြီ၊ နေရာတကာ သင်းနဲ့ကို ရှောင်မလွတ်ဘူး။

အရေးထဲ ဝင်းလဲ့မွန်ဆိုသည့်အမျိုးသမီးကလည်း သူမကိုအဟုတ် ကြီးမှတ်ပြီး ကြိုက်နေသေး၏။

ခေတ်ကိုက ရူးမှတတ်၊ ထူးမှမြတ်သည့်ခေတ်ပဲလား မသိ။ မြမြ ဖူးလို ကဗျာရူးစာရူးတော့ ဘယ်လောက်မာနတွေတက်၊ ဘဝင်မြင့်နေပြီ





လဲ မပြောတတ်။

နိုင်ငံခြားက ပြန်ရောက်ပြီးကတည်းက တစ်ခေါက်မှလည်း မဆုံ ဖြစ်တော့ပါ။

ကျောင်းတုန်းက အရပ်ကြီးကလန်ကလားနှင့် ရုပ်အကျိုးဖိုးရိုးဖား ရားတွေသာဝတ်ပြီး အင်မတန်မှ ဖြူတ်စပြင်းတောင်းနိုင်လှသောမြမြဖူးက အပြင်အဆင်မတတ်ပေမယ့် နဂိုရုပ်လေးလည်းမဆိုး၊ မေဂျာတူ နေရာ တကာ စပ်စပ်ပါတာကြောင့် သူနှင့်အနေနီး ချစ်ကျွမ်းဝင်ခဲ့ရတာဖြစ် သည်။

ကျော်စည်သူက တက္ကသိုလ်တုန်းက မေဂျာကင်း(king)၊ တစ် ကျောင်းလုံး မသိသူမရှိလောက်အောင် ပေါ်လွင်ထင်ရှားသူတည်း။

ထို့အတူ မြမြဖူးက တစ်ကျောင်းလုံး အော့ကြောလန် တကယ့် လူပေလူရှုတ်စာရင်းဝင်သူပင်။ ဆရာမတွေလည်း သူမကိုမျက်စိနောက် လှပေမယ့် အနုပညာအရည်အသွေးကလေးမဆိုးတာမို့ ကျောင်းနှစ်ပတ် လည်မဂ္ဂဇင်းတို့ နံရံကပ်စာစောင်တို့မှာ သူမကို မပါမဖြစ် အရာသွင်း အရေးပေးရသည်။

ကျောင်းထဲမှာ ရန်းစုရန်းစုဆို သွားမကြည့်နှင့်၊ သူမက ရှေ့ဆုံးမှ ပါသည်။ အတန်းထဲမှာ ဟောင်ဖွာဟောင်ဖွာဆို နားမစွင့်နှင့်၊ သူမအသံ



www.burmeseclassic.com

www.burmeseclassic.com



က အကျယ်ဆုံး။

ဘယ်သူ့ကို ဘယ်လိုပညာပြနိုင်ကွပ်ရမလဲ၊ ဒုက္ခပေးရမလဲဆိုတာ တခြားလူတွေထက် သူမက ဥာဏ်နီဥာဏ်နက်ထွက်သည်။ ထိုစဉ်က ကျောင်းကို ကိုယ်ပိုင်ကားနှင့်လာသော ရုပ်ဖြောင့်ဖြောင့် မာနကြီးကြီး စတော်သောကျော်စည်သူကို မျက်မုန်းကျိုး အမြင်ကပ်နေသည်ဟူသော ပုဒ်မနှင့် ကားဘီးကို လေလျှော့သောလက်သည်မှာ မြမြဖူးပင်။

အဲ့သလို ဇရုတ်ဇရက် အရှုပ်အယှက်နှင့် ကံမကောင်းအကြောင်း မလှစွာ ချစ်သူတွေဖြစ်ခဲ့ရတာကို ပြန်တွေးမိလျှင် ကိုယ့်ကိုယ်ကိုပင် မယုံချင်အောင်ဖြစ်ရသည်။

သူမနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲရသည့်ဒဏ်ကို လိပ့်ငနအောင် ခံရပြီးပြီမို့ ဆုတောင်းတိုင်းပြည့်မယ်ဆို ဒီဘဝဒီမျှနှင့်သာ ဆုံချင်ပါသည်။ ဒါပေမဲ့ နှစ်တွေချီပြီးကြာတာတောင် သင်းအရိပ်ကမလွတ်၊ ရေစက်က မကုန်။ တနည်းနည်းနဲ့ လိုက်ဒုက္ခပေးနေသေးသည်။

တွေးမိတိုင်းဒေါသဖြစ်ရလွန်းလို့၊ အတိတ်သာ မေ့သွားချင်တော့၏။

မြမြဖူးဆို အဲ့သလောက်တောင်လန့်ရပါသည်။

ဏ္ဍ ဏ္ဍ ဏ္ဍ



## အခန်း (၆)

"ဟဲ့, ပုလုံး။ အိမ်ရှေ့မှာ ဘဲလ်သံ ကြားသလားလို့။ သွားကြည့်စမ်း။"

"ဟုတ်ကဲ့ ကြီးကြီး"

ဒေါ်သင်းစုရဲ့လက်စွဲ တောက်တိုမယ်ရ ကူဖော်လောင်ဖက် ကောင်မလေးပုလုံးက ရေသုတ်လက်စပန်းကန်တွေကို ခဏထားခဲ့ကာ အိမ်ရှေ့သို့ လှစ်ခနဲပြေးထွက်သွားသည်။

ပုလုံးက အဲ့ဒါမျိုးပြေးစမ်းလွှားစမ်းဆို သိပ်အားကိုးရသည်။ ဟင်းအမယ်စုံကို ဖြစ်ဖြစ်မြောက်မြောက်မချက်တတ်ရှာပေမယ့် ဈေးဝယ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းစုထက်တောင် စေ့စပ်ချင်သေးသည်။ အိမ်မှာ ဒေါ်သင်းစုနဲ့ မြမြဖူးကိုကြောက်လို့ ငြိမ်ကုပ်နေပေမယ့် သင်းက ခပ်စွာစွာလေးဖြစ်သည်။

ဆယ့်လေးနှစ်ဆိုပေမယ့် ဘာဝယ်ဝယ် ဈေးဆစ်ပြီး အလေးမပြည့်လျှင် ရန်ဖြစ်တတ်နေပြီ။ တော်ရုံဈေးသည်တွေကို ဒေါ်သင်းစုက စကားမပြောချင်လျှင် ပုလုံးကိုလူမိုက်ငှားလိုက်ရုံပင်။ တစ်ခါတစ်လေ အပျင်းထူပြီး အလွယ်လုပ်တတ်တာလေးတွေရှိပေမယ့် စိတ်တော့ချရသည်။ ဘာပဲဖြစ်ဖြစ် ပုလုံးဆိုသောအိမ်အကူကောင်မလေးက သမီးဖြစ်သူ မြမြဖူးထက်တော့ အိမ်မှုကိစ္စတွေမှာ သုံးလို့ရသေးသည်။ မဖုရားကတော့ မအေလုပ်သူ ခွေးကလုံးလုံးနဲ့ချက်နေချိန် အိပ်ရာထဲ နှပ်လို့ကောင်းတုန်းလားမသိ။

ညဘက်စာဖတ်တာ ညည့်နက်လို့ဆိုပြီး မနက်ကိုးနာရီ ဆယ်နာရီအထိ အိပ်ရာမထသောအကျင့်ဆိုးကလည်းရှိသေး၏၊ တစ်ခါတစ်လေ အိပ်ရာနိုးပြန်တော့လည်း လူက စောင်ပုံထဲက မထွက်၊ ကုတင်ပေါ်က မဆင်းဘဲ စာအုပ်တစ်အုပ်နှင့် အချိန်ဖြုန်းတတ်သေးသည်။

သူမသာ ဗိုက်မဆာသေးလျှင် မျက်နှာကို အိပ်ရာထပြီးပြီးချင်း သစ်ကောင်းသည်ဟုမထင်။ စာအုပ်ကိုင်ပြီး အိမ်သာထဲဝင်သွားလျှင်





တော့ မမျှော်နှင့်။

အနည်းဆုံး နာရီဝက်၊ တစ်နာရီကြာသည်။ အပြင်သွားစရာလာစရာမရှိလျှင် ရေချိုးပြီးတာတောင် မျက်နှာကို ဘာမှလိမ်းရကောင်းမှန်းမသိသလို စာအုပ်နှင့်သာ အချိန်ကုန်ပြန်သည်။ အဲ့သလောက် မိန်းမပီသသော မြမြဖူးရဲ့အမေဖြစ်ရတာလည်း ကုသိုလ်ကံတစ်မျိုး ထူးခြင်းပင်ဖြစ်၏။

ဘယ်လောက်ဆုံးမဆုံးမ ထင်ရာစိုင်းသော ဒုံးပေကပ်သပ်လူစားဖြစ်သည်။ ဖတဆိုးလေး။ တစ်ဦးတည်းသောသမီးလေးဆိုပြီး အလိုလိုက်ခဲ့သမျှ သူ ထင်တိုင်းပေဖို့တောဖို့ချည်း ဖြစ်လာတော့သည်။

အခုနောက်ပိုင်းတော့ အသက်ကလေး နည်းနည်းရလာလို့ နေချိုး ထိုင်ချိုးလေးကျလာသည်။ စရိုက်ကတော့ လုံးဝဖျောက်သွားတာမဟုတ်၊ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ခုအရွယ်ထိ အိမ်ထောင်မပြုဘဲ ဣန္ဒြေရရ အပျိုကြီးလုပ်နေတာလေးတော့ ချီးကျူးရသည်။ ပြီးတော့ မြမြဖူးက အပေါင်းအသင်းများများမထား။

စာအုပ်တွေကလွဲလျှင် တခြားကိုစိတ်ဝင်စားမှုတော့နည်း၏။ ထူးဆန်းတာတစ်ခုက အသက်ကလေးရလာလေ၊ တစ်နေ့တခြားလှချင်လာလေဖြစ်လာတာပင်။ တက္ကသိုလ်ကျောင်းသူဘဝတုန်းကတောင် သနပ်ခါး



www.burmeseclassic.com

www.burmeseclassic.com



ကို ပဲဟင်းအိုးမှောက်သလို ဖြစ်ကတတ်ဆန်းလိမ်းခဲ့ပြီး ခုကျမှ ဘယ်လို ကြောင့် လုချင်နေသလဲတော့မပြောတတ်။

ဟိုတစ်နေ့ကဆို. . .

''မေမေ၊ ဖူး,မျက်ကပ်မှန်လေးပဲတပ်ရင် ကောင်းမလားလို့''

ဟုတိုင်ပင်လာသေးသည်။

''ဘာဖြစ်လို့လဲ''ဆိုတော့. . .

''ဒီအတိုင်းနဲ့က ရုပ်ရင့်လို့'' တဲ့လေ။

ဘာပဲဖြစ်ဖြစ်၊ ဒီအရွယ်ဆိုတာ သူများတွေ သားတွဲလောင်းသမီး တွဲလောင်းဖြစ်နေကြတဲ့အရွယ်။

သမီးမြမြဖူးကတော့ လုလုပပ သိက္ခာရှိရှိ အပျိုကြီးလုပ်နေတော့ ဆိုတော့ သူမသဘောကျဝတ်တာစားတာ ပြင်တာဆင်တာလေးကို ခွင့် ပြုထားလိုက်ရသည်။

''ကြီးကြီးရေ့ ကောင်မလေးတစ်ယောက်၊ မကြီးညွှန့်သည်တဲ့''

ပုလုံးအသံစူးစူးလေးကြောင့် ဂက်(စ်)မီးဖိုခလုပ်ကိုလှည့်ပိတ်ရင်း ပုဇွန်တန်ပူရာကြော်ထားသောအိုးကိုချလိုက်ပြီး လှည့်ကြည့်လိုက်သည်။

''မိဖူးညွှန့်သည်,ဟုတ်လား''

ညွှန့်သည်ဆိုသောကြောင့် မနေ့ညနေက မိဖူးပြောခဲ့တာကို ပြန်





သတိရသည်။

''မေမေ, မနက်ဖြန် ဖူးညွှန့်သည်လာမှာ၊ ဟင်းကောင်းကောင်း ချက်ပေးနော်''

ဟုပူဆာလာတာမို့ ဒီမနက်စာဟင်းတွေကို ဖွယ်ဖွယ်ရာရာချက် ထားခြင်းဖြစ်သည်။

ဆိတ်ကလီစာဟင်းနဲ့ ပုစွန်ငါးဆုပ်၊ သီးစုံချဉ်ရည်က မြမြဖူး အကြိုက်။ ညွှန့်သည်လာမယ်ဆိုတာကြောင့် ဝက်အူချိုဟင်း၊ ပုစွန်တန် ပူရာ၊ ငါးခူကြော်နှပ်နှင့် မပါမဖြစ်အသီးအရွက်ကြော်ကိုတော့ မှိုကန်စွန်း လေး စီစဉ်ထားလိုက်သည်။

အခုတော့ မြမြဖူးညွှန့်သည်က လာနေပြီတဲ့။

''ကောင်မလေးတစ်ယောက်ဟုတ်လား, ပုလုံး''

''ဟုတ်ကဲ့၊ ပုလုံးနဲ့မတိမ်းမယိမ်းကောင်မလေးပါ ကြီးကြီး။ ပုလုံး ထက်တောင် ပိန်သေးတယ်။ ဖြူရော်ရော်လေး''

ပြောပြီး ပုလုံးက ခွိခနဲရယ်သည်။ သူမက ပုပေမယ့် နာမည်နဲ့ လိုက်အောင် ပုပုလုံးလုံးနှင့် ဝဝကစ်ကစ်လေးဖြစ်သည်။ ဒေါ်သင်းစုရဲ့ အကူလက်ထောက် စားဖိုမှူးတာဝန်ယူထားရသောကြောင့် ဟိုဟာချက် လိုက် မြည်းလိုက်၊ ဒီဟာကြော်လိုက် မြည်းလိုက်လုပ်ရင်း တစ်နေ့တစ်ခြား



www.burmeseclassic.com

www.burmeseclassic.com



အသီစုပြီး လုံးလုံးတစ်တစ်လေးဖြစ်လာရခြင်းပင်။

ပုလုံးနဲ့မတိမ်းမယိမ်းကောင်မလေးဆိုသောကြောင့် ဒေါ်သင်းစု အံ့သြသွားရသည်။ အဲ့ဒီအရွယ်ကောင်မလေးက ဘယ်လိုဖြစ်လို့ သမီးရဲ့ ညှို့သည်ဖြစ်နေရပါလိမ့်။

"ဟဲ့, ပုလုံး။ ဟိုမှာ ရေစစ်ထားတဲ့ကန်စွန်းရွက်တွေတွေ့လား။ အဲ့ဒါကို ဇကာထဲကနေ ဒီထဲပြောင်းထည့်ထား။ ကြက်သွန်ဖြူဆီသတ်ထားတဲ့ထဲကို မှိုထည့်ပြီး နွမ်းအိသွားအောင်ကြော်ထားပြီးမှ ကန်စွန်းရွက်ရော။ ညိုမည်းသွားအောင်မကြော်နဲ့နော်။ စိမ်းစိမ်းလေးကြော်ထား။ ငါ အိမ်ရှေ့သွားဦးမယ်။ နင့်မမကြီးရော နိုးပြီလား"

"မနိုးသေးဘူး ကြီးကြီး။ သွားနှိုးရမလား"

"နေနေ, သူ့ဟာသူ နိုးမှဆင်းလာပါစေ။ ငါ သူ့ညှို့သည်ဆီ သွားဦးမယ်"

ဒေါ်သင်းစု ထမင်းစားခန်းထဲမှထွက်တော့ အပေါ်ထပ်က ဆင်းသည့်လှေကားခြေရင်းမှာချထားသောကြွေပန်းအိုးကြီးနှင့် မကွယ့်တကွယ်ဖြစ်နေသောညှို့ခန်းကို အရင်လှမ်းမြင်ရသည်။

အဲ့ဒီနောက်တော့ ညှို့ခန်းထဲမှာ တစ်ယောက်ထိုင်ဆိုဖာအစိမ်းရောင်ပေါ်မှာ ဒူးတစ်လုံးပေါ် တစ်လုံးချိတ်လျက် လက်နှစ်ဖက်နှင့် ဒူးကို





ပိုက်ကာ ထိုင်နေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၏။ အပေါ်က စွပ်ကျယ်လိုအင်္ကျီအနက်ရောင်နှင့် ဒူးအတိဘောင်းဘီဖြူဖြူလေးဝတ်ထားတာမို့ အစိမ်းရောင်ပေါ်မှာ အဖြူရိုပ်က ထင်းခနဲပေါ်သည်။ ဆံပင်တွေက မျက်စိကိုထိုးတာထိုး၊ အုပ်တာအုပ်လျက် အသည်းယားစဖွယ်။ လက်နှစ်ဖက်လုံး အမည်းရောင်ကွင်းတွေ အထပ်လိုက် ဝတ်ထားပြီး ကြိုးသေးသေးရှည်ရှည်လေးပါသောဟန်းဖုန်းအိတ်ကို စလွယ်သိုင်းထား၏။

မျက်နှာဖြူဖြူညှဉ့်လေးမှာ ရောင်စုံကာလာမခြယ်ထားပေမယ့် မျက်လုံးတွေက မည်းမည်းတောက်နေသည်။ ဤသို့ အမြီးအမောက်မတည့်လှသော ဆင်ယင်ထုံးဖွဲ့မှုနှင့် ညှို့ခန်းထဲမှာ ခပ်တည်တည်ထိုင်နေသည့်ကောင်မလေးဟာ မြမြဖူးရဲ့အသိမိတ်ဆွေဆိုတော့ ဒေါ်သင်းစု မျက်လုံးပြူးသွားရ၏။

"ဒီက ကလေးမက သမီးဆီလာတဲ့ညှို့သည်လား"

"ဟုတ်ကဲ့၊ အန်တီမြမြဖူးက ကော့ကိုထမင်းစားဖိတ်ထားလို့ပါ"

"ဟေ,ဟုတ်လား"

တကယ့်လူကြီးလူကောင်းကိုမှရွေးပြီး အိမ်ကိုထမင်းစားဖိတ်လိုက်တာပါပဲလား။ အဲ့ဒီမြမြဖူးဟာ သူ့ဘာသာသူ နေချိုးထိုင်ချိုးမကျတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အပေါင်းအသင်းထားတာတောင် ကိုးရို့ကားရား ကိုယ့်သမီးလောက်ဟာလေးကိုရွေးထားပြီး အိမ်ကိုတောင် အထူးညှော်သည်လုပ်ပြီး-ဖိတ်လိုက်သေးသည်။

လာတဲ့လူကလည်း သူမကို အိမ်ရှင်မို့ မြမြဖူးအမေမို့ဆိုပြီး ရှိန်ကြောက်နေတာလည်းမရှိ၊ သူ့အိမ်သူ့ယာလိုသဘောထားပြီး လွတ်လွတ်လပ်လပ်နှင့် သက်တောင့်သက်သာကြီးကို နားနေလေတော့၏။

"ဒါနဲ့ကလေးမက သမီးနဲ့ဘယ်မှာများတွေ့ပြီး ခင်ကြတာလဲ"

"ocean ထဲမှာ ဈေးဝယ်ရင်း ခင်သွားတာပါ။ ဘွားဘွားက အန်တီ့မေမေလားဟင်။ ကေ့နာမည်က ဆုကေခိုင်ပါ"

"ဪ၊ ဒီကိုဘာနဲ့လာတာလဲ၊ အပြင်မှာလည်း နေတွေပူလိုက်တာ"

သူမက ခေါင်းလေးငဲ့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းမှ. . .

"လာတာတော့ မြင်းနဲ့ပဲ ဘွားဘွားရဲ့။ မြင်းက ဒီအထိမရောက်လို့ ဒီဘက်ကို ကားငှားလာရတာ"

"မြင်းနဲ့လာတာ၊ မြင်းနဲ့လာတယ်ဆိုတော့ ဘယ်. . . ဘယ်အရပ်ဒေသက လာရတာမို့လဲကွယ့်"





သူမလေးက ပါးစပ်ကိုလက်ကလေးနဲ့ကာရင်း ခစ်ခစ်တက်အောင်ရယ်လေသည်။

"မြင်းနဲ့ဆိုလို့ မြင်စိုင်း။ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်က လာတယ်မထင်နဲ့ ဘွားဘွားရေ၊ ကေတို့လမ်းထဲမှာ ငှားစီးလို့ရတဲ့မြင်းသမားလာလို့ စီးလာတာ။ သူက ဒီဘက်အထိတော့ ဝေးလို့မလိုက်နိုင်ဘူးတဲ့၊ အဲ့ဒါနဲ့ပဲ လမ်းတစ်ဝက်ကနေ Taxi ငှားလာရတာ. . . ဟဲ ဟဲ"

"ဪ၊ ဒီလိုလား"

ဖကတော့ သိပ်မခေ။ မြမြဖူးစရိုက်နဲ့ တစ်ထေရာတည်းနီးပါးတူနေသည်မို့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေကြလေပြီဟု ဒေါ်သင်းစု မှတ်ချက်ချမိသည်။

မြမြဖူးက စကားကို အဲ့လိုကပ်ဖဲ့ပြီး သူများမျက်စိလည်အောင်ပြောတတ်သည့်နေရာမှာ နှစ်ယောက်မရှိ။

"ဟော, ကေတောင် ရောက်နေပါလား။ ကြည့်စမ်း! အစောကြီးကိုရောက်လာတာပဲ"

"မစောတော့ပါဘူး အန်တီရဲ့။ နေ့လည်စာစားချိန်တောင် နီးနေပြီ"

"အံမယ်, lunch...အမီ လာခဲ့တယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



''အမှန်အတိုင်းဝန်ခံရရင်တော့ ဟုတ်တယ်''

သူတို့ချင်းပြောပြီး သဘောတကျရယ်မောလိုက်ကြသေးသည်။

''မေမေ ဒါ ဖူးသူငယ်ချင်း ဆုကေတဲ့။ ကေ, ဒါ အန်တီဖူးရဲ့ မေမေ ဒေါ်သင်းစု၊ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး။ ဝန်ထမ်းဘဝကနေ ပင်စင်ယူလိုက်ပေမယ့် အိမ်ထောင့်တာဝန်တွေကို ကျန်းမာပျော်ရွှင်စွာထမ်းဆောင်နေဆဲ စံပြအိမ်ရှင်မကြီးပေါ့။ အန်တီဖူးကို ထမင်းဟင်းချက်ပြုတ်ကျွေးနေတဲ့ မွေးသမိခင်လေ''

မိဖူးတို့လျှာရှည်ပုံကတော့ အဲ့လို။

''ကေ သိပါတယ်အန်တီရဲ့။ ဟိုနေ့က ဟော့ပေါ့ချက်တယ်ဆိုတာ ဒီဘွားဘွားပဲလားဟင်''

''ဟုတ်တယ်ဟုတ်တယ်. . . မေမေ, ဖူးက မေမေ့ဟင်းတွေဘယ်လောက်ကောင်းတာ၊ မုန့်တွေဆို ဘယ်လိုအရသာရှိတယ်ဆိုပြီး ကြွားထားတာနော်''

''ချက်ထားပါတယ်အေ။ ညှော်သည်ဆိုလို့ ငါက လူကြီးများလားမှတ်တယ်။ ညည်းက ကလေးနဲ့လည်း သူငယ်ချင်းဖြစ်လိုက်တာပဲနော်၊ ကဲ, ဒီမှာ စကားအေးအေးဆေးဆေးပြောကြဦး။ ကျုပ်, ဟင်းတွေပြီးအောင်မချက်ရသေးဘူး''





''ဘွားဘွား, ကေ ဘာကူပေးရမလဲဟင်''

''မေးတာနဲ့ပဲ ကျေးဇူးတင်လှပါပြီအေ. . . နေပါစေ''

ဆုကေက ဒေါ်သင်းစုအပြောကို သဘောကျစွာပြုံးရင်း မြမြဖူးကိုလှည့်ကြည့်သည်။ ဒေါ်သင်းစု ထွက်သွားတော့မှ. . .

''အန်တီ့မေမေက သဘောကောင်းတယ်နော်''

''အင်း,ဟုတ်တယ်၊ နည်းနည်းတော့ ဇီဇာကြောင်တယ်။ အန်တီကတော့ အိမ်မှာ ကလေးပဲ၊ ခဏခဏဆူခံထိတယ်''

''ဟုတ်လား။ ကေလည်း အိမ်မှာဆို အဆူအခံရဆုံးပဲ၊ ကေက မောင်နှမသုံးယောက်တောင်ရှိတာ၊ ကေ့အထက်မှာ အစ်ကိုချည်းပဲ နှစ်ယောက်။ ဖေဖေနဲ့မေမေက ဆူလိုက်၊ ကိုကိုကြီးနဲ့ကိုကိုလေးက အော်လိုက်နဲ့၊ တအားစိတ်လေရတာ သိလား။ အဲ့ဒါကြောင့် အိမ်မှာ မနေချင်တာ။ ညနေလူစုံရင် ပိုဆိုးတယ်''

နှုတ်ခမ်းလေး ရှုံ့ထော်ပြီး မကျေမနပ်ပြောနေပုံလေးက ကလေးဆိုးလေးလို ချစ်စရာကောင်းနေသည်။

တကယ်တော့ မိဘတွေအစ်ကိုတွေကို ဆူတယ်ဆိုပေမယ့် ဆူတဲ့လူရဲ့အပြစ်ချည်းပဲတော့ မဟုတ်တန်ရာပါ။

သူမကလည်း ဆိုးတာလေးတွေ ရှိလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ ကိုယ်ကဖြစ်သွားတာမို့ မြမြဖူးက မြွေမြွေချင်းခြေမြင်လိုက်ပြီးသားဖြစ်နေသည်။

"ဒါနဲ့ အန်တီ့ဇာတ်လမ်းလေး ကော ဘယ်တော့ကြားရမှာလဲဟင်"

"အခုပြောပြမယ်၊ ပြီးမှထမင်းစားတာပေါ့။ လာ, အန်တီ့အခန်းထဲလိုက်ခဲ့။ ဒီမှာက သိပ်မလွတ်လပ်ဘူး"

"ဟုတ်"

သူမက မြမြဖူးခေါ်ရာနောက် သွက်လက်တက်ကြွစွာပါလာသည်။

"အားပါး. . . မွှေးပြီး အေးစိမ့်နေတာပဲ၊ အန်တီ့အိပ်ရာက ရှုယ်ပဲနော်၊ ကော ခဏထိုင်ကြည့်မယ်ရလား"

"ထိုင်လေ, ထိုင်ကြည့်ပေါ့။ အေးအေးဆေးဆေးလှဲနေလို့လည်းရတယ်"

မြမြဖူးက မှန်တင်ခုံရှေ့မှာထိုင်ပြီး ခေါင်းဖြီးရင်း ပြောလိုက်ခြင်းဖြစ်သည်။ လှည့်မကြည့်ပေမယ့် ကုတင်ပေါ်ကို ဝမ်းသာအားရပစ်လှဲပြီး ဖြူဖွေးမွေ့ရာထူထူပေါ်မှာ လူးပ်စီလူးပ်စီလုပ်နေသောကော့ပုံစံလေးကို မှန်ထဲကနေ အတိုင်းသားမြင်နေရသည်။

"လန်းတယ်ကွာ၊ ဒီလိုအိပ်ရာမျိုးမှာအိပ်ပြီး အိပ်မက်လှလှမက်ပစ်ချင်တာ။ ကော့မှာက ဒီလိုမွေ့ရာကုတင်မရဘူး အန်တီရဲ့။ အရင်က





ဆို ကိုကိုတို့နဲ့တစ်ခန်းတည်းနေရတာ။ မွေ့ရာကို ကြမ်းပေါ်မှာပဲ ချခင်းထားတာ၊ အရင်ကတော့ အဲ့ဒီဖိုင်းပဲသဘောကျတာ၊ အခု ကိုယ့်အခန်းနဲ့ကိုယ်ဖြစ်သွားပြီဆိုတော့ ကုတင်လေးပါရှိရင် သိပ်ကောင်းမှာ"

သူမရဲ့ကလေးဆန်ဆန်အပြောကို သဘောကျစွာငေးနေခိုက် ဆုကေက မျက်နှာရှေ့မှာ လက်ညှိုးလေးထောင်ရမ်းရင်း. . .

"အဲ့လိုပြောတာ တစ်မျိုးမထင်ရဘူးနော်။ ကေက အန်တီ့လိုမျိုး တစ်နေ့ဖြစ်အောင်လုပ်မှာ။ ဒီလိုမျိုးလှတပတအခန်းလေးထဲမှာ စမတ်ကျကျနဲ့ပေါ့"

"ဟုတ်ပါပြီရှင်။ လောလောဆယ်နေချင်သပဆိုလည်း ဒီမှာလာနေ။ စိတ်မချစရာယောက်ျားသားလည်း တစ်ယောက်မှမရှိဘူး"

"ဟွန်း, ရပါလိမ့်မယ်၊ မေမေက ဘယ်မှညအိပ်ညနေမလွှတ်ဘူး။ ပူစရာမရှိ ကြံဖန်ပူတတ်တာ"

သူမမိသားစုအကြောင်း စကားစပ်မိလိုက်တာနှင့် သူမမျက်နှာလေးက ရှုပုပ်ရှုံ့တွသွားတော့သည်။

"ဒါဆိုလည်း ကော့မိဘတွေကို. . ."

"တော်ပါအန်တီရယ်၊ လုပ်မနေပါနဲ့။ ပင်ပန်းပါတယ်။ အခု အန်တီ့အတွက် အရေးကြီးတာ ဘာလဲ။ ကေကတော့ အန်တီ့ရဲ့ငယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနဲ့ နှစ်ပေါင်းများစွာကဖာတ်လမ်းကို စိတ်ဝင်စားနေပြီ''

''ပြောပြမှာပေါ့ကွယ်''

''ဒါဆိုလည်း အန်တီနဲ့အန်တီ့ချစ်သူတို့ ဘယ်လိုဆုံတွေ့ချစ်ကြိုက်ပြီး လမ်းခွဲလိုက်ကြသလဲဆိုတာ ပြောပြပါတော့''

''အင်း, တွေ့ဆုံချစ်ကြိုက်ဆိုတဲ့အထိတော့ မှန်တယ်။ လမ်းခွဲတယ်ဆိုတဲ့စကားက သိပ်တော့မမှန်ဘူး''

''ဘာဖြစ်လို့လဲဟင်''

''ဘာဖြစ်လို့လဲဆိုတော့ အန်တီနဲ့သူက ဒီနေ့အထိ မခေါ်မပြောဘဲနေကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် မေ့လိုက်ပြီ၊ မုန်းလိုက်ပြီဆိုတဲ့စကားမျိုးတွေပြောပြီး လမ်းခွဲ ပြတ်စဲလိုက်တာလည်း မဟုတ်ဘူးသမီးရဲ့။ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်လို့ စကားမပြောကြတာမျိုးပဲရှိတာ''

ဒါကတော့ မြမြဖူး အမှန်အတိုင်း ဝန်ခံလိုက်ခြင်းပဲဖြစ်ပါသည်။ ဆုကေက အံ့ဩဟန်နှင့် မျက်ခုံးလေးပင့်ကာ. . .

''ဟယ်, ဒါဆို အန်တီတို့က တရားဝင်လမ်းခွဲခဲ့တာမျိုးမရှိသေးဘူးပေါ့။ အဲ့လိုနေလာတာ ဘယ်နနှစ်ရှိပြီလဲဟင်''

''ဆယ့်နှစ်,နှစ်''





''ဘုရားရေ! ဆယ့်နှစ်,နှစ်ကြီးတောင်ရှိပြီ။ ခုထိ အန်တီ့စိတ်မှာ အဲ့ဒီရည်းစားဟောင်းကြီးက ရှိနေတုန်းပဲ။ ဟုတ်လား''

မြမြဖူး မျက်ရည်ဝဲချင်လာသည်။ ယခုချိန်ထိ ကျော်စည်သူ့ကို မျှော်လင့်နေသေးတာလည်းမဟုတ်ဘဲ မေ့လို့မရနိုင်ခြင်းက အတော်လေးထူးဆန်းပါသည်။

သူမရဲ့နှလုံးအိမ်ကိုက တစ်သက်မှာ တစ်ခါ၊ တစ်ကြိမ်မှာ တစ်ယောက်သာ စွဲမြဲချစ်တတ်သည့်အမျိုးအစားထင်ပါရဲ့။

''ဒါကတော့သမီးရယ်၊ ငယ်ကချစ် အနှစ်တစ်ရာလို့တောင် ဆိုရိုးစကားနဲ့တင်စားခဲ့တာပဲမဟုတ်လား''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီဆယ့်နှစ်,နှစ်တာကာလအတွင်းမှာ အန်တီ ဘယ်သူ့ကိုမှမချစ်ခဲ့မိဘူးလားဟင်''

မြမြဖူးက ခေါင်းကိုခပ်လေးလေးရမ်းလိုက်သည်။ ဆယ့်နှစ်,နှစ်ဆိုတဲ့ကာလဟာ တကယ်တမ်းပြန်တွက်ကြည့်လို့သာ ကြာခဲ့ပြီထင်ရတာ၊ တကယ်တမ်းတော့ ရက်ပေါင်းလေးထောင်ကျော်ကို ဖြတ်သန်းခဲ့ရတာ ဘာမှမဟုတ်သလို၊ ဘာမှလည်းမကြာလိုက်သလိုပါပဲ။

အထူးသဖြင့် ဘဝမှာ အမှတ်တရရှိခဲ့တဲ့နေ့စွဲက လက်ရှိအချိန်နေ့စွဲနဲ့ အမြဲလိုနီးစပ်နေလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဖြစ်အပျက်အားလုံးကို မနေ့တစ်နေ့က အတိုင်းပဲလို့ တင်စားလျှင်ရနိုင်ပါ၏။

"အန်တီ့ချစ်သူကရော ရည်းစားတစ်ယောက်မှမထားခဲ့ဘူးလား"

မြမြဖူး မျက်နှာလေးပြန်တင်းလာသည်။

"သူလား မထားမှာ။ အန်တီနဲ့လည်းပြတ်ရော ဖောင်းထဲက မြင်းလွှတ်လိုက်တဲ့အတိုင်းပဲ၊ ထားလိုက်တဲ့ရည်းစား၊ ခြောက်လကို တစ်ယောက်နှုန်းနဲ့တွဲတာ"

"အဲ့ဒါတောင် တစ်ယောက်နဲ့မှမညားဘူးဆိုတော့ ဟိုစကားပုံထဲကလို အသစ်တွေဘယ်လိုကောင်းကောင်း အဟောင်းကိုပဲ သူ့စိတ်က လည်နေလို့လားမှမသိတာ"

ထိုစကားက ခုထိ သူမရင်ကို ပူနွေးလှုပ်ခတ်စေနိုင်တာ အံ့ဩစရာပင်၊၊ ဒါပေမဲ့ လွမ်းတာရှိတိုင်း နာတာနဲ့ချေခဲ့ရတာ များပြီမို့။

"အဲ့လိုကြောင့်လည်း မဟုတ်ပါဘူး။ သူက ယောကျ်ားလေးတန်မဲ့ ပစ်ပစပ်ကလည်း များသေး၊ မာနက ခပ်လွင့်လွင့်၊ အတ္တကလည်း လုံးဝမလျှော့တတ်တဲ့လူဆိုတော့ ဘယ်သူနဲ့မှရေရှည်မဖြစ်ဘူးလေ။ ပြီးတော့ သူက ရန်ဖြစ်ပြီးရင် ဘယ်သူလွှန်လွှန် စချော့တဲ့အကျင့်မရှိဘူး။ ဒါကြောင့်ဖြစ်မှာပေါ့"





"အင်း, မချော့တတ်တဲ့လူနဲ့ရည်းစားဖြစ်ရတာတော့ သိပ်မမိုက်သေးပါဘူးအန်တီရာ၊ ဒါနဲ့ သူနဲ့အန်တီက ဘယ်လိုဖြစ်ပြီး ချစ်သူတွေဖြစ်ခဲ့ကြတာလဲ။ စိတ်သဘောထားချင်းလည်း မတိုက်ဆိုင်ဘဲနဲ့နော်"

ကျော်စည်သူနဲ့ ပထမဆုံးအကြိမ် မျက်လုံးချင်းဆုံခဲ့ကြတဲ့စက္ကန့်ကလေးကို ဖျတ်ခနဲပြေးသတိရသည်၊ အဲ့ဒီအချိန်တုန်းက သူမကလည်း မိုက်ကန်းကန်း၊ ဂျစ်တူးတူးပုံစံနှင့် သူကလည်း ဆောင့်ကြွားကြွား၊ ရှာဝင်းတင်းမျက်နှာထားနှင့်ဖြစ်သည်။ အရင်ဆုံး လှစ်ခနဲပြုံးပြမိသူက မြမြဖူး။ ချက်ချင်းလို ပြောင်းလဲချိုအီသွားတဲ့မျက်နှာကြောင့် အငိုက်မိအံ့ဩပြဟန်နဲ့ ငေးသွားရတာက ကျော်စည်သူ။

အသွင်မတူတဲ့တစ်ယောက်ရဲ့စရိုက်ကို တစ်ယောက်က မျက်မုန်းကျိုး အမြင်ကပ်စွာစိတ်ဝင်စားရင်း ချစ်ကြလေသတည်းဖြစ်သွားသည်။

တကယ်တော့ အသွင်မတူ အိမ်သူမဖြစ်ဆိုပေမယ့် အသွင်မတူမှ ကြင်သူတွေဖြစ်နိုင်ပါလိမ့်မည်၊ တစ်ယောက်က တင်းလျှင် တစ်ယောက်ကလျှော့၊ တစ်ယောက်လိုအပ်ချက် တစ်ယောက်က ဖြည့်စွက်ရင်း ရင်ခုန်သံ, သံစဉ်ညှိရတာပဲမဟုတ်လား။

မာနချင်းပြိုင်၊ အတ္တချင်းဆိုင်နေလျှင်တော့ တင်းလွန်းလို့ ပြတ်သွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စည်သူနဲ့မြမြဖူးက အသွင်မတူ မူကွဲ၊ စရိုက်ခြင်းကလည်း တစ်ခြားစီ၊ စိတ်ဓာတ်နဲ့ ခံယူချက်လည်း ခြားနားကာ ဝါသနာကအစ ဘာမှမတူသော ဆန့်ကျင်ဘက် အဖြူနဲ့အမည်းတွေဖြစ်ကြသည်။

နောက်ဆုံး တစ်ပိုင်းတည်းထိုင်မိလျှင်တောင် တစ်ယောက်က ကော်ဖီ၊ တစ်ယောက်က လက်ဖက်ရည်။ မရမကလိုက်ညှိပြီး တူကြ လျှင်တောင် ချိုစိမ့်နဲ့ကျစိမ့် ကွဲပြားသွားသေး၏။

အဲ့သလောက် စရိုက်ချင်းအကြိုက်ချင်း ကွဲပြားခြားနားနေသော သူတို့နှစ်ယောက် ဘာလို့များ စာသင်နှစ်လေးနှစ်တာမှာ လက်တွဲပြုခဲ့ ကြသလဲလို့ ပြန်ဆန်းစစ်လျှင် အဖြေက တစ်ခုတည်းထွက်၏။

ထိုအရာကား အချစ်ကြောင့်ပင်ဖြစ်သည်။

ပြန်တွေးမိတိုင်း သူမ ပြုံးပျော်ကြည်နူးရသည်။ ဝမ်းနည်းကြေကွဲ ရသည်။ စိတ်ဆိုးဒေါသဖြစ်ရသည်။ ဒါပေမဲ့ အရာအားလုံးကိုအမှတ်ရ စွာ တမ်းတအောက်မေ့နေဆဲဖြစ်၏။

ပြန်ပြောရမယ်ဆိုတိုင်း မမောပန်းနိုင်စွာ ပြောဖြစ်သည်။ အခုထိ ဘာဆိုဘာမျှမေ့လို့မရနိုင်သေးပါ။





'ဖုက်ဖဲ'

မထိတထိဆိုပေမယ့်
မကြာခဏ တို့ထိ ဖိနှိပ်နေရအောင်
ဟော်လိုဂစ်တာတစ်လက် မဟုတ်ဘူး
ခြောက်ကြိုး သီပေမယ့်
ဘဝက သံစဉ်မညီဘူး။
မတိမ်းမယိမ်းဆိုပေမယ့်
လိုသလို ပြင်ဆင် ဖွဲ့သီနေရအောင်
ကော်ပီသီချင်းတစ်ပုဒ်မဟုတ်ဘူး
မူပိုင်ခွင့်ပေးထားပေမယ့်
ဘဝက တေးသွားလိုမချိုဘူး။
ဝိပိရိရိဆိုပေမယ့်
ဘယ်သူမှမသိတိုင်း ဖြည့်စွက်နေရအောင်
အင်တာနက်က ဖြတ်ညှပ်ကပ်ပုံမဟုတ်ဘူး
သက်မဲ့ရုပ်သေဆိုပေမယ့်
ဘဝက အငြိမ်မနေရဘူး။
အမှတ်တမဲ့ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိတိုင်း လှည့်ကြည့်နေရအောင်
မြို့လယ်က ကြော်ငြာဘုတ်မဟုတ်ဘူး
အချိန်မရွေး ကျောခိုင်းသွားလို့ရပေမယ့်
ဘဝက နေရာတကျထားမရဘူး။
လိုသလို ယူငင်အသုံးချ
ယောဆုတွေ ရွှေ့ခဲ့ပြီးမှ
မျက်လှည့်ဆရာဦးထုပ်ထဲက ငှက်တစ်ကောင်လို
အစပေါ်၊ အစပျောက်...
ပဝါတစ်ကမ်း၊ ခြေတစ်လှမ်းမှာ
လမ်းရှမ်းအမိန့်ပေးလိုက်တိုင်း ပျောက်သွားရအောင်
နှလုံးသားမှာ အံဝှက်တံခါးမပါဘူး...။ ။

မြမြဖူး

ဣ ဣ ဣ



အခန်း (၇)

သူမပုံစံကိုကြည့်ပါဦး. . .

အငေးကမြင်ရုံနဲ့ ဘယ်သူဆိုတာ အတိအကျပြောနိုင်သည့် လှိုင်တက္ကသိုလ်ရဲ့ဗရုတ်သုတ်ခအကျဆုံးမြမြဖူး၊ ကျော်စည်သူလို မကျောကင်းရဲ့ချစ်သူဆိုတာ ကျမ်းကျိန်ပြောဆိုရမည့်ရုပ်။

ခပ်ရှည်ရှည်ဝတ်ထားသည့်ထဘီကိုမ,ရင်း လွယ်အိတ်စလွယ်သိုင်းလာပုံက ကျောင်းသူနှင့်လည်းမတူ၊ သနပ်ခါးလိမ်းပေမယ့် ကဗျာမဆန်၊ နှစ်ဖက်ခွဲကျစ်ဆံမြီးကျစ်လာသည့်ဆံပင်ရှည်တွေကလည်း ဘယ်လိုမှမဟာမဆန်နိုင်အောင် ပွယောင်းရှုပ်ထွေးနေသေးသည်။ လွယ်အိတ်



www.burmeseclassic.com

www.burmeseclassic.com



က ခပ်ဖောင်းဖောင်း၊ လက်ထဲမှာက ကဗျာစာအုပ်တွေ အထပ်လိုက် ပါသည်။

တက္ကသိုလ်ကျောင်းသူဖြစ်ပြီး ကန်တင်း(န်)မှာ ကဗျာစာအုပ်အော် ရောင်းရဲသောမြမြဖူးကိုတော့ အားလုံးသြချယူရသည်။ ဘယ်လိုမှလည်း တားမရ၊ စကားပြောတော့ ဘုဂလန့် ဂျစ်ကန်ကန်။ တစ်ခါတစ်လေခပ် ပေါပေါ။

စွာချင်တော့လည်း နှစ်ယောက်မရှိအောင် သူမက မိုက်ခဲလုပ် တတ်သေးသည်။ အတန်းထဲမှာတော့ သူမကိုဂျိုကာလို့ပင် နာမည်ပြောင် ပေးကြသည်။ စွယ်စုံရလို့တဲ့လေ။

သူမရှေ့ရောက်လျှင်တော့ ဂျိုကာမဟုတ်။ ဂျိုလီဖြစ်သွားရပြန် သည်။ မထင်ရင်မထင်သလိုပညာပြတတ်သည့် သူမရဲ့အကျင့်ကိုသိနေ တော့ ဘယ်သူမှအာမခံ အံမတုရဲ၊ ရန်မစရဲပါ။

ကျော်စည်သူ့ကိုတောင် သူမက အားပေးစကားဆိုသေး၏။

"မောင်နော် ဘယ်သူမှိုင်ငြိုငြို ဖူးကိုအရင်လာပြော၊ မောင် ရန်မဖြစ် နဲ့၊ ဖူးနဲ့တွေ့မယ်"တဲ့။

အဲ့သလိုမိန်းကလေးက သူ့ချစ်သူလေ။

ပြန်တွေးရင် ရယ်စရာက နည်းနည်း၊ ဒေါသဖြစ်စရာက များများ





ပါလာသည်။

ထားပါတော့. . .

ယခု သူမ ဘာဖြစ်လာသည်မသိ။

ထဘီကို မ,ပြီး လွယ်အိတ်စလွယ်သိုင်းနှင့် နှုတ်က ပွစိပွစိရေရွတ် ရင်း ကျောင်းထဲဝင်လာသည်။

အုတ်ခုံမှာ ထိုင်နေသည့်ကျော်စည်သူ့ကိုတောင် မမြင်။

"ဖူး. . . အရူး၊ ဘာဂါထာတွေ ရွတ်လာတာလဲ"

ထိုသို့သောခေါ်ပုံမျိုး ကျော်စည်သူတစ်ယောက်သာ ခေါ်လို့ရပါ သည်။ တခြားသူတွေ လိုက်မခေါ်လေနှင့်၊ တွေ့ရာနှင့်ကောက်ပေါက်လျှင် လည်း သူမက အလွန်လက်တည့်သည်။

"မပြောချင်ပါဘူးမောင်ရယ်၊ ဒီမနက် ဖူးကျောင်းလာတော့ ကား တစ်စီးလေ၊ အရှိန်နဲ့ ဘေးကဖြစ်သွားတာ ဝီခနဲပဲ၊ ဖူးကိုတိုက်မိတော့ မလို့၊ ကံကောင်းလို့ မသေတယ်၊ တော်တော်ရမ်းကားတဲ့ဟာတွေ"

စပါပြီ. . . သူမရဲ့မကျေမနပ်စကားတွေ။

"အဲ့ဒီတော့ ဖူးက မကျေနပ်ဘူးလား. . . ကားကိုမှတ်ထားပြီး ကျောင်းထဲကဆိုရင် လေသွားလေ့ျာ၊ ဘီးအောက်မှာ သံမှိုသွားချပြီး ပညာပေးလိုက်ပေါ့။ ဒါမှ ကားပိုင်ရှင်နဲ့ဇာတ်လမ်းတွေဖြစ်၊ ပြီးရင် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ညာဘာညာ''

မြမြဖူးရဲ့စုပုပ်ပုပ်နှုတ်ခမ်းလေးက တဖြည်းဖြည်း ကော့ညွတ်လျက် ပြုံးလာတော့၏။ အဲ့သလိုအဖြစ်မျိုးနဲ့ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြတာကို သတိရသွားမိ၏။

သူမက မိုးရေထဲမှာ ချာလီထီးကောက်ကြီးနဲ့ ထဘီကိုမပြီး ကိုးရိုးကားရားလျှောက်လာတုန်း ကျော်စည်သူ့ကားက ဘေးနားကအဖြတ်၊ ကံမကောင်းချင်တော့ ရေစပ်စပ်ဗွက်အိုင်ထဲ ဘီးကျပြီး သူမကို ရွှံ့ဗွက်တွေ စင်သွားစေသည်၊ ထိုစဉ်ကတော့ မောင်နှင့်ဆုံဖို့ cupid (ကျူးပစ်) ဖန်ဆင်းတဲ့ဗွက်အိုင်ထဲ ကားဘီးရောက်ခြင်းဟုမထင်ပါ။

သက်သက်မဲ့ သူမကိုရန်စသွားခြင်းဟုသဘောပိုက်ပြီး ကားဘီးကို လေလျှော့ကာ ဒုက္ခပြန်ပေးလိုက်သည်။ နဂိုကတည်းက တစ်ယောက်တစ်မျိုး ဂုဏ်ပုဒ်တွေကိုယ်စီနှင့် ကျော်ဇောထင်ရှားကြသူတွေမို့၊ တစ်ယောက်နဲ့တစ်ယောက် အမြင်ကပ်ခြင်းဖြင့် စိတ်ဝင်စားလက်စရှိခဲ့တာမို့ တကယ်တမ်းထိပ်တိုက်ဆုံရတော့ နှလုံးသားမျက်စိလည်ပြီး ရင်ခုန်မိရာက ချစ်သူတွေဖြစ်ကုန်၏။

အမှတ်မထင်တိုက်ဆိုင်မှုလေးရှိလာတော့ ထိုအဖြစ်အပျက်ကို သတိရပြီး မြမြဖူး မေ့မေ့မူးမူးလေး ကြည်နူးပျော်ရွှင်သွားမိသည်။ ဘယ်





သူမဆို ချစ်သူဖြစ်တဲ့အမှတ်တရကိစ္စဆို လေလည်တာလိုကိစ္စလေးက အစ သတိတရရှိနေတတ်ကြတာပဲလေ။

''မောင်ပြောသလိုသွားလုပ်ရင် ဖူး နောက်ထပ်ရည်းစားရသွားမှာပေါ့''

မြမြဖူးက မျက်လွှာချရင်း ပြုံးတုံ့တုံ့လေးပြောသည်။

ကျော်စည်သူက သူမမျက်နှာလေးကို ငုံ့ငဲ့ကြည့်ပြီး. . ,.

''ဘာဖြစ်လဲ၊ အဲ့ဒီအခါကျတော့ မောင်လည်း နောက်တစ်ယောက် ရှာလိုက်မှာပေါ့''

သူမက ခေါင်းပုတ်ခံလိုက်သောမြွေဟောက်လို ဆတ်ခနဲခေါင်းထောင်ကာ မျက်စောင်းရွယ်ရင်း. . .

''အဲ့ဒါဆို နင့်ကိုငါလိုက်သတ်မယ်၊ နားလည်လား''

ဟု စိတ်ဆိုးမာန်ဆိုးနှင့်ပြောသည်။

ကျော်စည်သူက ခေါင်းမော့ရင်း သဘောကျစွာရယ်သည်။

သူမက မျက်စောင်းလေးထိုးပြီး တစ်ဖက်လှည့်ပြုံးသည်၊ နောက်တော့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အော်ဟာစ်ရယ်မောမိတာပင်။

''မောင်, ကန်တင်း(န်) မသွားသေးရင် ဖူးနဲ့ ပထဝီဆောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ခဏလိုက်ခဲ့ပါလား''

''ဘာလုပ်ဖို့လဲ''

''အကြွေးသွားတောင်းမလို့''

သူ မျက်မှောင်ကြုတ်ရင်း နှာခေါင်းပါ ရှုံ့လိုက်မိသည်။

''အကြွေး၊ ဘာအကြွေးလဲ''

''ဩော်၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ မောင်ရယ်။ အကြွေးပါဆိုမှ ရစရာရှိလို့ပေါ့''

''ဖူးကလည်းဟာ၊ သိပ်ရှုပ်ရှုပ်ယှက်ယှက်လုပ်တာပဲ။ ပထဝီထိတကူးတက ဘာသွားလုပ်ထားလို့လဲ''

''ဩော်၊ ဒုက္ခ၊ ကဗျာစာအုပ်ဝယ်ထားလို့ အဲ့ဒါ သွားတောင်းမလို့မောင်ရဲ့။ လိုက်ခဲ့စမ်းပါ''

''မလိုက်ချင်ပါဘူးကွာ၊ ဖူးဘာသာသွား။ မောင် ကန်တင်း(န်)က စောင့်မယ်''

ကျော်စည်သူ့စကားအဆုံး သူမက လွယ်အိတ်ကြိုးကို တင်းခနဲဆွဲရင်း ပေစောင်းစောင်းပြန်ကြည့်သည်။ သူက မသိဟန်ဆောင်လျှက်တစ်ဖက်လှည့်နေ၏။

''မောင်၊ နင်နော်၊ ငါ့ကိုစိတ်တိုအောင် မလုပ်နဲ့။ လိုက်ဆိုလိုက်





ခဲ့ပါလား''

''ဖူး့သွားရောင်းတုန်းကတောင် မောင်မသိဘူး။ အခုလည်း ကိုယ့်ဘာသာကိုယ်သွားပေါ့''

မြမြဖူးက မျက်မှောင်ကြုတ်လျှက် သူ့ကိုအသေအချာကြည့်ရင်းက. . .

''အရင်က ကိုယ်ဘာသာသွားတယ်ဆိုတာ ငါ့မှာ ရည်းစားမရှိဘူး မောင်ရဲ့။ အခု ရည်းစားရနေပြီ။ ဘယ်သွားသွား အဖော်လေးတော့လိုက်ပေးပေါ့။ နင်ဘာသိလို့လဲ၊ ပထဝီက ထွန်းဝေမြင့်က ငါ့ကိုလိုက်ကြိုက်နေတာ''

''ဘာ! ''

သူ့ပုံစံက သဝန်တိုသွားခြင်းလား ဒေါသထွက်သွားခြင်းလား မသဲကွဲပါ။ ဒါပေမဲ့ အဲ့ဒီစိတ်ပါလက်ပါရေရွတ်တဲ့ဘာကိုပဲ သူမသဘောကျသွားရသည်။

''ဘယ်လိုလဲ မောင်၊ ဖူးကိုစိတ်မချတော့ဘူးမှတ်လား''

သူမ စိတ်ကြည်တယ်၊ မကြည်ဘူးဆိုတာ သူမကိုယ်သူမသုံးသော နာမ်စားကို နားထောင်ကြည့်တာနှင့်သိနိုင်၏။

စိတ်ဆိုးနေလျှင် 'ငါ'ဟုပြောပြီး ပုံမှန်ဆိုရင် 'ဖူး'ပြန်ဖြစ်သွားသည်။



www.burmeseclassic.com

တစ်ခါတစ်လေ ရုပ်ရှင်တွေကြည့်၊ ဝတ္ထုတွေဖတ်ထားပြီး စိတ်ကူးယဉ်နေချိန်ဆို သူမကိုယ်သူမ ''ချစ်''တဲ့၊ အဲ့သလိုအကြောင်းကြောင်းတွေလည်းရှိ၏။

''သေလိုက်ပါလား၊ ထွန်းဝေမြင့်ကကြိုက်တယ်ဆို ငါက အလိုက်ပေးပြီးတောင် အမ်းလိုက်ဦးမယ်။ နင်နဲ့ချစ်သူဖြစ်ရတာ သိပ်အလုပ်ရှုပ်တယ်''

''ဘာပြောတယ်? ''

''နင် နားကန်းနေသလား''

သူမ ပထမတော့ ကျော်စည်သူ့ကိုကြောင်ကြည့်နေသည်။ ထို့နောက် စလွယ်သိုင်းထားသောလွယ်အိတ်ကို နောက်သို့ပို့၊ ခါးထောက်လိုက်ကာ. . .

''အေး, အလုပ်ရှုပ်တယ်ဆိုလည်း ပြီးတာပဲ။ နင်ပြောတာနော်၊ ထွန်းဝေမြင့်ကိုအလိုက်ပေးပြီး အမ်းမယ်ဆိုတာ။ စကားနဲ့မပြောနဲ့ လက်တွေ့လုပ်။ ဒီမှာစောင့်နေ၊ တစ်လှမ်းမှမရွှေ့နဲ့။ ထွန်းဝေမြင့်ကိုခေါ်ပြီး ပြန်လာမယ်''

ဟုဆိုကာ သူမက ချာခနဲလှည့်ထွက်သွားသည်။

အစတော့ သူလည်းကြောင်တောင်တောင်ရပ်ကြည့်နေမိလေ၏။





ပြီးမှ ဦးနှောက်ထဲမှာ အရေးပေါ်လင်းလာသောအချက်ပြမီးကြောင့် သူမနောက် ကမန်းကတန်းပြေးလိုက်ရ၏။

သူမက သိပ်ဂရုစိုက်တတ်တဲ့သူမဟုတ်၊ ပြောရင်ပြောတဲ့အတိုင်းလုပ်မယ့်လူမျိုးမို့ ဘာမဟုတ်တဲ့စကားတစ်ခွန်းကနေ သူများပြောစရာတွေဖြစ်ကုန်တော့မှာကိုလန့်ပြီး သူ နောက်က ပြေးလိုက်ခြင်းပင်ဖြစ်သည်။ သူမနှင့်ပြတ်သွားမှာထက် ပြဿနာတက် အရှက်ကွဲမှာကို ပိုကြောက်မိခြင်းဆိုလျှင် မှန်လိမ့်မည်။

''ဖူး,ဖူး?ခဏနေဦး''

သူမက ဆတ်ခနဲငဲ့စောင်းကြည့်ပြီး ဆက်လျှောက်သွား၏။ မိန်းကလေးပေမယ့် ခေါသတကြီးလျှောက်နေသောသူမခြေလှမ်းတွေကို တော်တော်နှင့်လိုက်မမီပါ။

''ဖူး, ငါ အဲ, မောင်တောင်းပန်တယ်၊ ခဏနေဦးကွာ''

သူမက ခြေလှမ်းကိုအရှိန်ပိုမြှင့်ပစ်သည်။ ပြီးတော့ ခေါင်းငုံ့လျက် ရှေ့ကိုသာ အာရုံစိုက်လျှောက်သည်။

သူဘေးဘီကို တစ်ချက်ကြည့်ပြီး သူမနောက်ကို ပြေးလိုက်ရသည်၊ မီသွားတော့ ရှေ့ကိုကျော်တက်ပြီး သူမရှေ့တည့်တည့်က ပိတ်ရပ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှပဲ ရတော့မည်။

''ဖူး''

သူမက ခြေစုံရပ်လိုက်ပေမယ့် မော့မကြည့်ပါ။

''ဖူး၊ နင်တကယ်ပဲ ထွန်းဝေမြင့်ကိုသွားခေါ်မလို့လားဟင်''

မြမြဖူး ဘာမှမဖြေဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိလေသည်။ အဲ့သလိုမေးလိုက်ခါမှ ဝမ်းနည်းစိတ်က ရင်ထဲက လှိုက်လှိုက်ဆို့တက်လာသည်။

တကယ်ဆို အစကတည်းက မောင် တားသင့်တာမဟုတ်လား။ ထွန်းဝေမြင့်က ကြိုက်နေတာတောင် သူမက သွားခေါ်စရာမှမဟုတ်တာ။ အခုမှ ဘာလို့လိုက်လာသေးလဲ။ သိတာပေါ့မောင်ရယ်။ နင့်အကြောင်း ငါအသိဆုံး။ ငါ တစ်ခုခု အရွဲ့တိုက် သောင်းကျန်းရင် နင့်ရဲ့သိက္ခာကို ထိပါးမှာစိုးလို့။ တစ်သက်လုံး စောင့်စည်းထိန်းသိမ်းလာတဲ့ မဟာအရှက်တော်ကွဲမှာစိုးလို့ လိုက်တောင်းပန်တာမှတ်လား။ ငါ့ကိုချစ်ရတာပဲ အလုပ်ရှုပ်တယ်တဲ့။ နင်မို့ပြောထွက်တယ်။ ငါ့ဘာသာ ဘယ်လောက်ပဲ နင့်ကိုချစ်ချစ်။ ချစ်တယ်လို့အရင်စပြောတာ နင်ပဲမဟုတ်လား။

ငါလည်း စိတ်နဲ့ပဲ။ နင့်ထက်မပိုတောင် မလျော့တဲ့မာနတော့ ရှိသေးတာပဲ။





''ဖူး၊ မသွားပါနဲ့နော်။ ခုနပြောမိတာအတွက် တောင်းပန်ပါတယ်''

သူ့စကားသံကြောင့် သူမရင်ထဲက စကားလုံးတွေကို မျိုချပစ်လိုက်ရသည်။ ဒါပေမဲ့ ထိန်းမရတာက ရစ်ဝဲနေတဲ့မျက်ရည်။

''မသွားပါဘူး၊ ငါ အဲ့လောက်မရူးဘူး''

မောင်က သူမလက်ကိုလာကိုင်သည်။ ထိုနောက် ခပ်တင်းတင်းဆုပ်ရင်း. . .

''တော်သေးတာပေါ့ ဖူးရယ်''

ဟု ခပ်ညည်းညည်းရေရွတ်သည်။

ကျော်စည်သူ့မျက်နှာက ခုမှပဲ ရင်ထဲက အလုံးကြီးကျသွားတော့တယ်ဆိုတဲ့မျက်နှာမျိုးဖြစ်နေသည်။

အဲ့ဒါကိုသိသိကြီးနဲ့ပဲ သူမက ကျော်စည်သူ့ကို မြတ်မြတ်နိုးနိုးဖြစ်မိသွားသည်။ ဒါပေမဲ့ အဆင်မပြေတတ်တာတွေ ပြင်ဆင်ညှိယူဖို့ကျတော့ ထင်သလောက်မလွယ်။ အဲ့လိုတကျက်ကျက်ဖြစ်ရင်းကပဲ ချစ်ခြင်းက တစ်ရစ်ချင်း နှောင်ဖွဲ့တွယ်ငင်သည်။

အဲ့ဒါကိုဘာသာပြန်တော့ သံယောဇဉ်ဆိုလားပဲ။

ဣ ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''ဖူး, ဒီမှာကြည့်စမ်း! ဒါဘာလဲ''

''စာအုပ်လေ''

စာအုပ်တစ်အုပ်ကိုသဲကြီးမဲကြီးဖတ်နေရင်းမှ စိတ်မပါဝင်စားဟန်နှင့် တုံးတိတိဖြေလိုက်သောမြမြဖူးစကားကြောင့် ကျော်စည်သူက ကျွတ်ခနဲစုတ်သပ်သည်။

''ကျွတ်, စာအုပ်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဒါဘာစာအုပ်လဲ မေးတာ''

''ဘယ်သိမှာလဲ မောင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



ပျင်းရိလေးတွဲ့သောအဖြေစကားသာ ထပ်ထွက်လာသည်။ သူ့မျက်လုံးတွေက ဝတ္ထုစာအုပ်ဆီမှ တစ်စက်ကလေးမှမခွာသေးတာမို့ သူစိတ်မရှည်တော့။

"ဖူး"

"ဘာလဲ မောင်ရဲ့"

"ခဏချစမ်းပါကွာ၊ အဲ့စာအုပ်ကြီး။ တကတည်းမှပဲ ခုနပျော်နေတဲ့ဖီးလ်တောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

သည်တော့မှ မြမြဖူး စာအုပ်ကိုဖျတ်ခနဲပိတ်ပစ်လျှက် သူ့ဘက်ကို ငဲ့ကြည့်သည်။

"ကဲ, ပြောပြော၊ အဲ့ဒါဘာစာအုပ်လဲ။ ဖူး သေချာအာရုံစိုက်ပြီ"

သူက မြမြဖူးမျက်နှာကို သိပ်အခဲမကျေဟန်နှင့် အတန်ကြာစူးစိုက်ကြည့်နေသေးသည်။ သူမက သူ့မေးဖျားကိုဆွဲလှုပ်ရင်း. . .

"ကဲပါ၊ ပြောလေမောင်ရဲ့။ ဒီမှာစာအုပ်ပိတ်ပစ်လိုက်ပြီပဲဟာကို"

"ပိတ်ရုံနဲ့မရဘူး။ နောက်နေ့ ကျောင်းယူမလာနဲ့"

သူမက အံ့သြဟန်နှင့် မျက်လုံးလေးပြူးသွားပြီးမှ မျက်လွှာပိတ် ခေါင်းလေးညိတ်ပြသည်။

"အင်းပါ၊ ယူမလာတော့ပါဘူး။ ကဲ, ပြောမယ်ဆိုတဲ့ဟာပြော





တော့။ အဲ့ဒါ ဘာစာအုပ်လေးလဲဟင်"

အဲ့ဒီလိုပြောလိုက်မှ ကျော်စည်သူက စိတ်ကျေနပ်ဟန်နှင့်သက်ပြင်းတစ်ချက်ရှိုက်ပြီး မျက်နှာဖုံးလှလှနဲ့ဒိုင်ယာရီစာအုပ်လေးကို ငုံ့ကြည့်သည်။ ပြီးတော့ နည်းနည်းရှက်နေသလို စာအုပ်ဖုံးကို လက်ဖဝါးနှင့်အတန်ကြာပွတ်သပ်နေသေး၏။

"ဒါ ဖူးအကြောင်းတွေရေးထားတဲ့စာအုပ်၊ သိလား"

"ဟယ်! တကယ်၊ ဒါဆို ဖူးကိုပေးဖတ်မယ်ပေါ့နော်"

"အင်း"

"မောင့်အင်းကလည်း လေးလိုက်တာ၊ စိတ်မပါသလိုကြီး။ ဘာလဲ. . . မောင်က ရှက်နေတာလား"

တစ်ခါတလေလည်း သူက အဲ့လို (မိန်းမမဟုတ်ဘဲ) အရှက်သည်းနေတတ်သေးသည်။ အဲ့ဒါတွေ ဖူးနဲ့မတူတာ။

"မောင်ရေ, ဖူးဖတ်ပြီနော်"

သူမက ပြောလည်းပြော စာအုပ်လေးကိုစဖွင့်သည်။ သူက ပြုံးရင်း မျက်နှာတစ်ဖက်လွှဲရင်း ဟိုဟိုဒီဒီလိုက်ကြည့်နေ၏။

မြမြဖူး စာအုပ်လေးကိုဖွင့်ကြည့်လိုက်သည်။ ကဗျာတွေစာတွေဝါသနာမပါသည့်မောင်က ဘာတွေများ ရေးထားပါလိမ့်ဆိုတဲ့ သိချင်



www.burmeseclassic.com

www.burmeseclassic.com



ဇောနှင့် စာမျက်နှာကိုအဖွင့်. . .

"အသံထွက်ဖတ်မယ်နော်။ ကျွန်တော့်ဘဝရဲ့အမြတ်နိုးဆုံးတဲ့။ အဲ့ဒါ ဖူးကိုပြောတာပေါ့နော် မောင်"

"ဆုံးအောင်ဖတ်ပါကွာ၊ သိပ်ရေးတတ်တာမဟုတ်ဘူး၊ စိတ်ထဲမှာ အရမ်းဖြစ်လာလို့ ချရေးတာ၊ စာစီစာကုံးနဲ့တူနေမလားမသိဘူး"

မြမြဖူးက မောင့်အပြောကို သဘောတကျရယ်ရင်း စာအုပ်ကို ပြန်ကြည့်၏။

"အမေတစ်ခုသားတစ်ခုဘဝမှာ မေမေပြီးရင် ဒုတိယအတွယ်တာဆုံးမိန်းကလေးက ဖူးပါပဲ၊ ဟင်! မောင့်စာက ဘယ်လိုအဓိပ္ပာယ်တုန်း"

စာတစ်ကြောင်းပဲ ဖတ်ရသေးသည်။ အလန့်တကြားထရေရွတ်လိုက်တာမို့ ကျော်စည်သူက လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ ဖူးရဲ့"

"ဘာဖြစ်ရမလဲ၊ မေမေပြီးရင် ဒုတိယအတွယ်တာရဆုံးက ဖူးဆိုတော့ ပထမက ဘယ်သူလဲ"

"ဟမ်း"

မြမြဖူးစကားကို သူနားမလည်။





"မေးနေတယ်လေ၊ ပထမက ဘယ်သူလဲလို့"

"ပထမက ပြောပြီးပြီလေ၊ မေမေပါဆို မေမေပြီးရင် ဖူးပဲလို့ ရေးထားတဲ့ဟာ"

"မောင့်ဘဝရဲ့ပထမက မေမေဆို၊ မေမေပြီးရင် ဒုတိယက ဘာလို့ ဖူးဖြစ်ရမှာလဲ၊ မောင့်မေမေကိုဖယ်ထားဦး၊ ဖူးက ပထမပဲပေါ့"

"ဟာ. . . ဘာတွေပြောနေတာလဲ၊ ပထမပြီးရင် ဒုတိယပဲ လာမှာပေါ့၊ အဲ့ဒါမှားလို့လား"

"မှားတာပေါ့၊ မောင်ရေးထားတာ မေမေပြီးရင် ဒုတိယတဲ့၊ တကယ်ဆို ပထမက မေမေ၊ ဒုတိယက ဖူး အဲ့လိုဖြစ်ရမှာ၊ ပြီးရင်ဆိုတော့ ကြားထဲမှာ တစ်ယောက်ရှိနေသလိုလို၊ ပြန်ပြင်ရေး၊ မေမေပြီးရင် ပထမဆုံးတွယ်တာရတာ ဖူးပါလို့"

"မဟုတ်တာ ကပ်သီးကပ်သပ် ဘာတွေကြောင်နေတာလဲ ဖူးရယ်၊ ဘာလို့ပြင်ရမှာလဲ၊ မောင်ဆိုလိုတာ မေမေက တစ်၊ ဖူးက နှစ်၊ ဒါပဲ လူတိုင်း ဒီအဓိပ္ပာယ်ကိုသိတယ်"

"သိပါဘူး. . . ဘာပဲဖြစ်ဖြစ် ပထမပဲဖြစ်ချင်တယ်၊ ဖူး ဒုတိယ မဖြစ်ချင်ဘူး၊ မောင့်မေမေက သီးသန့်ပထမ၊ ဖူးက နောက်ထပ်ပထမတစ်ခု၊ ပူးတွဲပေါ့နော် မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စည်သူ ခေါင်းကို တဖြင်းဖြင်းကုပ်မိတော့၏။

"ဘာလဲကွာ၊ ပူးတွဲပထမရယ်လို့ရှိပါ့မလား။ ဖူးကလည်း"

"ရှိတာပေါ့ မောင်ရဲ့။ အမြတ်တနိုးဖြစ်တာချင်းတူတူ ပထမရတာချင်းလည်း တူရမှာပေါ့။ တကယ်တမ်းအမှတ်နဲ့တွက်ကြေးဆို ဖူးက ထောင့်ငါးရာတောင်နော်"

သူမပြောတာ ဟုတ်သလိုလိုရှိသည်။ ဒါပေမဲ့ မဖြစ်နိုင်တာကလည်း သေချာ၏။

သူ ခေါင်းတွေပင် မူးလာရသည်။

"မသိဘူးကွာ၊ ဘာလို့ပြင်ရေးရမှာလဲ၊ မေမေပြီးရင် မောင်အချစ်ဆုံးက ဖူးပဲ၊ အဲ့ဒါကိုသိသိကြီးနဲ့ မကြောင်စမ်းပါနဲ့"

"ဘယ်မှာကြောင်လို့လဲ၊ ဖူးနားလည်သလိုပြောတာ။ မောင်နော် ဖူးက ပထမပဲ"

"ယူချင်တဲ့နေရာယူကွာ။ စိတ်ညစ်လာပြီ။ ပြောရတာ တအား လက်ပေါက်ကပ်တယ်"

ပြောရင်း ဒေါသထွက်လာတာမို့ ကြာကြာထိုင်နေလျှင် ရန်ဖြစ်တော့မည်။

သူ ထိုနေရာမှ ထထွက်လာခဲ့၏။





"ဘယ်ရမလဲ ဖူးက ပထမ။ ဟင်! မောင် အဲ့ဒါဘယ်သွားမလို့လဲ"

သူမက ဝတ္ထုစာအုပ်တစ်ဖက်၊ ခုန ဒိုင်ယာရီစာအုပ်တစ်ဖက် ကိုင်ရင်း ဖရိုဖရဲပုံစံနှင့် ကသောင်းကနင်းပြေးလိုက်လာသည်။

"မောင့်,ဘယ်လဲလို့"

"ဘယ်သွားသွား၊ လိုက်မလာနဲ့။ အဲ့မှာ ပထမပဲယူယူ၊ ဒုတိယပဲ ယူယူ၊ ယူချင်တာယူပြီးနေခဲ့။ မလိုက်ခဲ့နဲ့"

မောင်က အဲ့လို။ နည်းနည်းမှ စိတ်ညစ် စိတ်ရှုပ်မခံနိုင်သူပါ။ အထူးသဖြင့် ဖူး့ရစ်တဲ့ဒဏ်ကို နည်းနည်းမှမခံနိုင်လောက်အောင် စိတ်ဆတ်သည်။ ဒါကိုသိသိကြီးနဲ့ မောင်မခံချင်အောင်ပြောမိတာ ဖူး့အလွန်ပေါ့။

"မောင်"

"လိုက်မလာနဲ့လို့ပြောနေတယ်နော်"

"စိတ်မဆိုးပါနဲ့မောင်ရယ်၊ ဖူးက စ,တာပါ"

"ဘာ. . ."

"အလကား စ,တာ၊ ဟီး. . . စိတ်မဆိုးပါနဲ့နော်"

ပြောပြီး သူမက ကျော်စည်သူ့လက်မောင်းကို ဖျက်ခနဲလှမ်းဖက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ခေါင်းမော့ပြုံးပြသည်။

"တကယ်စ,တာ၊ မောင့်ကိုချစ်လို့လေ"

သူမက တအားဖက်တွယ်ထားသော သူ့လက်မောင်းပေါ် ခေါင်းလေးမှီရင်း တစ်လှမ်းချင်းလျှောက်လိုက်လာသည်။

သူ့ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ကြားရ၏။ ဒါဆို မောင်စိတ်ဆိုးပြေပြီလို့ သူမသိလိုက်သည်။

"မောင်က ဖူးကိုတကယ်စိတ်ဆိုးသွားတာလားဟင်။ အဲ့လောက်လေးတောင် ဖူးကိုသည်းမခံနိုင်ဘူးလား"

"မဟုတ်ပါဘူး။ ဖူးနဲ့လိုက်တုပြီး ငြင်းနေရင် ရန်ဖြစ်မှာစိုးလို့ထထွက်လာတာ"

မောင်က စိတ်ကြည်လင်ပြေလည်သွားပြီမို့ စိတ်ရှည်လက်ရှည်လေသံနှင့်ပြန်ဖြေသည်။

မောင့်လက်မောင်းကိုခိုတွယ် မှီနွဲ့ပြီး စကားတွေတတွတ်တွတ်ပြောကာ ကပ်ပါလာတဲ့ဖူးကို တချို့ကျောင်းသူကျောင်းသားတွေက ကြည့်ပြီး မကြားတကြားလှမ်းစသည်။

သူမကတော့ ဘာကိုမှဂရုမစိုက်ပါချေ။

"ဒါဆို ဖူးကိုလိုက်မလာနဲ့လို့ ပြောတာကရော"





ကျော်စည်သူ ခဏတော့ ငြိမ်သက်တွေဝေသွားသည်။ ပြီးမှ. . .

"အဲ့ဒါ ဖူးခြေထောက်ညောင်းမှာစိုးလို့ပြောတာ"

မှန်သည်ဖြစ်ဖြစ်မှားသည်ဖြစ်ဖြစ် ဖူးယုံကြည်ပါသည်။ မောင့်နှုတ်က ထွက်သောစကားသည် အမှန်တရားဖြစ်စေ၊ မုသားဖြစ်စေ နှလုံးသားအတွက် ချိုမြိန်စေဖို့သာ အဓိက။

အဲ့သလောက်ထိ ရူးသွပ်စွဲလမ်းစွာမြတ်နိုးတန်ဖိုးထားခဲ့ရပါသည် မောင်။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၉)

ဒီတစ်ခါ မြမြဖူး သောင်းကျန်းတာကတော့ တော်တော်လေးဆိုးလွန်းသည်ဟု တစ်ကျောင်းလုံး ပြောစမှတ်တွင်သွားတော့၏။ ဖြစ်ပုံက ဒီလို. . .

မြမြဖူးတို့အင်္ဂလိပ်စာဌာနက ဆရာကန်တော့ပွဲလုပ်တော့ မျော်ပွဲရှင်ပွဲအနေနှင့် စတိတ်ရှိုးအစီအစဉ်ပါ ထည့်ဖို့ခွင့်ပြုချက်ရတာကြောင့် အားလုံးအူမြူးနေကြချိန်လည်းဖြစ်သည်။ အဲ့ဒီအထဲမှာမှ အတက်ကြွဆုံးက ကျော်စည်သူဟု မြမြဖူး ထင်သည်။

ဘာကြောင့်လဲဆိုတော့ ကျော်စည်သူက သီချင်းဆိုတာဘာညာကို



www.burmeseclassic.com

www.burmeseclassic.com



သူမထက်ပိုပြီး ဝါသနာထုံသည်။ မြမြဖူးကတော့ ကဗျာတွေစာတွေ လောက် ဘာမှအာရုံမထားသူဖြစ်ရာ ပျော်ပွဲရွှင်ပွဲအတွက်ဆိုပြီး ပိုက်ဆံ ကောက်တာတောင်မထည့်။

"မြမြဖူး. ပျော်ပွဲရွှင်ပွဲအတွက် ပိုက်ဆံထည့်လေဟာ။ အားလုံးစုံ သလောက်ရှိပြီ၊ နင်ပဲကျန်တော့တာ"

ပိုက်ဆံလာကောက်တာ သူမမျက်မုန်းကျိုးနေသည့် ဟိန်းကျော်၊ လူကောင်သေးသလောက် နေရာတကာ စပ်စပ်စပ်စပ်ပါတတ်သည့် ဟိန်းကျော်က အထက်တန်းကျောင်းကတည်းက မြမြဖူးနှင့်တစ်ခန်း တည်း၊ လုံးဝမတည့်ကြသူတွေ။

မတည့်တာကလည်း မြမြဖူးက ဟိန်းကျော်ကိုကြည့်မရတာပါ။ ဂဏစားရင်း အငြင်းထူလို့၊ ယောကျ်ားလေးတန်မဲ့ မိန်းမလိုမိန်းမရအတင်း ပြောလို့၊ မျက်နှာရှူးလို့စသဖြင့်သော အကြောင်းရင်းတွေကြောင့် ကြည့် မရတာဖြစ်သည်။

တက္ကသိုလ်ရောက်တော့လည်း ရေစက်က မကုန်၊ တစ်နှစ်တည်း ဆယ်တန်းအောင်ပြီး တစ်မေဂျာတည်းယူ၊ တစ်ခန်းတည်းမှာ အတူတူ စာသင်နေရသေးသည်။

ဟိန်းကျော်က မြမြဖူး ဘယ်လိုဆိုးတာ၊ တေတာ၊ ညစ်တာတွေ





ကို အတန်းထဲမှာ ဖောက်သည်ချသည်။ ကျောင်းပြေးတာကအစ စာ ခိုးချလို့ ဒဏ်ပေးခံရတာအဆုံး ငယ်ကျိုးငယ်နာတွေ တစ်လုံးမကျန်ဖော် လို့ အမြင်ကပ်နေခြင်းဖြစ်၏။

"မပါဘူး။ မုန့်ဖိုးတောင် နပ်မမှန်လို့ စိတ်ညစ်နေတာ"

"အဲ့လိုမပြောနဲ့လေဟာ၊ တစ်ခန်းလုံးထည့်ရတာ နင်တစ်ယောက် တည်း မထည့်လို့ရမလား"

"မရရင် ကြိုက်တဲ့နေရာသွားတိုင်။ မထည့်နိုင်ဘူး"

ဒါက ဆရာဆရာမတွေကိုယ်တိုင် ဘယ်ရွေ့ဘယ်မျှဆိုပြီး စည်း ကမ်းချခဲ့တာမဟုတ်ဘဲ၊ အတန်းထဲက ဒီလိုကိစ္စတွေမှာ လှုပ်ရှားနေကျ ကျောင်းသားလေးငါးယောက်က အတည်ပြုသတ်မှတ်ပြီး စီစဉ်နေတာ ဆိုတော့ ဘယ်မှတိုင်မရမှန်း မြမြဖူးသိသည်။

တစ်တန်းလုံး ညီညီညွတ်ညွတ်ပိုက်ဆံစုထည့်ပြီး သူမတစ်ယောက် တည်း သိုးမည်းလုပ်ပြီး မိုက်ကြေးခွဲပြနေတာကို ဟိန်းကျော်ကလည်း မခံချင်။

"ဘယ်မှမတိုင်ဘူး၊ နင်ပိုက်ဆံမထည့်တဲ့အကြောင်း စာသွားကပ် ထားမှာ"

"ကပ်ပေါ့။ နင်သွားကပ်ရင် ငါရေးထားတဲ့ကဗျာပါယူသွား၊ ရော့"



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းကျော်က မြမြဖူးကမ်းပေးသောစာရွက်ခေါက်ကို လှမ်းယူသည်။ ပြီးမှ ပိုက်ဆံကိုစွသတိရကာ. .

"နင်အဲ့လိုတော့မလုပ်နဲ့ မြမြဖူး။ ဒီပိုက်ဆံလောက်ကို နင်ထည့်နိုင်တာ အားလုံးသိတယ်။ ပေးဟာ"

"ဟဲ့, ဖွတ်ကြီးပါလား။ နင်တို့ဘာသာ မနေနိုင်မထိုင်နိုင် တီးဝိုင်းငှားပြီး အသံကောင်းဟစ်ကြမယ့်ပွဲဟာ၊ ဆိုချင်တဲ့ ဖိုးဆိုချင်မယ်ဆိုချင်တွေက ဖြစ်အောင်စုထည့်ပေါ့။ ငါနဲ့ဘာဆိုင်လဲ"

"ဘာဆိုင်ရမှာလဲ၊ နင်လည်း အင်္ဂလိပ်စာကာပဲ။ အကုန်လုံးထည့်ပြီး နင်က ဘာလို့ကပ်ဖောက်နေတာလဲ"

"ပြောပြီးပြီ၊ ငါ့ဘာသာ ကပ်ဖောက်ဖောက် ခွာဖောက်ဖောက် အကုန်ထည့်တယ်၊ ငါမထည့်နိုင်ဘူး။ နင်ကြိုက်သလိုစီရင်၊ နေရာတကာ ပါတဲ့ ဖိုးပါကြီးရေ"

ဟိန်းကျော် စိတ်တိုသွားသည်။ မြမြဖူးဆိုတဲ့လူရွှတ်မကို ဆက်ပြောလည်း မောရုံသာရှိမည်။

"ပြီးရော၊ နင့်နာမည် ငါသွားကပ်မှာ။ ပြီးမှငါ့အဆိုးမဆိုနဲ့။ ကြဖန် တွက်ကပ်နေတာ။ နင်ပိုက်ဆံမထည့်တဲ့အကြောင်း တစ်ကျောင်းလုံးသိအောင် လုပ်မယ်"





"သဘောပဲ။ ဟဲ့, ငါ့ကဗျာပါ ပူးတွဲကပ်ပေးနော်။ ဒါမှ ပိုက်ဆံမထည့်တာ ငါမှန်း ပိုသေချာမှာ"

"အေး, ပြီးရော၊ နင့်စကားနဲ့နင်ပဲ။ ပြီးမှ ငါတို့ကိုလာမသောင်းကျန်းနဲ့"

အခြေအနေကို ငြိမ်သက် နားစွင့် အကဲခတ်နေသော ထွန်းလင်းနိုင်ကပါ ဝင်ပြောပြီး သူမရှေ့မှ ဒေါနှင့်မောနှင့်ထွက်သွားသည်။

ခဏနေတော့ မြမြဖူးလည်း အတန်းထဲက ထွက်လိုက်သွားသည်။ ဒီကောင်တွေ ကဗျာကိုဖတ်ကြည့်ပြီး မကပ်ဘဲနေမှာ သေချာသမို့ သူမလက်ထဲမှာ မိတ္တူကူးပြီး ချန်ထားတဲ့စာရွက်ကိုထပ်ကပ်ဖို့ နောက်ကလိုက်သွားခြင်းဖြစ်ပါသည်။

ကြော်ငြာဘုတ်ရှေ့မှာ ကျောင်းသားတစ်ချို့ ရှုစ်ရှုစ်ရှိနေကြသည်။ မြမြဖူးလာတာတွေ့တော့ ရယ်သူရယ်၊ မသိမသာရှောင်ထွက်သူထွက်၊ ရပ်ကြည့်သူကြည့်နှင့် ပွဲက ပိုစည်သွားသည်။

နောက်ကောင်တွေ. . .

မြမြဖူး ပိုက်ဆံမထည့်တဲ့အကြောင်း စာလုံးကြီးကြီးရေးပြီး ကပ်သွားသည်။ ဒေါသထွက်ရပေမယ့် ဒါမျိုးတွေ အရေထူနေပြီမို့ သူမ ပြုံးတောင် ပြုံးလိုက်သေးသည်။ အဲ့ဒီစာရွက်ရဲ့ဘေးနေရာလွတ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထက်မသေးသောစာလုံးအရွယ်နှင့် ရေးထားသည့် သူမရဲ့ကဗျာစာရွက်ကို ကပ်ထားခဲ့သည်။

ဒွေးချိုးလားလေးချိုးလားမသိ စပ်ဟပ်ရေးထည့်ထားသောသူမရဲ့ကဗျာက ကျော်ငြာဘုတ်မှာ အထင်အရှားကြီးကို နေရာယူလေတော့သည်။ ဒါကိုက သူမရဲ့အကွက်ကျကျကြိုတင်ကြံစည်မှုထဲက ပဏာမတစ်ခုဖြစ်၏။

ဗမ္မာ့ရစ်တစ်ခွင်
လူဖြစ်လျှင် အပျော်အပါးမက်တာကြောင့်
မော်ကြွားကြသူ သူငါ
အလုပ်ပို အပိုလုပ်ကြပါတဲ့
အပြုတ်လို အပျိုလုပ်ချင်နေသော
မေခင်ကညာ မောင်ဟာ့ဒ်တာတို့က
စုကာရုံးပါလို့ သိမ်းကျုံးအလှူခံ
မဟာန်ပေါင် ကြောင်မိတ်လိုက်သံနှင့်





ဟာ့စ်ကြွေးမည့်အစီအစဉ်
ဘယ်သူဝင်ဝင် ငါမထည့်နိုင်ဟု
ဘုတောကာ ပြန်ငြင်းသဟာကြောင့်
လူ့သဘောမှန် အကြံရင်းတွေနှင့်
ခံပြင်းဘိ ငကန်
မနေပြန် တော်လှန်ဖောက်သူကြောင့်
မသွေမှန် ဖော်လှန်ကောက်ကာပ
တင်မြှောက်ကာ စာရင်းချိတ်ရတယ်
အတင်းနှိပ်သဟာ...
အင်္ဂလိပ်စာက် သတင်း......။

မြမြဖူး (ဒုတိယနှစ်/အင်္ဂလိပ်စာ)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကြော်ငြာဘုတ်ရှေ့မှာ လူတွေဝိုင်းအုံနေသည်။ ကပျာကယာပြေးပြီး တသောသောရယ်မောနေကြတာကြောင့် တစ်ယောက်အစ တာရာဆို သလို လူတွေကြိတ်ကြိတ်တိုးနေခြင်းဖြစ်၏။

ထိုမြင်ကွင်းကို လက်ပိုက်ရပ်ကြည့်ပြီး သဘောကျနေသူက မြမြ ဖူး။

''မြမြဖူးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ''

အဲ့ဒီသတင်းကို ကျော်စည်သူ့နားကို ပေါက်ကြားသွားသည်။ ဘယ် ကစဖြစ်ပြီး ဘယ်လိုလုပ်လိုက်တာကအစ သူငယ်ချင်းတွေက ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်ချတာမို့ သူမ ဇရုတ်ကျလိုက်ပုံကို သူသိလိုက်ခြင်းဖြစ်၏။

ဒေါသဖြစ်တာတွေရော ရှက်တာတွေရောပေါင်းပြီး ဆူပူအပြစ်တင်ဖို့ လိုက်ရှာတော့ သူမကို အတန်းထဲမှာမတွေ့။

တကယ်တမ်းတွေ့လိုက်ရတော့ ကြော်ငြာဘုတ်နဲ့ မလှမ်းမကမ်းမှာ၊ ဘယ်သူ့ကိုမှဂရုမစိုက်၊ ထိမထင်မျက်နှာပေးနဲ့ ခပ်အေးအေး လက်ပိုက်ရပ်ကြည့်နေပုံကိုက အသည်းယားစရာ။

"ဖူး"

"ဟွဲ့ သောက်ပလုတ်တုတ်. . . လန့်လိုက်တာမောင်ရာ၊ ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ၊ နင်ဘာလုပ်တာလဲ, နင်ပဲသိမှာပေါ့"

မြမြဖူးက လက်ပိုက်ဖြုတ်၊ ခါးထောက်ပြီး ကျော်စည်သူ့ကိုမော့ကြည့်ကာ. . .

"ဟာ ဟ, အဲ့ဒါက ဘယ်လိုဖြစ်ရတာတုန်း ချစ်သောမောင်ရဲ့။ ချစ်သူကိုများ နင်တွေငါတွေနဲ့ မာလှချည်လား"

ဟု ပြောင်ချော်ချော် ငေါ့တော့တော့ပြောလိုက်တာမို့ ပိုပြီးဒေါသဖြစ်သွားရသည်။

"ဖူး, နင်အဲ့လိုလုပ်ချင်ရာလုပ်ပြီး ရှူးချင်ယောင်မဆောင်နဲ့"





"ရှူးချင်ယောင်ဆောင်ရမယ်လို့ ဘယ်ဗေဒင်ဆရာကမှ ယတြာချေမခိုင်းထားပါဘူးမောင်ရယ်။ ဘာကိစ္စ ရှူးချင်ယောင်ဆောင်ရမှာလဲ"

"ဖူး နင်ဘာမှဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ အတန်းထဲမှာနင် ဘာပြဿနာရှာခဲ့ပြန်ပြီလဲ"

"မောင်သိရင် ဘာလို့လာမေးနေလဲ။ လူကိုနင်တွေငါတွေနဲ့ နားထောင်ကောင်းနေတယ်မထင်နဲ့။ နင့်ထက်ငါ အသက်ကြီးတယ်"

မဖြစ်စလောက် လ,ကလေးကြီးတာကိုများ သူမက နေရာယူလို့မဆုံးတော့ချေ။ ဘယ်လောက်ပဲ အမြတ်တနိုးနာမ်စားလေးတွေသုံးသုံးနည်းနည်းစိတ်တိုဒေါသထွက်တာနဲ့ နင်,ငါဆိုတာတွေပဲ ဖြစ်ကုန်သည်အထိ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးက ရိုးသားပွင့်လင်းသည်။

နှစ်ယောက်စလုံးက ဟန်မဆောင်တတ်တာလေးတစ်ခုပဲ စရိုက်ချင်းတူသည်။

"အဲ့ဒါတွေ ငါ့ကိုမပြောနဲ့ ဖူး။ နင်မရှက်ဘူးလား။ အဲ့လိုဇရုတ်သုတ်ခလုပ်ရတာကို တော်တော်အရသာတွေ့နေတယ်ဟုတ်လား"

"ဒါ ဇရုတ်သုတ်ခလုပ်တာမှမဟုတ်တာ။ ငါ့မှာ ပိုက်ဆံမရှိလို့မထည့်နိုင်ဘူးပြောတာ၊ ရှင်းရှင်းလေး။ ဒါကို သူတို့ဘာသာ ပြဿနာရှာကြတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမဆင်ခြေပေးပုံက မျက်ခုံးပင့်လိုက် ခေါင်းရမ်းလိုက် ပခုံးတွန့်လိုက်နှင့် အမြင်ကပ်ဖွယ်ကောင်းလှသည်။

"သူတို့က ပြဿနာရှာတာမဟုတ်ဘူး။ ပြဿနာရှာတာက နင်။ ဟိုမှာ နင့်လက်ချက်မဟုတ်လား။ လူတွေအုံပြီး ဟားတိုက်နေတာကို နင်တော်တော်သဘောကျနေတယ်ပေါ့ ဟုတ်လား။ မိန်းကလေးတန်မဲ့ ကိုယ်နဲ့သင့်တော်လားမတော်လား မတွေးဘူး။ ရှက်ရကောင်းမှန်းလည်း နားမလည်ဘူး"

ကျော်စည်သူက ကဗျာစာရွက်ရှိရာကို လက်နောက်ပြန် ညွှန်ပြပြီး သူမမျက်နှာကိုငုံ့ကိုင်းကြည့်ကာ ပြင်းပြင်းထန်ထန်ဝေဖန်ပြစ်တင်လေသည်။

မြမြဖူးမျက်နှာက အစတော့ငိုမဲ့မဲ့လေးဖြစ်နေပြီး တဖြည်းဖြည်း ထုံပေအေးစက်လာကာ. . .

"ဟုတ်တယ်၊ ငါက ပြဿနာရှာတယ်၊ ရှက်လည်း မရှက်တတ်ဘူး။ အဲ့ဒီလိုမိန်းမကို နင်ဘာလို့လာကြိုက်လဲ, ဟမ်၊ နင် ငါ့အကြောင်း မကြားဖူးခဲ့ဘူးလား"

"ဟုတ်တယ်. . . ငါကသိသိကြီးနဲ့ နင့်ကိုအရှုံးထပြီး ချစ်ခဲ့တာ။ ဒီလောက်ဆိုးလိမ့်မယ်လို့ ထင်ကိုမထင်ဘူး။ ဘာလဲကွာ၊ တစ်တန်းလုံး





စည်းစည်းလုံးလုံးလုပ်နေတဲ့ကိစ္စကို သူက ဖျက်လိုဖျက်ဆီး"

မြမြဖူးက နှုတ်ခမ်းလေးတွန့်ရုံမဲ့သည်။

"ဘာလဲ၊ ငါဒီလိုလုပ်လိုက်တာနဲ့ပဲ နင်တို့အစီအစဉ်ကြီးက ပျက်သွားပြီလား"

"ပျက်သွားပြီဆိုရင် နင်လည်း ဒီအတိုင်းမနေရဘူးမှတ်။ အခု လောက်သည်းခံနေတာကိုပဲ ကျေးဇူးတင်ဦး။ ဒီကိစ္စမှာ ပွဲဖြစ်မြောက်ရေးအတွက် ငါတို့သူငယ်ချင်းတွေစုပြီး ကြိုးစားထားရတာ နင်ဘာသိလို့လဲ"

ဆောရီး မောင်. . .

အရာအားလုံးက မောင့်ကိုစိတ်ညစ်စေဖို့မရည်ရွယ်ခဲ့ဘူး.

ဒါပေမဲ့ မောင်ကတော့ ကိုယ့်ချစ်သူတစ်ယောက်လုံးကို ပစ်ပစ်ခါခါစကားလုံးတွေနဲ့ နာကျင်စေခဲ့တယ်နော်။

"ဘာသိလို့လဲ ဟုတ်လား။ အဲ့လောက် ငါ့ကိုလျှောက်မတွက်နဲ့ မောင်။ နင်တို့အစီအစဉ်တွေအားလုံးကို ငါသိပြီးသား။ ဒီပွဲမှာ နင်က ဆရာကြီး။ အဆိုတော်ရွေးတာတောင် နင့်စိတ်ကြိုက်တွေချည်းပဲ။ ငါ ကြည့်မရပါဘူးဆိုတဲ့ အိအိသိမ့်တို့ ဝေဖြိုးတို့က ထိပ်ဆုံးက။ ပြီးတော့ နင်ကပါ အရှက်မရှိ တက်ဆိုဦးမယ်ပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်, အဲ့ဒါဘာဖြစ်လဲ။ အိအိသိမ့်တို့ကိုရွေးတာလည်း တကယ်ဆိုတတ်လို့ရွေးတာ။ နင်က ဘာမနာလိုဖြစ်နေတာလဲ" --

"ဘာ, ငါက မနာလိုဖြစ်ရမယ်။ ရယ်စရာကောင်းလိုက်တာ။ နင်တို့ဘာသာ ရှုးကြ၊ ငါမရှုးဘူး။ အိအိသိမ့်နဲ့ပတ်သတ်ပြီး နင့်စိတ်ထဲ ဘာတွေဖြစ်နေလဲဆိုတာ ငါသိတယ်။ အဲ့လိုမျက်နှာသေနဲ့ တခြားလူတွေကို သွားလိမ်။ မြမြဖူးကိုလာမလိမ်နဲ့"

ကျော်စည်သူက မျက်မှောင်ကြုတ် မျက်နှာလွှဲရင်း ဟားခနဲခပ်တိုးတိုးရေရွတ်သည်။ ပြန်လှည့်လာတော့ ခုနလောက် တင်းမာမှုတွေ မရှိတော့။

"ကျွတ်! သေတော့မှာပဲ။ နင်ဘာတွေဖြစ်နေတာလဲ ဖူး။ လက်စသပ်တော့ နင်က ငါ အိအိသိမ့်ကိုရွေးတဲ့ကိစ္စ အခဲမကျေဖြစ်ပြီး အားလုံးကိုလျှောက်ရမ်းနေကာပေါ့။ ဟုတ်လား"

မြမြဖူးက ထုံပေပေမျက်နှာနဲ့ နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း မေးကို ပင့်မော့ထား၏။ ပါးစပ်က ဖွင့်မပြောပေမယ့် ထင်ချင်သလိုထင်ဆိုတဲ့ပုံစံမျိုး။ ကျော်စည်သူ မျက်မှောင်ကြုတ် နှုတ်ခမ်းကိုတင်းတင်းဖိကိုက်ကာ သူမကိုစိုက်ကြည့်နေရင်းမှ ရယ်ချင်လာသည်။ ဘာကြောင့် ရယ်ချင်လာမှန်းလည်းမသိချေ။





မြမြဖူးဟာ ဘယ်လောက် မျက်နှာပြောင်တိုက်တိုက်၊ ဗရုတ်ကျကျ သူမသဝန်တိုတတ်တာကိုတော့ ဘယ်တော့မှ ရိုးသားစွာဝန်မခံချေ။

ပြီးတော့ ဟန်လည်းမဆောင်တတ်ဘဲ လိုက်သဝန်တိုနေပုံက ရယ်စရာကောင်းလွန်းသည်။

ဝမ်းထဲကျိတ်ရယ်နေရင်းက ကြာတော့ သူ့ပခုံးတွေ တသိမ့်သိမ့်လှုပ်ပြီး တခွိခွိတခစ်ခစ်အသံတွေ ထွက်လာသည်။

"ဘာရယ်တာလဲ၊ ဘာရယ်စရာပါလို့လဲ"

သူမက မနေတတ်မထိုင်တတ်ဖြစ်သွားပုံနှင့် ရန်ထောင်လေတော့သည်။ နှုတ်ခမ်းစူလိုက်၊ မျက်စောင်းရွယ်လိုက် ပြီးတော့ ပွစိပွစိရေရွတ်လိုက်, လုပ်နေပုံက ကလေးဆိုးကြီးလို။

"ဖူး"

ပခုံးနှစ်ဖက်လုံးကို လက်နဲ့တင်းတင်းဆုပ်ညှစ်ရင်း မျက်နှာနားတိုးကပ်ပြီး ခေါ်လိုက်တာမို့ သူမမျက်လုံးလေး ဝိုင်းသွားသည်။

"နင် ငါ့ကိုသဝန်တိုနေတာမှတ်လား"

ဘယ်သူမှမရှိဘဲ နားနားကပ်မေးပုံက ရင်ခုန်ချင်ဖွယ် တိုးတိုးလေး။ သူမက နှာခေါင်းရှုံ့ နှုတ်ခမ်းကိုစုထော်ပြီး 'သိဘူးလေ'ဟုပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့လိုဖြေလိုက်တာကိုက ဟုတ်ချင်ဟုတ်မှာပေါ့ဟု အဓိပ္ပာယ်ထွက်နေသယောင်ပင်။ ထိုအမှုအရာကြောင့်ပင် သူ့ရင်ထဲက ဒေါသတွေ ပျောက်ကွယ်လွင့်စင်သွားရသည်။

"ငါ နှင့်ကိုသိပ်ချစ်တယ် ဖူး"

သူက တီးတိုးပြောရင်း သူမပခုံးလေးကို တင်းတင်းဖက်ထားသည်။ မြမြဖူးရင်ထဲ ပီတိစမ်းချောင်းလေး ဖြတ်စီးသွားသည်။ သူမလည်း ဘာသားနဲ့ထုထားတာမှတ်လို့။

အပျော်တွေက မျက်ဝန်းကတစ်ဆင့် မျက်ရည်စတွေအဖြစ် လျှံကျသည်။

ဝမ်းသာလို့ မျက်ရည်ကျတယ်ဆိုတာမျိုးလား။ ဘာပဲဖြစ်ဖြစ် သူမ ပျော်ပါသည်။ ချစ်သူရဲ့ အသိအမှတ်ပြု အလေးအနက်ထားခံရခြင်းလောက် စိတ်ကျေနပ်ကြည်နူးဖွယ်ကောင်းသောအရာ ဤကမ္ဘာမှာ တခြားရှိနိုင်ပါဦးမလား။

အစကတည်းက အချစ်ကိုလိုချင်လို့ အချစ်ပေးခဲ့တာ၊ ကျန်တာ ဘာလိုသေးလို့လဲ။

ရွှေပဒေသာစာပေ



အပြစ်ဟူသမျှ
မြူစမမြင်
ရင်ခွင်မျက်ဖြေ၊
နာခံစေ၏။
ချစ်သူ့စကား၊
တမာခါးစေ
သကာပျားတမျှ
နားဝမှာချို
အမြဲကြားလို၏၊
ချစ်သူအပြုံး
ဘယ်မမုန်းနိုင်
တိုင်တည်ထာဝရ
အသက်ထက်ဆုံး၊
သူကငိုစေ၊
ဝမ်းနည်းစေလည်း
ပုလဲကြွေသို့၊
မျက်ရည်မြေခ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ငိုပြမည်။
သူကရယ်စေ
အမိန့်ခြွေလှစ်
ရွှဲသို့ဖြစ်စေ
နှစ်ကြွေအသည်း
ဆတ်ဆတ်ကွဲအောင်
အရယ်မပျက်
ပျော်တော်ဆက်မည့်
ချစ်သူပျော်ပါစေသတည်း။



## အခန်း (၁၁)

သည်လိုနဲ့ပဲ သူတို့နှစ်ယောက် ချော့တစ်ခါခြောက်တစ်လှည့်နှဲ့ရင်း၊ ရယ်လိုက်ငိုလိုက်၊ စိတ်ဆိုးစိတ်ကောက်လုပ်ကြရင်း ပျော်ပွဲရွှင်ပွဲနေ့ကို ရောက်လာသည်။

သီချင်းဆိုပြီးလျှင် အကောင်းဆုံးအတော်ဆုံးလူကိုရွေးပြီး ဆုချီးမြှင့်မည့်အစီအစဉ်တောင် ပါလိုက်သေးသည်တဲ့။ ကျော်စည်သူက မြမြဖူးနာမည်နှင့် ပျော်ပွဲရွှင်ပွဲကြေးကိုထည့်ပေးသည်မို့ အဆင်ပြေသွားပြန်သည်။

သူသီချင်းမဆိုပါဘူးဟူသောကတိကြောင့် အဲဒီနေ့ မြမြဖူး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလာသည်။ မျက်နှာကလည်း ပြုံးပြုံးရွှင်ရွှင်။ ပိုထူးဆန်းတာက လက်ထဲမှာ ပန်းစည်းကြီးနှင့်. . .

"မောင်. အိအိသိမ့်တို့ သီချင်းဆိုဖြစ်လားဟင်"

"အင်း. ဆိုဖြစ်တယ်။ အစီအစဉ်အရ သူက နောက်ကျတယ်။ ယောကျ်ားလေးတွေက အရင်ဆိုမှာ"

"ဪ"

သူမက မျက်ခုံးလေးပင့်ရင်း 'ဪ' ဟုရေရွတ်သည်။

"ဒီပန်းစည်းက ဘာလုပ်ဖို့လဲဟင်"

ကျော်စည်သူက မြမြဖူးလက်ထဲက နှင်းဆီပန်းစည်းလှလှကြီးကို မေးဆတ်ပြပြီး မေးလေသည်။ သူမက ပြုံးရင်း. . .

"ဘာလုပ်ရမှာလဲ၊ သီချင်းဆိုတဲ့လူတွေထဲက ဖူးသဘောကျတဲ့လူကို တက်ပေးမှာပေါ့"

ဟုပြောလေသည်။

ကြက်သွေးရောင်နှင်းဆီဖူးတွေက စိုစိုရဲရဲနှင့် မွှေးပျံ့လန်းဆန်းစွာလှပနေသည်။ ပန်းအစိုတွေချည်းပဲဖြစ်ပြီး အားလုံး အပွင့်သုံးဆယ်လောက်ရှိတာမို့ ပန်းစည်းက လေးနှစ်နေလေသည်။

"ယောကျ်ားလေးတွေကို မပေးရဘူးနော်"





"စိတ်ချပါ မောင်ရယ်။ မောင်ကလွဲရင် ဒီတစ်ကျောင်းလုံးမှာရှိတဲ့ ယောကျ်ားလေးဆို ဖူးက မိန်းကလေးလို့ပဲသဘောထားတယ်"

"ဘယ်လို"

"ဪ. မောင်ကလွဲရင် အားလုံးကို မိန်းကလေးလို့ပဲသဘောထားတယ်လို့ပြောတာ၊ ဒါမှစိတ်မဝင်စားတော့မှာပေါ့ ဟုတ်ဘူးလား"

သူမအယူအဆနဲ့သူမကတော့ ဟုတ်လို့ပင်။

"ဟယ်, မြမြဖူးက ပန်းစည်းတွေဘာတွေနဲ့ပါလား။ ကျော်စည်သူ သီချင်းဆိုမှာထင်တယ်"

"အေးဟယ်, ငါတို့တောင် သူငယ်ချင်းတွေအတွက် ပန်းစည်းမစီစဉ်ခဲ့ရဘူး။ သူယူလာတာမြင်မှ သတိရတော့တယ်"

ဒီလိုဆိုတော့လည်း မြမြဖူးက စိတ်ကူးကောင်းသားပဲဟု ကျော်စည်သူစိတ်ထဲက ကျိတ်ပြီးမှတ်ချက်ချလိုက်မိ၏။

"တွေ့လားမောင်၊ သူတို့တွေက အလကားနေ မိတ်ကပ်လိမ်း နှုတ်ခမ်းနီဆိုး၊ ဆံပင်တွေ ဆက်တင်လုပ်ပြီး လှဖို့ပဖို့ပဲစိတ်ကူးနေတာ၊ တကယ့်တကယ်ကျတော့ ဘာမှအဖြစ်မရှိဘူး"

သူမက လက်မထောင်လျှက် ခပ်ကြွားကြွားလေးပြောသည်၊ အပွဲပွဲမှာ မြမြဖူးဆိုးလာသမျှ ဒီတစ်ကြိမ်တော့ တော်သွားပြန်ရောဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူပြုံးလိုက်မိသည်။

ဒါပေမဲ့ ထိုအတွေးက တစ်နေကုန်အောင် မခံလိုက်။

မကြာခင် ပွဲစတော့၏။

အတန်းထဲက အဆိုဝါသနာရှင်ယောက်ျားလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဆိုကြသည်။

နေလင်းက စိုင်းထီးဆိုင်ရဲ့မောင့်အရိုင်းပန်းကို အရှိုက်အငင်တွေနှင့် ကြေကွဲဆွေးမြည့်ဖွယ် ဆိုသွားသည်။

အားလုံး သီချင်းထဲမှာ မျောနေပြီး လက်ခုပ်တီးဖို့ပင် သတိမရ၊ ဟိန်းကျော်ကတော့ သူနှင့်လိုက်ဖက်သည့်သီချင်းကိုရွေးဆိုသည်။ ဘာပဲ လုပ်ရလုပ်ရတဲ့။

အောက်ကကြည့်နေတဲ့ထဲက ကောင်တွေက. . .

"ပြီးရင် အိမ်သာဆေးရမယ် ဟိန်းကျော်"

ဟု လှမ်းအော်ကြသည်။

ကျော်မင်းခိုင်အလှည့်ရောက်တော့ ခင်မောင်တိုးရဲ့တစ်ပြည်သူ မရွှေထား၊ သီချင်းဆုံးတော့ အားလုံးလက်ခုပ်တီးသည်။ ခင်ထားမြင့် တစ်ယောက်တည်း လက်ခုပ်မတီးဘဲ ကျော်မင်းခိုင်ကို ဘုကြည့်ကြည့်နေ၏။ သူ့ကို ရွဲ့ဆိုလို့တဲ့လေ။





ယောက်ျားလေးတွေအလှည့်ပြီးတော့ မိန်းကလေးတွေအလှည့် ရောက်လာသည်။ နွယ်နီဝင်းက မေဆွိရဲ့မောင်သီချင်းကို စူးစူးနစ်နစ် ဖျစ်ညှစ်အော်ဆိုသည်။

"မောင်×××ဘယ်လိုဖြေဖြေမရတော့ဘူး. . ."

ဆိုတဲ့နေရာရောက်တော့ ကောင်လေးတွေက. . .

"မဖြေနိုင်ရင်တော့ ကျမှာပဲ"

ဟုဝိုင်းအော်ပြီး နောက်ကြပြန်သည်၊ တစ်ယောက်ပြီးတစ်ယောက် ဆိုသွားရင်း အိအိသိမ့်အလှည့် ရောက်လာသည်။ သူမကကျတော့ အမူအရာလည်း လုပ်တတ်သည်။ ရုပ်လည်းမဆိုးတာမို့ အားလုံးငြိမ်သက် အာရုံစိုက်ကုန်ကြသည်။

"မောင်"

"ဟင်"

မြမြဖူး ကျော်စည်သူ့အနားကပ်ပြီး တိုးတိုးလေးခေါ်သည်။

"အိအိသိမ့်ကို ပန်းစည်းသွားပေးပါလား"

"ဟာ, မပေးရဲဘူး၊ ရှက်စရာကြီး"

"မောင်ကလည်း တစ်တန်းတည်းသားချင်း ရှက်စရာမှမဟုတ်တာ၊ သွားပေးပါ။ သူဆိုတာ ကောင်းတယ်၊ အဲ့သီချင်း, ဖူးလည်းကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''အဲ့ဒါဆို ဖူးသွားပေးပါလား''

''ဟင့်အင်း ဖူးမတက်ရဲဘူး၊ သွားပါ မောင်ရယ်၊ သွားပေး,ပေး နော်၊ မောင်နဲ့အိအိသိမ့်က ခင်နေတာပဲဟာ''

ပြောပြောဆိုဆို သူမက ကျော်စည်သူလက်ထဲကို ပန်းစည်းကြီး အတင်းထိုးထည့်ပေးသည်။

ကျော်စည်သူခေါင်းကုပ်ရင်း ပန်းစည်းကိုယူပြီး stage ပေါ်သို့ တက်ခဲ့ရ၏။ နောက်မှာ မြမြဖူးက လက်ပိုက်လျှက် မိန့်မိန့်ကြီးပြုံးကျန် ခဲ့သည်ကိုမသိရှာ။

ဆိုနေသည့်အိအဲသိမ့်ကလည်း ကျော်စည်သူ နှင်းဆီပန်းစည်း ကိုင်လာတာမြင်တော့ အမူအရာတွေပို၊ အပြုံးတွေချိုလာသည်။

ပြုံးထားစမ်း! သဘောကျတယ်မှတ်လား အဲ့လိုဆို။

မြမြဖူး အံလေးကြိတ်ပြီး စိတ်ထဲကပဲ ရေရွတ်ကြုံးဝါးနေမိသည်။ ကျော်စည်သူ့လက်ထဲထည့်ခါနီးကျမှ ပန်းစည်းထဲက ခါချဉ်နဲ့ ပုရွက်ဆိတ် ထုပ်ကို ဖြည်လွှတ်လိုက်တာ၊ ခုလောက်ဆို တယုတယထွေးပိုက်ထားတဲ့ အိအိသိမ့်ရင်ခွင်ထဲက နှင်းဆီဖူးတွေပေါ်ကို အဲ့ဒီရွှဲစရာအင်းဆက်တွေ တရွရွပြေးတက်နေလောက်ပြီ။





အဲ့ပျော်စိတ်လေးက သူမရင်ထဲ တလိပ်လိပ်တက်လာတာမို့ မပြုံး ဘဲ မနေနိုင်။ ကျော်စည်သူက ပန်းစည်းပေးခဲ့ပြီးပြီမို့ မြမြဖူးဘေးနား ပြန်ရောက်လာသည်။

''သူဆိုတာကောင်းတယ်နော် မောင်။ သူ ဆုရမှာသေချာတယ်''

ကျော်စည်သူက မြမြဖူးရဲ့ကြည့်ဖြူမှုကို အံ့သြနေလေသည်။ ဘာ ကြောင့် ဒါလောက်တောင် သဘောထားတွေ ကြီးနေပါလိမ့်ပေါ့။

မြမြဖူးကတော့ သူမကိုအကဲခတ်နေသည့် ကျော်စည်သူ့မျက်လုံး တွေကို မသိကျိုးကျွံပြုကာ အိအိသိမ့်ရဲ့အမူအရာအပြောင်းအလဲကိုပဲ အသာစောင့်ကြည့်နေလိုက်၏။

''ကောင်းကင်ပြာကို ဘယ်သူမျှား××အ××ဆေးရောင်ခြယ် . . . အား. . . ငှက်တွေကို×××အား×××အီး''

ပထမတော့ မသိမသာမဲ့သွားရုံလေး၊ နောက်တော့ သူမမျက်နှာ ရှုံ့မဲ့လာသည်။ သီချင်းဆိုနေရင်းမှာပင် အ. . . အား. . . အီးဆိုတဲ့ ညည်းသံတွေထွက်ကာ ရှုစိရှုစိဖြစ်လာတော့သည်။

ရုတ်တရက် ဘယ်က ဘာကောင်ကိုက်မှန်းလည်းမသိဘဲ ဘာလုပ် လို့ဘာကိုင်ရမှန်းမသိ၊ သီချင်းကိုပဲကျိတ်မှိတ်ပြီး ဆိုနေပုံက အင်မတန် ရယ်စရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သီချင်းစာသားထက် အား. . . အီး ဆိုတဲ့အသံတွေက ကျယ်လာတာမို့ အားလုံးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပါလိမ့်ဖြစ်ကုန်ကြသည်။

“အချစ်ဆိုတာ×××ဘယ်ကမ္ဘာက×××အား. . . အား. . . သေပါပြီ. . . အား”

မြမြဖူးရဲ့ခါချဉ်ခေါ်ပဏီတပ်ကြီးက အိအိသိမ့်ကိုကောင်းကောင်းနှိပ်စက်ကြလေပြီ။ အိအိသိမ့်က နှင်းဆီပန်းစည်းကြီးကို အထိတ်တလန့်ကြည့်ပြီး ပစ်ချကာ အောက်သို့ဆင်းပြေးလေတော့၏။

ထိုအခါမှ အားလုံး အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားကြသည်။ သူမက ပန်းစည်းကိုသာ လွှတ်ချခဲ့သည်။ မိုက်ကရိုဖုန်းကိုတော့ မချသေး။ ထို့ကြောင့် လက်ထဲမှာရှိနေသော မိုက်ကရိုဖုန်းနှင့်ပင်. . .

“ကျော်စည်သူ. . . အား. . . နင် နင်, လူယုတ်မာ၊ အား. . . ဒါသပ်သပ်လုပ်တာမှတ်လား။ ငါ့ကို. . . အား”

ဟုအသံနက်ကြီးနှင့် အော်ဟစ်ရန်တွေ့လိုက်တာမို့ ကျော်စည်သူမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားသည်။ သွားတောင်းပန်ရမလား။ အဓိကလက်သည်တရားခံမြမြဖူးနဲ့ပဲ ရန်ဖြစ်ရမလား။ ဝေခွဲမရ





ခိုက် အိအိသိမ့်က ကိုယ်ပေါ်တက်နေသည့်ပုရွက်ဆိတ်တွေကို ပွတ်သပ်ခါချရင်း ဘယ်လိုမှမရသည့်အဆုံး မိန်းကလေးအိမ်သာဘက်သို့ ပြေးတော့သည်။

သီချင်းဆိုသည့်အစီအစဉ်က ချက်ချင်းရုတ်ရုတ်သဲသဲဖြစ်သွား၏။ ဆိုလို့ပြီးပေမယ့် ဆုပေးဖို့ရွေးမယ့်လူတွေထဲမှာ ကျော်စည်သူ ပါတာမို့ ဘာဆက်လုပ်ရမှန်းမသိဘဲဖြစ်ကုန်သည်။ ရယ်သူကရယ်၊ ပြုံးသူကပြုံးပေါ့။ ထိုစဉ် ဟိန်းကျော်က မိုက်ကရိုဖုန်းကိုကောက်ကိုင်ပြီး. . .

“ဟုတ်ကဲ့၊ အင်္ဂလိပ်စာကျောင်းသူကျောင်းသားများနဲ့ ခုနသီဆိုဖျော်ဖြေသွားသော ဝါသနာရှင်အဆိုတော်များခင်ဗျာ၊ အစီအစဉ်ကတော့ ဒီမှာတင် ပြီးဆုံးပါပြီ။ ဆုပေးပွဲကို မနက်ဖြန်မနက်မှ အတန်းတက်ရင်း ဆက်လက်ကျင်းပသွားပါမည်ခင်ဗျာ”

ဟုကြေငြာလိုက်၏။

အားလုံးထံမှ ဟေးခနဲဝေါခနဲအသံတွေ ညံစီပြီးထွက်လာသည်။ ကျော်စည်သူမှာ မြမြဖူးကို ဒေါသတကြီးအော်ဟစ်ဖို့လှည့်ကြည့်ပေမယ့် မယ်မင်းကြီးမက ဘယ်အချိန်ကတည်းက လစ်ထွက်သွားသည်မသိ။ ဘေးနားမှာ မရှိတော့ချေ။

ထို့ကြောင့် အိအိသိမ့် toilet ထဲက ပြန်ထွက်မလာခင် အခန်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်သို့ အလျှင်အမြန်ပြေးခဲ့ရလေတော့၏။

ကျောင်းဝင်းထဲမှာ သူမကိုသိပ်မရှာလိုက်ရပါ။ လမ်းလျှောက်ရင်း အော်ဟစ်ရယ်မောနေသောသူမကို အဝေးကနေ လှမ်းတွေ့လိုက်ရတော့ ကျော်စည်သူ့ရင်ထဲ ဒေါသတွေအလုံးလိုက်တက်လာသည်။

"မြမြဖူး"

သူ့ရဲ့ခေါ်သံကြောင့် သူမက ခြေလှမ်းကိုတုန့်ပြီး လှည့်ကြည့်၏။ မျက်နှာက မချိုမချဉ် ပြုံးစိစိနှင့်။ သူ ခြေလှမ်းကျဲနှင့်လျှောက်သွားပြီး သူမရှေ့မှာ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

"မြမြဖူး. နင် ငါ့မျက်နှာကိုသေသေချာချာကြည့်စမ်း! "

တင်းမာခက်ထန်လွန်းတဲ့သူ့ရဲ့ခေါ်သံကြောင့် မြမြဖူး ခေါင်းလေးငုံ့သွားရသည်။

"ကြည့်လေ၊ အောက်တန်းကျလွန်းတဲ့စိတ်ဓာတ် နင့်မှာရှိနေတာ ငါမသိခဲ့ဘူး။ အခု ငါမြင်ချင်လို့ ငါ့မျက်လုံးတွေကိုတည့်တည့်ပြန်ကြည့်စမ်းပါ"

သူ့စကားက သူမရင်ကိုအေးစက်ထုံကျင်သွားစေသည်။ အပြစ်ရှိသူတစ်ယောက်မို့ မျက်ဝန်းအစုံက အဓိပတိလမ်းမထက်က ရွက်ခြောက်တွေကိုပဲ ရဲရဲတင်းတင်းကြည့်ဝံ့သည်။ ပြီးတော့ နှုတ်ခမ်းဖျားက တိုး





ဖွဖွအသံလေး ထွက်လာ၏။

"ဖူးတောင်းပန်ပါတယ် မောင်"

"နင့်ပါးစပ်က အဲ့လိုစကားမျိုး ဘယ်နှခါထပ်ကြားနေရဦးမှာလဲ။ လုပ်ချင်တာလုပ်ပြီး တောင်းပန်ပါတယ်ဆိုတဲ့စကားမျိုး လူတိုင်းပြောတတ်တယ်။ အခုနင်လုပ်လိုက်တာ ဘယ်လောက်ရုပ်ပျက်လဲ။ နင့်ရဲ့ပစ်မှတ်က ငါလား အိအိသိမ့်လား။ အဲ့လောက် ဆိုးဆိုးရွားရွားတိုက်ခိုက်ရအောင် ဟိုက နင့်ကိုဘာလုပ်နေလို့လဲ။ နင် သူ့ကိုကြည့်မရလို့ လုပ်တယ်ပဲထား၊ ဘာလို့ ငါ့ကိုလူမိုက်ငှားတာလဲ"

အရာအားလုံးက မောင့်ကိုသိပ်ချစ်လို့။ မောင့်ကိုတစ်ဖက်သတ်ကြွေနေတဲ့အိအိသိမ့်ကို မုန်းလွန်းလို့။ ပြီးတော့ မောင့်ကို သူမုန်းသွားအောင်လို့ ဒီလိုလုပ်မိတာပါဆိုတဲ့အကြောင်းပြချက်တွေက ရင်ထဲမှာပဲ တစ်ဆို့ကျပ်ခဲကာ အပြင်သို့ စကားတွေအဖြစ် ထွက်မလာနိုင်တော့။

"မြမြဖူး နင့်ကိုငါသိပ်ရွံသွားပြီသိလား"

ပြောပြီး ချာခနဲလှည့်ထွက်သွားသောသူ့ကျောပြင်ကို အထိတ်တလန့်မော့အကြည့်မှာ မျက်ရည်တမံ ကျိုးသွားသည်။ မောင်မုန်းသွားမှာ အဲ့သလောက်ထိ ကြောက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက ဆာလောင်တိုင်း
အချစ်လို့ တံဆိပ်ကပ်ထားတဲ့အတ္တကို
လှလှပပထုတ်ပိုးပြင်ဆင်ပြီး ကျွေးမွေးခဲ့တယ်။
ရက်စက်ခြင်းအစစ်အမှန်အတွက်
မျက်ရည်အတုတွေခြွေချ
အလွမ်းနဲ့ယှဉ်တဲ့ညက ဟာသမြောက်သွားတယ်။
ဥပေက္ခာလို့ခေါင်းစဉ်တပ်ခြင်းခံရတဲ့
မသိကျိုးကျွံပြုမှုအတွက်
တောင်းပန်စကားဆိုဖို့
မာနကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတယ်။
နောက်တစ်ကြိမ် ပန်းတွေခူးဖို့
ရှုးချင်ယောင်ဆောင်ပြီး ရောက်လာတဲ့မာယာက
ဂရုဏာသင့် ဝင်ခွင့်ရဖို့
ဆင်ခြင်ဉာဏ်အလစ်မှာ
သစ္စာတရားနဲ့ဆွေမျိုးနီးစပ်တော်ကြောင်း
ထောက်ခံစာ တောင်းခဲ့ကြတယ်။
ဒါနောက်ဆုံးပါပဲလို့
တစ်ရာ့တစ်ကြိမ်မြောက် ရေရွတ်တဲ့နှုတ်ခမ်းတွေက





မားသွားပေါ်က ပျားရည်စက်ကို
အရှက်မဲ့စွာလျက်ဖို့ ဝန်မလေးသလို
မှသားကို မျိုချဖို့လည်း
ကျင့်သားရနေကြပြီတဲ့။
တကယ်တော့...
အမှန်တရားနဲ့ရံတားထားတဲ့
မြို့ရိုးကိုကျော်ဖို့
မေတ္တာတုလွှမ်းမိုးတဲ့ ဖုန်ဆိုးမြေကိုဖြတ်ရတယ်။
မီးတောက်မခြား၊ စည်းမတားပေမယ့်
ဟန်ဆောင်နှောင်တတွေအောက်မှာ
ကိုယ်တိုင်ပဲ ဖောက်ပြန်ရှုးသွပ်တယ်
အဲ့ဒီအတွက် နောက်ဆုံးဆုလာဘ်က
ကျိန်စာသင့်အနမ်းနဲ့၊ နာမကျန်းနှလုံးသားကို
သနားချင်ယောင်ဆောင်လို့
ကိုယ့်ကိုယ်ကိုအဆိပ်ခပ်
ဒါ...အိမ်မက်ပါလို့ ညာပစ်လိုက်ရတယ်။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တကယ်တော့ သူမပစ်လိုက်တဲ့မြားချက်တွေက သူမအား[illegible] တည့်တည့်မတ်မတ်ပြန်ထိခဲ့ရတာပါ။

"ဟဲ့၊ မြမြဖူး။ နင်က ဒီမှာကဗျာထိုင်ရေးနေ။ ကျော်စည်သူက တော့ အီအီသိမ့်နဲ့နှစ်ယောက်တည်း ခုံပြာတန်းလေးမှာထိုင်ပြီး ကြည်နူး နေကြပြီ၊ သိရဲ့လား"

သူငယ်ချင်းမတစ်ယောက်ရဲ့စကားက မြမြဖူးအသည်းနှလုံးကို ဓားနှင့်မွှန်ချလိုက်သည့်နှယ်။ တကယ်တမ်း သူမကိုယ်တိုင် သွားကြည့် တော့မှ မြင်လိုက်ရသည့်မြင်ကွင်းက အမွှန်းခံထားရသည့်အသည်းနှလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို အက်ဆစ်နှင့်ပက်လိုက်သလို ပိုခံရခက်သွားစေသည်။

နာလိုက်တာမှ ဖျပ်ဖျပ်လူးသွားမတတ်ပါပဲ၊ မောင်သာ အိအိသိမ့်နဲ့ချစ်သူတွေဖြစ်သွားရင် သူမတော့ သွက်သွက်ခါရူးသွားနိုင်ပါသည်။

ကြည့်ပါဦး၊ ခုံတန်းလေးပေါ်မှာ နှစ်ယောက်သားပူးကပ်ပြီး ခေါင်းချင်းဆိုင် စကားတွေပြောနေလိုက်တာ တစ်လောကလုံးမှာ သူတို့ချည်းပဲ ရှိတဲ့အတိုင်း။

တစ်ယောက်က တောင်းပန်၊ တစ်ယောက်က ခွင့်လွှတ်၊ ပြီးတော့ အပြန်အလှန်အားနာကြောင်း ဘာညာကွိကွတွေပြောပြီး အပေးအယူ ဖြောင့်နေကြမှာပေါ့။ ခံပြင်းဒေါသစိတ်က ဝမ်းနည်းကြေကွဲဖို့ပင် မေ့လျော့သွားစေသည်။

မြမြဖူးဆိုတာ ဒီလိုကျိတ်ငိုပြီး ဆွေးနေမယ့်မိန်းမမျိုးမှမဟုတ်တာဆိုတဲ့မာန်က ဝင်လာသည်။ ပြီးတော့ ကျော်စည်သူဆိုတာ ပထမနှစ်ကနေ အခု ဒုတိယနှစ်အထိ မြမြဖူးရဲ့တစ်ဦးတည်းသောချစ်သူဆိုတာ လှိုင်တက္ကသိုလ်တစ်ခုလုံးသာမက အလုံးစုံမြင်နိုင်ကြားနိုင်သောသိကြားလည်းသိ၊ နတ်လည်းသိသော တရားဝင်ရည်းစားအရင်းခေါက်ခေါက်ကြီးလည်းဖြစ်သည်။

ဟွန်း. . . ဒါမျိုးလာလုပ်လို့ဘယ်ရမလဲ။





မြမြဖူး လွယ်အိတ်ကိုစလွယ်သိုင်းရင်း ရုပ်အကျီလက်ရှည်ကို တံတောင်ဆစ်အထိရောက်အောင် ခေါက်တင်ကာ ကျော်စည်သူနှင့်အိအိသိမ့်တို့ထိုင်နေသော ခုံတန်းလျားလေးဆီသို့ ခပ်တည်တည်ပဲ ချီတက်ခဲ့သည်။

"ဒိုင်ယာရီသာ စကားပြောတတ်ခဲ့ရင်×××သူလေ ပြောပြလိမ့်မယ်×××ကိုယ်ဘယ်လိုရေးတာ သူအသိဆုံး×××မေ့အချစ်ဆုံးရေ××× ခုံပြာပြာတွေ စကားပြောတတ်ခဲ့ရင်×××သူလေ ပြောပြလိမ့်မယ်×××ကိုယ်ဘယ်လိုဆွေးတာ သူအသိဆုံး×××မေ့အချစ်ဆုံးရေ. . . မေးကြည့်ပါ သူတို့လေးတွေ ပြောပြလိမ့်မယ်×××သူတို့လေးတွေ"

အကျယ်ကြီးအော်ဆိုလိုက်သော မြမြဖူးရဲ့သီချင်းသံကြောင့် စာအုပ်တစ်အုပ်တည်းကို နှစ်ယောက်သား ခေါင်းချင်းဆိုင်ကြည့်နေသော ကျော်စည်သူနှင့် အိအိသိမ့်မှာ အထိတ်တလန့်ဖြစ်စွာ ခေါင်းထောင်ကြည့်လာကြသည်။

မြမြဖူးကိုမြင်တော့ အိအိသိမ့်က မနေတတ်မထိုင်တတ်ဖြစ်သွားပုံနှင့် ကျော်စည်သူကိုလှည့်ကြည့်၏။ ကျော်စည်သူက တစ်ချက်သာ လှမ်းကြည့်ပြီး မျက်နှာတင်းတင်းနှင့် အကြည့်လွှဲကာ စာအုပ်ကိုသာ ငုံ့ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြမြဖူး သီချင်းအော်ဆိုရင်း ကျော်စည်သူ့ဘေးမှာ ဝင်ထိုင်လိုက်တော့ အိအိသိမ့်က မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကျော်စည်သူ့မျက်နှာကို ကြည့်ပြန်သည်။

''စည်သူ, အိ သွားတော့မယ်''

''ဟာ, နေဦးလေ၊ ပြီးရင် အတူတူသွားတာပေါ့။ ဒီမှာ ဒါလေး တစ်ပုဒ်ကျက်လို့ရအောင် ရှင်းပြခဲ့ပါဦး''

''ဟို. . . ဟိုဟာ''

အိအိသိမ့် ဘယ်လောက်ပဲစွာစွာ မြမြဖူးကိုတော့ လန့်သည်။ ဘာကြောင့်လဲဆိုတော့ တစ်ဖက်သားကိုလုလုပပဒုက္ခပေးဖို့ သူများတော့ လိုက်မမီတဲ့ဉာဏ်ရောင်စုံတွေ မြမြဖူးခေါင်းထဲမှာ အပြည့်ရှိနေလို့ပါ

''လိုင်ဘရေရီသာ စကားပြောတတ်ခဲ့ရင်×××သူလေပြောပြလိမ့်မယ်×××ကိုယ်ဘယ်လိုလွမ်းတာ သူအသိဆုံး×××မေ့အချစ်ဆုံးရေ. . .

မြမြဖူးက ကျော်စည်သူ့ပခုံးကိုခေါင်းမှီပြီး သီချင်းကိုအားရပါးရအော်ဆိုပြန်သည်၊ ကျော်စည်သူက တစ်ချက်ငုံ့ကြည့်ပြီး ကျွတ်ခနဲစုတ်သပ်၏။ ပြီးတော့ ထိုင်ရမလိုထရမလိုဖြစ်နေသော အိအိသိမ့်မျက်နှာကို အားတုံ့အားနာကြည့်ကာ. . .

''အိဘယ်မှမသွားနဲ့နော်။ ဒီစာပြီးအောင် ဆက်ရှင်းမယ်''





ဟုပြောလိုက်လေသည်။ မြမြဖူးက သီချင်းကိုအကျယ်ကြီးအော်ဆိုနေတဲ့အပြင် ကျော်စည်သူလက်မောင်းတစ်ဖက်ကိုပါ ဖက်တွယ်လိုက်တာမို့. . .

''မြမြဖူး, နင်ဘယ်လိုဖြစ်နေတာလဲ''

''ဘာဖြစ်လို့လဲမောင်ရဲ့''

''နင် ငါ့ကိုပိုပြီးဒေါသထွက်အောင် လုပ်နေတာလား''

''မဟုတ်ပါဘူး။ မောင်စိတ်ဆိုးနေမှန်းသိလို့ သီချင်းဆိုပြီး ချော့နေတာ''

''ဒီမှာ, ငါ''

''ဟို စည်သူ၊ အိသွားတော့မယ်နော်။ နောက်မှပဲ''

''ဘာမှနောက်တွေရှေ့တွေ လာလုပ်မနေနဲ့။ သွားမှာသွား''

ကြားဖြတ်ပြောလိုက်သော သူမစကားအဆုံး အိအိသိမ့် ချာခနဲလှည့်ထွက်သွားတော့၏။

''နင် အဲ့ဒါက ဘာအချိုးချိုးတာလဲ''

ကျော်စည်သူရဲ့ဒေါသတကြီးအော်သံကြောင့် သူမက မျက်ခုံးတစ်ဖက်ပင့်ကာ. . .

''နင့်မြင်တဲ့အတိုင်းပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ထုံပေပေပြန်ဖြေလေသည်။ သူက တောက်တစ်ချက်ခေါက်၏။ သူမရင်ထဲမှာ အဆမတန်နာကျင်သွားရပေမယ့် နှုတ်ခမ်းထက်က အပြုံးကတော့ နည်းနည်းမှမှိန်ဖျော့အားနည်းမသွား။ ကြည်စင်တောက်ပစွာ ပြုံးထားမြဲပင်ဖြစ်၏။

''နင်တော်တော်မျက်နှာပြောင်တိုက်တာပဲ။ အခု ငါဘာလုပ်နေလဲ၊ မမြင်ဘူးလား''

''မြင်သားပဲ. . . မြင်လို့တမင်လာထိုင်တာ၊ ကိုယ့်ရည်းစားက တခြားမိန်းမတစ်ယောက်နဲ့ ခုံတစ်ခုံတည်းမှာ ပူးကပ်ထိုင်ပြီး ခေါင်းချင်းဆိုင်နေတာကို ငါက ဘယ်လိုသဘောထားကြီးကြီးနဲ့ ကြည့်နေရမှာလဲ''

''သေလိုက်ပါလား''

သူမခေါင်းကို ဆတ်ခနဲပင့်မော့ရင်း မျက်တောင်တစ်ချက်ခတ်လိုက်မိ၏။

''နင်ပြောတာ လွယ်သားပဲမောင်ရဲ့။ ဟင်း၊ နင်ဖောက်ပြန်ချင်တိုင်းဖောက်ပြန်ရအောင် ငါကပဲ သေပေးရဦးမယ်။ တော်တော်တရားကျဖို့ကောင်းတာပဲ''

''ဘာဖောက်ပြန်တာလဲ။ ဒီမှာ စာရှင်းပြနေတာ နင်မမြင်ဘူးလား''





မြမြဖူးက မဲ့ပြုံးတစ်ချက်ခပ်လွန့်လွန့်ပြုံးရင်း သူ့မျက်လုံးတည့်တည့်စိုက်ကြည့်သည်။

''ဪ၊ စာရှင်းပြနေတာလား။ မသိပါဘူး၊ နင်တို့ချင်းကြည်နူးနေတယ်ထင်လို့။ ငါနဲ့လည်း မေဂျာအတူတူပါပဲ၊ တစ်တန်းတည်းမှာ ဒီစာပဲအတူသင်နေရတာ၊ နင်က အိအိသိမ့်နဲ့မှ စာကြောင်းပေကြောင်းဆွေးနွေးချင်တာလား''

ကျော်စည်သူက နှုတ်ခမ်းကိုခပ်ဆဆဖိကိုက်ရင်း သူမကိုစွေကြည့်သည်။

''မေဂျာတူတိုင်း နင်နဲ့စာအတူကျက်ရ၊ ဆွေးနွေးရအောင် နင်က ဘယ်လောက်အသုံးကျလို့လဲ။ နင်အတန်းမှန်တဲ့ရက်ရှိရင် ပြောပြစမ်းပါ''

သူ့စကားက မျက်နှာကိုဖြတ်ရိုက်လိုက်သလို ခံရခက်သွားစေသလို အထင်အမြင်သေးတဲ့အကြည့်တစ်ချက်နဲ့တင် ထိုနေရာမှာ လဲကျအသက်ထွက်သွားစေနိုင်လေသည်။

ရင်ထဲမှာငိုတဲ့မျက်ရည်က ထစ်ချုန်းမိုးလို သဲသဲမဲမဲရွာနေပေမယ့် သူမ မငိုပါ။ အချစ်ရဆုံးရဲ့မျက်နှာကို ပြောရက်လေခြင်းဆိုတဲ့ အံ့သြကြေကွဲစိတ်နှင့် တိတ်တဆိတ်ငေးရင်း သက်ပြင်းသာရှိုက်မိ၏။

''ဟုတ်ပါတယ်။ နင်ပြောသလိုပါပဲ။ မြမြဖူးဆိုတဲ့ငါက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အသုံးမကျတဲ့မိန်းမပါ။ ဒါပေမဲ့ ငါက သိပ်ကိုတော်လွန်းတဲ့ နင့်ရဲ့ ရည်းစားပဲ၊ အဲ့ဒါ နင်မမေ့နဲ့၊ ဘဝမှာ တစ်ခါသူငယ်ချင်းဖြစ်ရင် တစ်သက်လုံးသူငယ်ချင်း၊ တစ်ခါချစ်သူဖြစ်ရင် တစ်သက်လုံးချစ်သူတော်တယ်''

ပြောပြီး ထိုင်နေရာမှ လှည့်ထွက်လာခဲ့သည်။

အဓိပတိလမ်းမက မျက်ရည်တွေကြားမှာ မပီပိုးတဝါးဖြစ်နေသည်။ ဒါပေမဲ့ သူမ အော်ရယ်လိုက်မိသည်။

အော်ဟစ်ရယ်မောရင်း ခေါင်းမော့လျှောက်သွားတဲ့သူမကျောပြင်ကိုကြည့်ပြီး ကျော်စည်သူက ခေါင်းရမ်းသည်။

ဝမ်းနည်းလွန်းရင် ရယ်တတ်တဲ့သူမက သူ့ရဲ့ချစ်သူဆိုတာ တစ်ခါတစ်လေ သူကိုယ်တိုင်ပင် မယုံချင်ခဲ့။

❀ ❀ ❀



## အခန်း (၁၃)

''အဲ့ဒီမှာတင် အန်တီနဲ့ ဦးကျော်စည်သူနဲ့ ပြတ်သွားကြတာလားဟင်''

ဆုကေရဲ့မေးသံအဆုံး မြမြဖူးက အတိတ်ကိုပြန်မြင်ယောင်ရင်း မျက်ရည်ဝိုင်းနေရာမှ အသာအယာပြုံးရင်း ခေါင်းရမ်းပြသည်။

''ဟယ်! အဲ့လိုဖြစ်တာတောင် မပြတ်သေးဘူးပေါ့။ ဦးကျော်စည်သူက အန်တီ့ကိုချော့လို့ ပြန်အဆင်ပြေသွားတာပေါ့နော်''

''မဟုတ်ပါဘူးသမီးရယ်၊ သူလား,ချော့မှာ။ အန်တီက စချော့လို့ အဆင်ပြေသွားတာပါ။ အန်တီနဲ့သူ ရည်းစားဖြစ်ခဲ့တဲ့သက်တမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မှာ တစ်ခုခုပြဿနာဖြစ်တိုင်း အန်တီကပဲစပြီး သတ္တိရှိရှိနဲ့ ဝန်ချတောင်းပန်ရတာပေါ့"

ဆုကေက မြမြဖူးအပြောကိုသဘောကျသလို ခစ်ခနဲရယ်ကာ ဤသို့ပြောလေသည်။

"ဒါဆို သီချင်းထဲကလို မင်းစချော့ပါအချစ်ရယ်ဖြစ်နေတာပေါ့။ ဦးကျော်စည်သူက ယောကျ်ားလေးဖြစ်ပြီး ဘာလို့ ဒီလောက်မာနကြီးရတာလဲဟင်"

"မသိပါဘူးသမီးရယ်၊ ရောဂါပဲ နေမှာပေါ့။ အလကားဘဝင်ရူး"

"အန်တီပဲ သူ့ကိုချစ်နေပြီးတော့"

"ချစ်နေတာ မဟုတ်ပါဘူး။ ချစ်ခဲ့တာပါ"

"ဟင်း. . . အန်တီပဲပြောပြီးတော့၊ တစ်ခါချစ်သူဖြစ်ပြီးရင် တစ်သက်လုံးချစ်သူတော်တယ်ဆို"

မြမြဖူးက ပြုံးတုံ့တုံ့နှင့်မျက်စောင်းရွယ်သည်။

"ကလေးက ကလေးစကားပြောပါ။ လာ, ထမင်းသွားစားမယ်"

"မစားချင်တော့ဘူး။ အန်တီ့ဇာတ်လမ်းပြောပြ"

"ဟဲ့,ဘာပြောရမှာလဲ။ ဒါပဲ"

"ဟင်, တန်းလန်းကြီး။ ကိုးရိုးယားဇာတ်လမ်းတွဲလား"





"ဩော်, ဒီကောင်မလေးတော့ ခက်နေပါပြီ၊ ထ, ဆယ့်တစ်နာရီ ထိုးတော့မယ်။ ထမင်းသွားစားရအောင်။ နောက်မှဆက်ပြောပြမယ်။ အများကြီးကျန်သေးတယ်။ ဒါ မှတ်မှတ်ရရကိစ္စတွေ ရွေးပြောတာ။ ကျောင်းတက်ခဲ့တဲ့လေးနှစ်စာလုံးပြောပြရင် တစ်ထောင့်တစ်ညပုံပြင် ဖြစ်သွားလိမ့်မယ်"

"ဒါဆို ဇာတ်သိမ်းမပြောသေးဘူးပေါ့။ ဒီလိုလား"

"ဘုရားရေ! ကျုပ်ဇာတ်လမ်းက ဇာတ်သိမ်းကိုမရှိသေးတာ"

"ဘာမှမပူနဲ့ အန်တီ၊ ကောဝင်လိုက်ရင် ဇာတ်လမ်းက တစ်ခါတည်း ပွဲသိမ်းသွားမှာ"

"ဩော်, ဇာတ်သိမ်းခန်းမှာ လွမ်းစေသတည်းပေါ့၊ ဟုတ်လား"

"ညားကြလေသတည်းဆို ပရိသတ်ပိုကြိုက်တာပေါ့"

မြမြဖူးက နှာခေါင်းလေးရှုံ့ရင်း ပခုံးတွန့်ကာ. . .

"သင်းနဲ့တော့ ဇာတ်မပေါင်းချင်ပါဘူး"

ဟုခပ်တိုးတိုးရေရွတ်မိလေသည်။ သို့သော် ထိုစကားကို စိတ်ပါလက်ပါပြောခြင်းမဟုတ်မှန်း သူမကိုယ်တိုင်သိနေသလို ဆုကေလည်း သဘောပေါက်ဟန်နှင့် မျက်ခုံးပင့်ကာ ဟက်ဟက်ပက်ပက်ရယ်မောနေလေသည်။ တမင်လုပ်ရယ်နေတာ အသိသာကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. ထမင်းစားဖို့တော့ သတိရသေးတာကိုး။ ဟဲ့. ပုလုံး၊ ထမင်းခူးပေးလိုက်"

"မေမေရော မစားသေးဘူးလား"

"မစားသေးဘူး။ မနက်က ထမင်းကြော်စားထားတာ နည်းနည်း ရင်ခံနေလို့"

"အဲ့ဒါဆို ငှက်ပျောသီးလေးတစ်လုံးလောက် စားထားပါလား မေမေ၊ ငှက်ပျောသီးက အစာကြေလွယ်တယ်၊ ဗိုက်တွေဘာတွေလည်း အဆာလွန်ပြီးအောင့်မှာ မပူရတော့ဘူးပေါ့"

"အေး. ကောင်းသားပဲ"

ဒေါ်သင်းစုက ရေခဲသေတ္တာထဲမှ ငှက်ပျောသီးသွားယူပြီး စား သည်။ ဆုကေက မိခင်အပေါ်ကြင်နာသောမြမြဖူးကို ငေးကြည့်နေ၏။

"မမကြီး အဆင်သင့်ဖြစ်နေပြီ"

"လာပြီဟေ့"

ပုလုံးကို ခပ်သောသောပြန်အော်လိုက်သောသူမကို မေမေက မျက်မှောင်ကြုတ်ကြည့်သည်။

နှုတ်က ဖွင့်မပြောပေမယ့် မကြီးမငယ်နဲ့ ဒီလိုပေါ်တောတောနေ စရာလားဟုအကြည့်တွေနှင့်မာန်မဲလိုက်တာကို ဆုကေလည်းရိပ်မိ၏။





ထို့ကြောင့် ဘွားဘွားအလစ်ရောက်မှ ဖက်ကလေးပုရင်း ကျိတ် ရယ်ရသေးသည်။

"အတော်ပဲ၊ မေမေလစ်တုန်း မနက်ဖြန် စလှုပ်ရှားရမယ့်အစီ အစဉ် ဆွေးနွေးရမယ်"

"မနက်ဖြန်. မနက်ဖြန် ကေ မအားဘူးအန်တီရဲ့၊ မနက်ဖြန် သင်တန်းရှိတယ်။ ကေ.က KMDမှာ ကွန်ပျူတာသင်တန်းတက်နေတယ် လို့ အန်တီ့ကိုပြောပြထားတယ်လေ"

"ဘယ်နေ့တွေ တက်ရတာလဲဆိုတာမှပြောမထားတာ။ ဒါဖြင့် သန်ဘက်ခါအေ"

"သန်ဘက်ခါက speaking..."

"ဒါဆို တစ်ပတ်လုံး မအားဘူးပေါ့"

"ဟဲဟဲ. speaking က ညနေပိုင်းမှ၊ မနက်ပိုင်း အားတယ်"

"ဒီလိုလုပ်စမ်းပါ။ သန်ဘက်ခါမနက် စပြီးလှုပ်ရှားကြတာပေါ့"

"နေပါဦးအန်တီရဲ့၊ ဘာကိုလှုပ်ရှားမှာလဲ၊ ကေလည်း ဘာမှမသိ ရသေးဘူး။ တော်ကြာမှ အိုးနင်းခွက်နင်းတွေဖြစ်ကုန်မယ်"

"အမယ်လေး. ဘာမှမပူနဲ့၊ အိုးတွေခွက်တွေလည်း နင်းစရာ အကြောင်းမရှိဘူး။ ပန်းကန်တွေ၊ ဇွန်းတွေလည်း မနင်းရဘူး။ အခု



www.burmeseclassic.com

www.burmeseclassic.com



လက်ချာပေးမယ်။ သေချာနားထောင်ထား"

"OK...ရက်(စ်)ဆာ၊ ရှွေလိမ္မော်ရက်ဆား. . . ဟဲဟဲ"

ဆုကေက ပြောင်ချော်ချော်လေးပြန်ပြောပြီး ထမင်းကိုငုံ့စားသည်။

သူမကတော့ အကြံအစည်တွေအတွက် သဘောကျစွာပြုံးလိုက်မိလေတော့၏။

တွေ့ကြသေးတာပေါ့ ကျော်စည်သူရယ်။

ဣ ဣ ဣ



## အခန်း (၁၄)

မြမြဖူးပြောတာတွေကို ခေါင်းတညိတ်ညိတ်နှင့်နားထောင်ပြီး ဆုကေက တဟိဟိရယ်မောသဘောကျနေသည်။

သူမက ရင်ခုန်ချင်သလို ရင်တုန်ချင်သလိုဖြစ်နေပေမယ့် ဆုကေကတော့ အလွန်အူမြူးနေတော့၏။

"ဟဲ့, ဘယ်လိုဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ၊ ပြောပြီးပြီနော်၊ တစ်ခုခုဆို လုံးဝတိမ်းစောင်းလွဲချော်သွားလို့မရဘူး"

"အင်းပါ၊ ကေသိပါတယ် အန်တီရဲ့။ ကေက ရယ်ချင်နေလို့ပါ။ အန်တီ့ကို မေမေလို့ခေါ်ရမှာကြီးကိုတွေးပြီး အဟိ, ဘယ်လိုရယ်ချင်မှန်း



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး''

မြမြဖူးက ခါးထောက်ရင်း မျက်စုံးပင့် သက်ပြင်းရှိုက်ကာ. . .

''ရယ်ချင်လို့မရဘူး မရွှေချောရေ၊ ဒီစစ်ဆင်ရေးမှာ ဒီအခေါ် အဝေါ်က အဓိကပဲ။ ဒါကလည်း လိုအပ်မှခေါ်ရမှာပါ။ အလကားနေ ရင်း မခေါ်ရပါဘူး။ ရှင်အဲ့လိုခေါ်ရင် ကျုပ်က ပိုပြီးကြက်သီးထလွန်းလို့''

''ဒါပေမဲ့ ခုကတည်းက အစမ်းခေါ်ထားကြည့်မယ်နော်၊ မေမေ''

''ဟဲ့၊ ဘယ်လိုကြီးလဲ''

မြမြဖူး တကယ်ပဲ ရင်တုန်သွားမိပါသည်။ အဲ့ဒီအခေါ်အဝေါ်ကြီး ဟာ တကယ်ပဲ သူမကိုကျောချမ်းစေတာဖြစ်သည်။ ရင်ထဲ တလှိုက်လှိုက် တလှပ်လှပ်နှင့် တစိမ့်စိမ့်တွေးရင်း အသည်းယားလာသည်။

''မေမေ''

''တော်ပါတော့ဟယ်၊ ဒီလောက်ဆိုရပါပြီ။ အန်တီ ရင်တွေတုန် လွန်းလို့''

''ကေလည်း လျှာတွေယားနေတာ။ အန်တို့လိုလှတပတအချော စားလေးကို တကယ်ဆို မမလောက်ပဲခေါ်သင့်တာ။ မေမေဆိုတော့ ခေါ် ရမှာတောင် အားနာတယ်''

ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို ဆုကေနှင့်မြမြဖူးမှာ ကြို





တင်ဇာတ်တိုက်နေရသေးသည်။

အကြံအစည်က ဒီလို. . .

ကျော်စည်သူက plaza မှာ Mobile ဖုန်းအရောင်းဆိုင် ဖွင့် ထားတာမို့ သူမတို့နှစ်ယောက်က အဲ့ဒီရှေ့ကနေ ကျော်စည်သူ မြင်အောင် တွဲလျှောက်ရမည်။ ပြီးတော့ ကျော်စည်သူ့ရှေ့မှာ ဆုကေက မြမြဖူးကို မေမေလို့ခေါ်ပြီး သမီးရင်းတစ်ယောက်လို ဘာညာသာရကာလေးတွေ ပြောပြီး ပိပိရိရိသရုပ်ဆောင်ရမှာဖြစ်သည်။

ဒါက သူမတို့နှစ်ယောက် ခေါင်းချင်းရိုက်ဆွေးနွေးထားတဲ့ ကျော် စည်သူ့ကို ပညာပေးရေး၏ ပထမဆုံးဇာတ်ဝင်ခန်းဖြစ်သည်။

❀

''ကြည့်စမ်း ကေက အခုလိုဝတ်စားလိုက်တော့ အန်တီငယ်ငယ် က ပုံစံလေးအတိုင်းပဲ။ ဒီဂါဝန်လေးက အန်တီနဲ့သူ ရည်းစားဖြစ်ပြီး အင်လျားမှာချိန်းတွေ့ကြတော့ ဝတ်တဲ့အင်္ကျီလေးပေါ့။ အမှတ်တရသိမ်း ထားတာ''

''နည်းနည်းတော့ ပုံတုံးနေပြီနော်၊ လက်ပြက်မို့တော်သေးတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ဒီဖဲပြားတွေကြိုးတွေက ကလေးကလား၊ ကေနဲ့နည်းနည်းပွနေသလား လို့''

''မပွပါဘူး အတော်ပဲ။ အင်း၊ ကေ့ကို ဒီပုံစံလေးနဲ့သူမြင်လိုက် လို့ တအံ့တသြဖြစ်သွားရင်တော့ မြမြဖူးဆိုတဲ့ရည်းစားဦးကို သူမမေ့သေး တာ သေချာပြီပေါ့။ ပြီးတော့ သူလေးက ဘယ်သူ့သမီးလေးပါလိမ့်ဆို ပြီး စိတ်ဝင်စားမှာ အသေအချာပဲ''

မြမြဖူးက သူ့အတွေးနှင့်သူ သဘောကျရင်း ခပ်ငေးငေးလေးပြုံး သည်။

ကေကတော့ သူမရဲ့အနုစ်ရှုစ်သောင်းက ဂါဝန်ကိုဝတ်ရင်း plaza ထဲကိုဝင်ရမှာ အသည်းတယားယား ရင်တထိတ်ထိတ်နှင့် စိတ်တွေမလုံ မလဲဖြစ်နေရ၏။ ကေ့ပုံစံက တကယ်ပဲ အန်တီမြမြဖူး ငယ်ငယ်ကရုပ်နဲ့ တူနေပြီလား၊ တောမရောက်တောင်မရောက် အူကြောင်ကြားရုပ်ပဲ ထွက် နေပြီလား။ ကိုယ့်ကိုယ်ကိုတောင် မဝေခွဲတတ်တော့ချေ။

plaza ထဲရောက်သွားတော့ မြေညီထပ်မှာကတည်းက အန်တီ့ ခြေလှမ်းတွေ တွန့်ဆုတ်ဆုတ်ဖြစ်နေတာ သတိထားလိုက်မိသည်။

''အန်တီဘာဖြစ်နေတာလဲ ကြောက်လို့လား''

မြမြဖူး ဆုကေကိုလှည့်ကြည့်ကာ. . .





''မကြောက်ပါဘူး။ ဘာလို့ကြောက်ရမှာလဲ၊ စိတ်လှုပ်ရှားနေလို့ ပါ''

ဟုပြန်ဖြေလေသည်။

ဆုကေက လျှာလေးထုတ်ပြီး တခိခိရယ်နေသည်။

''အေး၊ ရယ်ရယ်. . . ဝအောင်ရယ်ထား။ ပြီးမှတစ်လွဲမလုပ်နဲ့''

''အန်တီပဲ ခုကတည်းက ကြောက်ပြီး တွန့်ဆုတ်တွန့်ဆုတ်ဖြစ် နေပြီ၊ သွားပါ၊ ရှေ့က ရဲရဲတင်းတင်း''

''သွားနေပါတယ်ဟဲ့၊ တကတည်းမှပဲ သူကချည်း အမေလုပ်နေ တော့တာပဲ၊ ဒီမှာရင်ထိတ်နေရတဲ့ကြားထဲ''

''သိပါတယ်၊ အန်တီရင်ခုန်သံတွေမြန်နေတယ်ဆိုတာ တဒုတ် ဒုတ်နဲ့ ကေတောင် ကြားနေရတယ်''

ဆုကေစကားကြောင့် သူမ ရုက်ပြုံးလေးပြုံးလိုက်မိသည်။

''ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ''

''ဟဲဟဲ၊ အန်တီရှက်နေပြီ၊ သေချာတယ်။ ဒါ အန်တီ စိတ်တွေ မူမမှန်တော့လို့ပဲ''

ကေပြောကာမှပဲ သူမစိတ်တွေထဲမှာ မသိမသာဖြစ်နေရတာလေး တွေက ပိုဆိုးလာတော့၏။ ယခင်က plaza ကိုလာတိုင်း သူ့ဆိုင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မသွားမိအောင်ထိန်းရင်း အကွယ်ကနေ ပုန်းလျှိုးကွယ်လျှိုးခိုးကြည့်ရုံနဲ့တောင် စိတ်လှုပ်ရှားခဲ့ရတာ။ ယခုလို နဖူးတွေ့ဒူးတွေ့ကြီး သွားရမယ်ဆိုတော့ ဘာပြောကောင်းမလဲ။

ဆယ်ကျော်သက်ကလေးလို ရှက်သလိုလိုကြောက်သလိုလိုဖြစ်နေရတာမို့. . .

"ကေ"

"ရှင်.အန်တီ"

"သမီးပဲ သွားလိုက်တော့၊ အန်တီ ဒီဘက်က ဆိုင်မှာဝင်ကြည့်ရင်းနေခဲ့မယ်"

"ဖြစ်ပါ့မလား၊ အန်တီမပါဘဲနဲ့ ကေ့ကိုဘယ်လိုလုပ်သတိထားမိမှာလဲ"

"သတိထားမိအောင် ကေက အဲ့ရှေ့က ခဏခဏဖြတ်ပြီး လမ်းသလားပြပေါ့။ သွားပါ, ကေက လိမ္မာပါတယ်။ အန်တီ ဒီကနေ လှမ်းအကဲခတ်မယ်။ ဟုတ်ပြီလား"

ကေက ပခုံးလေးတစ်ချက်တွန့်ကာ လက်ဖြန့်ရင်း. . .

"အင်းလေ အန်တီက သွားဆိုတော့လည်း သွားရတာပေါ့။ အခြေအနေမထူးခြားရင် ကေ့ကိုအပြစ်မတင်နဲ့နော်"





ဟု သူမကိုယ်သူမ အပြစ်လွတ်အောင်ပြောပြီး လှည့်ကြည့်လှည့်ကြည့်လုပ်ကာ ထွက်သွားလေတော့၏။

မြမြဖူးမှာ ခုန်နေသောရင်ကိုအသာဖိရင်း တိုင်တစ်တိုင်မှာ ကျောမှီလျက် ခဏရပ်နေရသေးသည်။

ဆုကေကတော့ အန်တီမြမြဖူးတာဝန်ပေးသည့်အတိုင်း ဆိုင်ရှေ့ကနေ စလိုးမိုးရှင်း (slow motion) နဲ့ ဖြတ်လျှောက်ရလေသည်။

ထိုသို့ဖြတ်ရင်း ဆိုင်ဘက်ကိုလှည့်ကြည့်တော့ ဟန်းဆက်တွေထည့်ထားသည့် ရှိုးကေ့(စ်)နောက်မှာရပ်ရင်း ဖုန်းပြောနေသည့်လူတစ်ယောက်ကိုတွေ့လိုက်ရပါသည်။

"ဟင်း. အန်တီပြောတော့ ဦးကျော်စည်သူက သူနဲ့အသက်အတူတူပဲဆိုပြီး ခုကျတော့ ဦးကျော်စည်သူက အသက်နှစ်ဆယ်ကျော်အတိုင်းပဲ၊ ရုပ်က နုလိုက်တာ။ ဟုတ်မှဟုတ်ရဲ့လား။ ဟုတ်မှာပါ။ အရွယ်တင်လို့နေမှာ။ ဒုက္ခပဲ၊ ငါ့ကိုမကြည့်ဘဲ ခေါင်းကြီးမော့ပြီး ဖုန်းပြောနေလိုက်တာ၊ နောက်တစ်ခေါက် လျှောက်ဦးမှထင်တယ်"

ဆုကေမှာ ရှေ့နားနည်းနည်းလွန်မှ တစ်ခုခုကိုသတိရဟန်နှင့်နောက်သို့ပြန်လှည့်ကာ ဆိုင်ရှေ့သို့ တစ်ခါပြန်ဖြတ်လျှောက်ရသည်။ ဒါလည်း ဟိုလူက မကြည့်သေး။ ခါးလေးတစ်ဖက်ထောက်၊ လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က မေးစေ့လေးကိုကုပ်ရင်း ဟိုဟာဝယ်မလို ဒီဟာကြည့်မလိုနှင့် နောက်တစ်ခေါက် ပတ်ချာလှည့်ရပြန်သည်။

ဒုက္ခပါပဲ. . . ဒီလူကြီးကသာ ငါ့ကိုမကြည့်တာ၊ တခြားဆိုင်က အရောင်းဝန်ထမ်းတွေက ကြည့်ကုန်ပြီ။ ဒီနားတင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေမှာတော့ လူကို အရူးလိုလိုသူခိုးလိုလို ထင်ကုန်ပြီထင်တယ်။

တော်ပြီ. . . လစ်တော့မယ်။

အခြေအနေက ဘာမှလည်းမထူးဘူး။

ဆုံးဖြတ်ချက်ချပြီးတာတောင် ကေ့ကိုသတိထားမိလိုထားမိငြား ဆိုင်ရှေ့နားက ကပ်လျှောက်လာလိုက်သေးသည်။ ထိုအခါမှပင်

"ဟယ်, ကြည့်ပြီ" ကေ့နှုတ်က အသံမထွက်ဘဲ ရေရွတ်မိသွားသည်။ ဒါပေမဲ့ ထိုလူက ချက်ချင်းမျက်နှာလွှဲသွား၏။

"သွားပါပြီ"

ကြိုးစားထားသမျှ အရာမထင်တော့။ အန်တီ့အတွက် ကေ စိတ်မကောင်းဖြစ်သွားရ၏။

မြမြဖူးမှာ ခေါင်းငိုက်စိုက်ချကာ တစ်လှမ်းချင်းလျှောက်လာသော ကေ့ကို တိုင်ကွယ်မှချောင်းကြည့်ပြီး ဒီဘက်ပြန်လှည့်ခိုက်. . .

"ဘုတ်"





"အင့်"

"အမယ်လေး"

တစ်ယောက်ယောက်နဲ့ဝင်တိုက်မိပြီးဆိုတာ သိလိုက်ရတော့ မျက်မှန်ကိုင်းကို လက်တစ်ဖက်ကကိုင်ပြီး မျက်လုံးကိုစုံမှိတ်ထားလိုက်ရ၏။

"ဆော. . . ဆောရီး"

ပါးစပ်ကလည်း တောင်းပန်ရင်း မျက်လုံးကို သေသေချာချာပြန်ဖွင့်တော့မှာ သူမမှာ. . .

"ဟင်"ခနဲဖြစ်သွား၏။

ပြီးတော့. . .

"မောင်"လို့ အသံမထွက်ဘဲ ရေရွတ်မိလာသည်။

ကျော်စည်သူလည်း ကိုယ့်ရှေ့က လုလုပပဝတ်စားပြင်ဆင်ထားသောအမျိုးသမီးဟာ မြမြဖူးဖြစ်နေသည့်အတွက် အံ့သြခြင်း၊ မယုံနိုင်ခြင်းနှင့်အတူ

"ဖူး"

ဟု နှုတ်ခမ်းလှုပ်ရုံသာ ခေါ်လိုက်မိ၏။

ကျောင်းတုန်းကနှင့် တစ်ခြားစီဖြစ်ကာ ခေတ်မီဆန်းသစ်သော အပြင်အဆင်တွေနှင့် အလှကြီးလှပြီး ကျက်သရေရှိရှိ ခန့်ညားတင့်တယ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကြောင့် ခြေဆုံးခေါင်းဆုံးမျက်လုံးပြူးကြည့်နေမိသည်။

"ဖူး. . . အဲ့ မြမြဖူးနော်"

သူမက ယောင်တောင်ပေါင်တောင်ပုံစံနှင့် ခေါင်းကိုခပ်သွက်သွက် ညိတ်ရင်း မျက်လုံးအဝိုင်းသားနှင့် သူ့ကိုမော့ကြည့်နေသည်။

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒါနဲ့ မောင်က အဲလေ, ဟိုဟာ သူက ဒီမှာဘာလုပ်နေတာလဲ"

မကြားရတာကြာပြီဖြစ်တဲ့သူမအသံကို ကြားမိစဉ် သူ့ရင်အစုံက ပူနွေးလှုပ်ခတ်လာလေသည်။ အမြင်ကပ်တာတွေ၊ ကြည့်မရတာတွေက ချက်ချင်းရှာမရအောင် ပျောက်ကွယ်ကာ အရင်နဲ့မတူ တစ်မူထူးခြားကာ ပစ်ရက်စရာမရှိအောင် လှနေသော မြမြဖူးရဲ့အသွင်အပြင်မှာ သူ့အာရုံက ပစ်စလက်ခတ်ကို တွယ်ငြိသွားတော့တာဖြစ်၏။

"ကိုယ်က ဒီမှာဆိုင်ဖွင့်ထားတာလေ။ ရှေ့နားမှာပဲ အခုပဲ အပြင် ထွက်ပြီး ကော်ဖီသွားသောက်နေလို့ ဆိုင်မှာ အသိတစ်ယောက် ခဏထား ခဲ့တာ၊ ဒါနဲ့ ဖူးက ဈေးဝယ်လာတာလား"

အခေါ်အဝေါ်တွေတောင် ပြောင်းပါရော့လား။

သူ့ကိုယ်သူ 'ကိုယ်က' တဲ့။ အင်းလေ, အရင်ကနဲ့မတူတော့တဲ့ gentleman...ကိုး။





"မတွေ့တာတောင်ကြာပြီနော်။ ဘယ်တုန်းက ပြန်ရောက်တာလဲ ဟင်"

ဒါကလည်း တမင်မေးတာပါ။ သူ ဘယ်နေ့က ပြန်ရောက်သလဲ ဆိုတာ မသိဘဲနေမလား။

တိုင်အကွယ်မှာရပ်ပြီး အန်တီနဲ့ဟိုလူကြီး စကားပြောတာတွေ ကို နားစွင့်နေသောဆုကေမှာ ခုမှပင် ဖတ်ရည်လည်သွားတော့၏။ ဒီ တော့ သူမ သရုပ်ဆောင်ရမည့် အချိန်အခါကောင်းဆိုတာ ကောင်းစွာ သဘောပေါက်ရလေသည်။

"ဖူးက အရင်နဲ့မတူတော့ဘူးနော် ပိုလှ. . ."

"မေမေ, သမီးတော့ ဗိုက်ဆာလာပြီ၊ မေမေရော ဝယ်လို့ပြီးပြီ လား"

"ဟယ်!"

"ဟင်!"

ရုတ်တရက်ကြီးရောက်လာသောကောင်မလေးကိုကြည့်ပြီး ကျော် စည်သူ အံ့သြမင်တက်သွားရလေတော့၏။

ကောင်မလေးက ဖူးကို မေမေတဲ့လား။ ခုန ရင်ခုန်စပြုနေတဲ့ ခံစားချက်က တစ်ဝက်တစ်ပျက်မှာ လန့်နိုးရတဲ့အိပ်မက်လိုဖြစ်ကာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါဖြစ်နေမိ၏။

မြမြဖူးမှာလည်း ကျော်စည်သူရဲ့ပြောင်းလဲသွားသောဆက်ဆံရေးနှင့် အရေးတယူစိတ်ဝင်စားလာမှုအပေါ် နစ်မျောသာယာကာ ကြည်နူးစိတ်လှုပ်ရှားနေခိုက် ရုတ်တရက် အငိုက်ဝင်လိုက်သလို ခေါ်ချလိုက်တဲ့ ဆုကေရဲ့ မေမေခေါ်သံကြောင့် အောင့်သက်သက် မအီမလည်ဖြစ်သွားရသည်။

ကိုယ်တိုင်ရေးတဲ့ဇာတ်မို့ မကချင်လို့လည်း မရ၊ ဒီအခြေအနေရောက်မှ မထွေးနိုင်မအန်နိုင်နှင့် ကိုယ့်ဇာတ်ကို မသယ်နိုင်လျှင် ပေါက်ကရတွေ လျှောက်ဖြစ်ကုန်တော့မည်။

"ဒါ ဒါ, ဖူးရဲ့သမီးလား. . . ဖူးက"

"ဟို အဲဒါ, ဒီလို အဟင်း. . . နောက်မှ နောက်မှတွေ့မယ်နော်၊ လာ, သမီး၊ သွားရအောင်"

မြမြဖူးမှာ ဆုကေလက်ကိုဆွဲကာ ကျော်စည်သူရှေ့မှ မပြေးရုံတမည်ခြေလှမ်းတွေနှင့် ထွက်လာခဲ့ရသည်။

ဆုကေက ကျော်စည်သူကိုလှည့်ကြည့်ကာ သူမဆွဲခေါ်ရာနောက် အပြေးကလေး ပါလာ၏။

ကမန်းကတန်းထွက်သွားတဲ့ မြမြဖူးနောက်ကျောကိုကြည့်ပြီး





နှမြောတသစွာ ခေါင်းခါလိုက်မိသူက ကျော်စည်သူ။ တကယ်တော့ ဒါက ဘယ်လိုမှယုံနိုင်စရာလည်းမရှိ။

ရင်ထဲမှာ လှိုက်ခနဲ လစ်ဟာသွားတဲ့ ခပ်နင့်နင့်ခံစားမှုတစ်ခုက ထူးဆန်းစွာပေါ်လာသည်။ မြမြဖူးနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှအလေးအနက်မထားခဲ့သလောက် ခုတော့ နှမြောတသခြင်း၊ ယူကြုံးမရ ကြေကွဲခြင်းတွေထက်ပိုသော ဝမ်းနည်းစိတ်က သူ့ရင်မှာပေါ်လာသည်။

ဘာကြောင့်မှန်းလည်း စဉ်းစားလို့မရ။

သူဘောင်းဘီအိတ်ထဲကဖုန်းကိုထုတ်လိုက်ပြီး ထွန်းလင်းနိုင်ကို လှမ်းခေါ်လိုက်သည်။

"ဟဲလို, ထွန်းလင်းနိုင်၊ ငါပါ"

"ပြော, သူငယ်ချင်း၊ ဘာကိစ္စရှိလို့လဲ"

"မင်း ဒီညအားလား"

"အင်း, အားပါတယ်။ ဘာဖြစ်လို့လဲ"

မြမြဖူးအကြောင်း သူပြောသင့်မပြောသင့် ခေတ္တတွေဝေစဉ်းစားနေမိသည်။ ပြီးမှ. . .

"ငါ မင်းနဲ့တွေ့ချင်လို့၊ အေးအေးဆေးဆေးစကားပြောချင်လို့ပါ"

"ကောင်းပြီလေ၊ ငါတို့သွားနေကျဆိုင်ပဲ သွားတာပေါ့။ အရင်



www.burmeseclassic.com

www.burmeseclassic.com



စချိန်းတဲ့လူက ရှင်းရမှာနော်''

''အေးပါကွာ''

ထွန်းလင်းနိုင်နဲ့တွေ့ဖို့ချိန်းပြီးသွားသည့်အတွက် နည်းနည်းစိတ်အေးသွားရပေမယ့် မြမြဖူးနဲ့သူ့သမီးဆိုတဲ့ကိစ္စကတော့ သူ့ကိုအတော်လေး ဦးနှောက်ခြောက်သွားစေသည်။

ဒါဟာ သူ ဘယ်လိုမှမထင်မှတ်သောအဖြစ်မို့ ထိတ်လန့် အံ့သြနေတာလည်းဖြစ်၏။

ဏှ ဏှ ဏှ



## အခန်း (၁၅)

''မင်းဘာပြောလိုက်တယ်? ''

ဘီယာခွက်ကို နှုတ်ခမ်းနားတေ့ထားပြီးမှ ကျော်စည်သူပြောလိုက်သောစကားကြောင့် ထွန်းလင်းနိုင်က ဖန်ခွက်ကိုပြန်ချပြီး မေးလိုက်ခြင်းဖြစ်၏။

ကျော်စည်သူက ဝက်ခေါက်ကင်တစ်ခုကို တူနှင့်ညှပ်ပြီး မစားသေးဘဲ ငေါင်တောင်တောင်ပုံစံနှင့်ငေးနေသည်။ မြမြဖူး အိမ်ထောင်ကျသွားပြီဆိုတဲ့ကိစ္စကို ထွန်းလင်းနိုင်ဆီက အတည်ပြုချက်တစ်စုံတစ်ရာတောင်းဖို့ဖြစ်ပေမယ့် သူထပ်မေးရမှာ နှုတ်ဆွံ့ဝန်လေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စည်သူ"

"ဟင်"

"ခုနမင်းပြောလိုက်တာ မြမြဖူးက ကလေးနဲ့ဟုတ်လား။ ဘာကလေးလဲ ရှင်းရှင်းပြောစမ်းပါ။ ငါတော့ မသောက်ရသေးခင် မူးချင်လာပြီ"

"မြမြဖူး အိမ်ထောင်ကျတာ ငါဘာလို့မသိလိုက်ရတာလဲ"

"ဟမ်. . . ဘာ, မြမြဖူး အိမ်ထောင်ကျတယ်။ အဲ့ဒါ ဘာစကားလဲ။ ဘယ်တုန်းက အိမ်ထောင်ကျသွားတာလဲ"

ထွန်းလင်းနိုင်ကပင် အူကြောင်ကြောင်ပြန်မေးနေသေး၏။ သူနဲ့မကြာခဏတွေ့တိုင်း မြမြဖူးအကြောင်းပြောပေမယ့် အိမ်ထောင်ကျသွားတဲ့ကိစ္စကတော့ တစ်ခါမှမပြော။ သူလည်းမသိလို့ဘဲလား။

"မြမြဖူး့အိမ်ထောင်ကျသွားတာ မင်းမသိလိုက်ဘူးလား"

"အေးလေ, မသိပါဘူးဆို၊ ဘယ်တုန်းကလဲလို့"

"ငါလည်း ဒီနေ့မှသိတာကွ။ ကလေးတွေဘာတွေတောင်ရလို့"

"ဟာ, သွက်လှချည်လား။ သူနဲ့ငါမတွေ့တာ ခြောက်လလောက်ပဲ ရှိသေးတယ်။ ဟိုတစ်ခါ စာအုပ်ဆိုင်မှာတွေ့တုန်းကတောင် သူ့ကို အပျိုကြီး တစ်ယောက်တည်းလား။ ဟိုကောင်နဲ့ရောဆုံသေးလား ဘာညာ





စလို့ ဆဲသွားသေးတယ်။ အခု ကလေးနဲ့ဆိုတော့"

ထွန်းလင်းနိုင်က သူ့မေးဖျားကိုအသာပွတ်သပ်ကာ မျက်မှောင်ကြုတ်လျှက်စဉ်းစားသယောင်ပြုနေ၏။

ထို့နောက်. . .

"မင်းတွေ့ခဲ့တော့ ကလေးက ဘယ်နှလလောက်ရှိပြီလဲ"

"ဟာ, ဘယ်နှလရှိရမှာလဲ။ ကလေးက ဆယ့်လေးငါးခြောက်နှစ်အရွယ် အပျိုတောင်ဖြစ်နေပြီ"

"ဘာ!"

ထွန်းလင်းနိုင် မျက်လုံးပြူးသွားပြန်သည်။ ထို့နောက် ခေါင်းကို သွက်သွက်ရမ်းရင်း. . .

"ဟာ, မဟုတ်တာကွာ။ ဘယ်လိုမှ မဖြစ်နိုင်တာ။ မင်းကလည်း ဦးနှောက်မရှိတဲ့အတိုင်းပဲ။ ကလေးက အဲ့အရွယ်ဆို သူကျောင်းမပြီးခင် လက်ထပ်ပြီး မွေးထားမှရမယ်။ ဒါမှမဟုတ် ကျောင်းပြီးပြီးချင်း့ယူပြီး အပြေးအလွှားမွေးမှ ကလေးက ဆယ့်လေးငါးခြောက်နှစ်အရွယ်ရှိမှာ။ ငါတော့ မြမြဖူး အိမ်ထောင်ပြုတယ်လည်း မကြားဘူး။ ကလေးမွေးတာလည်းမသိဘူး။ မင်းတစ်ခုခုတော့ လွဲနေပြီ"

"မလွဲပါဘူးကွာ၊ ငါကိုယ်တိုင် သေသေချာချာတွေ့ခဲ့တာ။ ကလေး



www.burmeseclassic.com

www.burmeseclassic.com



မလေးက သူ့ကို မေမေတဲ့''

''မင်း နားကြားလွဲတာများလား။ သူ့တူမတို့ညီမတို့ရော''

''သူ့မှာ မွေးချင်းညီအစ်ကို မောင်နှမတစ်ယောက်မှမရှိဘူးကွ။ ပြီးတော့ ကောင်မလေးကလည်း မေမေလို့ပဲခေါ်လိုက်တော့ ငါသေသေချာချာကြားလိုက်တာပါကွာ''

ထွန်းလင်းနိုင်က နှာခေါင်းရှုံ့ရင်း ခေါင်းကိုဟိုဒီငဲ့စောင်းကာ စဉ်းစားနေပြန်သည်။

''ဟာ, ဟုတ်ပြီ၊ သူ ကလေးတွေဘာတွေ မွေးစားထားတာများလား''

ကျော်စည်သူ ခေါင်းကို ခပ်လေးလေးခါရမ်းလိုက်မိသည်။

''သူ့အကြောင်း ငါအသိဆုံးပါကွာ၊ သူလား. . . အလုပ်ရှုပ်ခံပြီး ကလေးမွေးစားမှာ၊ သူ့လောက် ပရမ်းပတာနိုင်တာ သူပဲရှိတယ်၊ မွေးစားထားတယ်ထားဦး၊ မေမေလို့တော့ အခေါ်ခံမလားကွ။ သူများကြားရင် ဟိုထင်ဒီထင်အထင်ခံပြီး၊ ဒီလောက်မေတ္တာတရား မကြီးမားပါဘူးကွာ''

''အဲ့ဒီတော့ မင်းက ဘယ်လိုထင်လဲ၊ သူ့ကလေးလို့ပဲ ထင်တယ်ပေါ့၊ ဟုတ်လား''

''ဘာမှန်းမသေချာလို့ မင်းကိုခေါ်မေးတာပေါ့ကွ''





''ငါသိသလောက်တော့ မြမြဖူးက ရည်းစားတောင်မထားတဲ့အပျိုကြီးပဲ၊ အဲ့,ယရစ်လား၊ ယပင့်လားဆိုတာတော့ သူကိုယ်တိုင်ပဲသိမှာ''

''မင်းပြောတဲ့အတိုင်းဆို မြမြဖူးက တိတ်တိတ်လေးယောကျ်ားယူပြီး ဒီကလေးကို လူမသိသူမသိမွေးခဲ့တယ်၊ အဲ့လိုလား''

''ဒါကတော့ ကျွန်တော်မျိုးလည်း မလျှောက်တင်တတ်တော့ဘူး ဘုရား၊ သိချင်ရင် ကိုယ်တော်တိုင်သာ စုံစမ်းတော်မူပါတော့''

ထွန်းလင်းနိုင်က နောက်ရွှတ်ရွှတ်ပြန်ပြောပြီး ဘီယာခွက်ကို ကောက်မော့သည်။ သူကတော့ ဘာမှသောက်လို့လည်း မဝင်၊ စားလို့လည်း မျိုမကျနှင့် မြမြဖူးကိစ္စကိုပဲ ရင်ထဲမှာ နင်နေမိ၏။

''နေပါဦး၊ မြမြဖူး ကလေးရှိတဲ့ကိစ္စကို မင်းက ဘာဖြစ်လို့ ခုမှအတာပြင်းသိချင်နေရတာလဲ၊ ဘာလဲ, လွတ်တဲ့ငါးက ပိုကြီးမှန်း သိလာလို့လား''

ကျော်စည်သူက ဘာမှမဖြေဘဲ ခေါင်းငိုက်စိုက်ချထားသည်။ ဘာကိုမှလည်း ပြန်ဖြေချင်စိတ်မရှိသလို စိတ်ထဲမှာ ကယောင်ချောက်ချားနှင့် ဟိုပြေးချင်သလို ဒီလွှားချင်သလိုလည်း ဖြစ်လာသည်။

အခုမှ မျောက်မီးခဲကိုင်မိသလို ထိုင်ရမလိုထရမလိုဖြစ်နေသော ကျော်စည်သူ့ကိုကြည့်ပြီး ထွန်းလင်းနိုင်က ဟားတိုက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စည်သူ, ကျော်စည်သူ, မင်း အခုမှ ဘာတွေသွေးရူးသွေးတန်းလာဖြစ်နေတာလဲ၊ ဘာလဲ၊ မြမြဖူးကလေးက မင်းနဲ့မရှင်းမရှင်းဖြစ်ခဲ့လို့ရလာတဲ့ကလေး ထင်နေလို့လား"

"တော်စမ်းပါကွာ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့။ မြန်းခနဲသူ့ကို ငါပြန်တွေ့လိုက်ရတော့ အံ့သြစရာကောင်းလောက်အောင် စိတ်လှုပ်ရှားမိတာအမှန်ပဲ။ ဟိုတုန်းက ချစ်ခဲ့ဖူးတဲ့ သံယောဇဉ်လက်ကျန်ကြောင့်ပဲလား။ မယုံနိုင်စရာကောင်းလောက်အောင် ပြောင်းလဲသွားတဲ့သူ့အလှမှာ ရင်ခုန်သွားမိတာလား။ ဘာမှန်းမသိဖြစ်နေတဲ့အချိန် သူ့မှာ အရွယ်ရောက်နေတဲ့ကလေးတစ်ယောက်တောင် ရနေပြီဆိုတာ သိလိုက်ရတော့ ငါ လုံးဝဆောက်တည်ရာမဲ့သွားမိတော့တာပဲ။ အဲ့ဒါကြောင့် ဒါတကယ်ဟုတ်မဟုတ် သိချင်တာပါ"

"မင်းအဲ့ဒီလိုခံစားနေရတာ သေချာရင် မင်း သူ့ကိုချစ်နေသေးလို့ပဲ"

"ဒါပေမဲ့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူးကွာ။ မယုံနိုင်စရာကောင်းတဲ့လှည့်ကွက်တစ်ခုမှာ စွန့်လွှတ်လိုက်ပြီးသားအရာတစ်ခုကို ငါထပ်ပြီးဆုံးရှုံးရလိမ့်မယ်လို့ တစ်ခါမှမတွေးခဲ့ဖူးဘူး။ အချစ်က ငါကိုယ်တိုင်တောင်မသိဘဲ ငါ့ရင်ထဲမှာ အကြာကြီးပုန်းအောင်းနေခဲ့တာပဲ"





"မင်းက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးခဲ့တာကိုး။ အဲ့ဒါပဲလေ၊ လူတွေက နီးနေတုန်း လွယ်နေတုန်းတော့ မသိဘူး။ မရနိုင်မှန်း ခက်ခဲသွားမှန်းသိမှ တန်ဖိုးထားရကောင်းမှန်းသိလာတော့ နောင်တမရသင့်ဘဲ ရကုန်ရော"

"မင်းပြောရင်လည်း ခံရမှာပဲ။ မြမြဖူးကို မသိစိတ်ထဲမှာ ငါနှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့တာ ငါသတိမထားမိဘဲနဲ့လေ။ အဲ့လိုသိမ်းထားတဲ့ထဲမှာ အချစ်ဆိုတဲ့အရာလည်း အတူရှိနေတယ်။ ဘယ်လောက် အံ့သြဝမ်းနည်းဖို့ကောင်းလဲ"

"မင်းက မြမြဖူးကိုချစ်ရက်နဲ့ မေ့ထားခဲ့တယ်။ တကယ်လည်း မမေ့ဘဲနဲ့လေ။ လူ့စိတ်ဆိုတာ ငါတို့လိုက်မမီနိုင်လောက်အောင် ဆန်းကြယ်တယ်။ ငါတို့စိတ်ရဲ့လျှို့ဝှက်ချက်ကို ငါတို့ကိုယ်တိုင်လည်း မဖော်နိုင်ဘူး။ မင်းမှတ်မိဦးမှာပါ။ မြမြဖူးကို ငါတို့တွေ ဂျိုကာလို့ခေါ်ခဲ့ကြတာလေ။ မင်းအတွက်လည်း သူက စွယ်စုံရတဲ့ဂျိုကာတစ်ချပ်ပါပဲ။ ပွဲသိမ်းအတွက် အချိန်မရွေးထုတ်သုံးဖို့ မင်းဖယ်ထုတ်ထားတဲ့ဝှက်ဖဲပေါ့။ မြမြဖူးက ဘယ်လောက်ပဲ ဂျစ်ကန်ကန် မာကျောကျောနေနေ၊ မင်းအချစ်ကို ဘယ်တုန်းကမှ မလွန်ဆန်ခဲ့ဘူး၊ ဘယ်သူ့အပေါ် ဘယ်လောက်ဆိုးဆိုး မင်းကိုအလျှော့ပေး သည်းခံပြီး ချစ်ခဲ့တယ်လေ။ မင်းနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အောက်ကျနောက်ကျအဖြစ်ခံရသလဲဆိုတာ မင်းကိုယ်တိုင်...
အသိဆုံးဖြစ်မှာပါ''

စကားအဆုံး ထွန်းလင်းနိုင်က ဘီယာကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်သည်။ သူကတော့ လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာအပ်ထည့် ရင်း ငြိမ်သက်စွာ ဝမ်းနည်းနေမိ၏။ ထွန်းလင်းနိုင် ပြောသလိုပါပဲ။

မြမြဖူးနဲ့ပတ်သက်တာတွေ သူမေ့ချင်ယောင်ဆောင်၊ ဖယ်ထုတ် ချန်ထားခဲ့ပေမယ့် အကြောင်းတိုက်ဆိုင်တိုင်း သတိတရရှိခဲ့တဲ့ သူ့ရဲ့ဂုဏ် ဖဲပါ။

အတိတ်ကိုပြန်တွေးတိုင်း အမှတ်ရစရာအဖြစ်အပျက်တွေက အစီ အရီပြန်ပေါ်လာသည်။ မြမြဖူးဆိုးတာကို အားလုံးကသိပြီး သူကိုယ် တိုင် မြမြဖူးကို နာကျင်ဝမ်းနည်းစေခဲ့တာတွေကျတော့ ဘယ်သူမှမသိ ခဲ့။

နောက်ဆုံးအချိန်အထိ သူ့ကိုမုန်းတယ်ဆိုတဲ့စကားလေးတစ်ခွန်း တောင် သူမနှုတ်ဖျားက မပြောခဲ့ဖူးတာတွေ၊ သူ့အပေါ်ဟန်ဆောင်လှည့် ဖျားခြင်းကင်းကင်းနဲ့ အရိုးသားဆုံးချစ်ခဲ့တာတွေ၊ ဘယ်နေရာမဆို သူမ ကပဲ အလျှော့ပေးခဲ့တာတွေ သူ တရေးရေးပြန်မြင်ယောင်လာသည်။

''တစ်လောကလုံးမှာ ငါဂရုစိုက်တာ နင်တစ်ယောက်တည်းရှိ





တယ်''လို့ ပြောခဲ့တဲ့စကားသံကို နားထဲမှာ ကြားယောင်နေမိ၏။

အမှတ်တရ အရာအားလုံးထဲမှာမှ တခြားမိန်းမတစ်ယောက်နှင့် ပတ်သတ်ပြီး သဝန်တိုထင်ရာလုပ်တတ်တဲ့အကျင့်ကို သတိအရဆုံးပင်။ ပြီးတော့ သူ့ကို မရမကလိုက်ချော့ခဲ့တာတွေ။

သြော်၊ ဘယ်တော့မှပြန်မရနိုင်တော့တဲ့အမှတ်တရအဖြစ်ကလေး တွေပါလား ဖူးရယ်။

ဒါပေမဲ့ ငါ့ကိုပြန်သတိရခွင့်၊ လွမ်းနေခွင့်ပေးပါဦး။

၏

*သူ့ကပြုံးကို စောင့်မနေနဲ့*
*ကိုယ်က ကရင်ပြုံးလိုက်ပါ*
*မင်းရင်ခွင်က ကမ္ဘာကျောင်လွင်ပြင်...*
*သူမမြင်လည်း ကိစ္စမရှိဘူး*
*ကလဲပြုံးတစ်ချောင်း ပန်းပေါ်ထမ်းပို့*
*ကျွန်မပါတဲ့ ငြိမ်းချမ်းရေးကျွက်*
*ဈေးစောစောလှမ်းခဲ့တာ မဟုတ်လား*



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကကမ်းကို ဆောင့်မနေနဲ့
ကိုယ်က ကရင်မှေ့ဖက်နမ်းလိုက်ပါ
သိမ်မွေ့နူးညံ့တဲ့စကား...
သူမကြားလည်းကိစ္စမရှိဘူး
ချိုသာနှုတ်ခမ်းဖျားမှာ
ပျားရည်ကနမ်းတွေ သီကုံးလို့
မာနမရှိတဲ့နှလုံးသားအတွက်
ပေးဆပ်ဖို့ ရောက်ခဲ့ပြီမဟုတ်လား။
သူ့ရဲ့တုန့်ပြန်ခြင်းကို ဆောင့်မနေပါနဲ့
ပေးစရာရှိတာပေးပြီး
အေးအေးဆေးဆေးလှည့်ပြန်ခဲ့ပါ။
ဘာတစ်ခုမှ ပြန်မရလို့...
ခြေလှမ်းတွေ တွန့်ဆုတ်လေးကန်
သူ့ရှိရာပြန်မသွားနဲ့...
အချစ်နဲ့စစ်မှာ မတရားတာမရှိရယ်လို့
သူကိုယ်တိုင် ကြွေးကြော်ခဲ့တဲ့အပြစ်
စစ်ပွဲအဖွင့်မှာ တွေ့ခဲ့ပြီးပြီ





ဒီ (ချစ်ကြည်ရေး)အတွက်
ဘာမှထပ်မရချင်နေပါစေ
ဒဏ်ရာမရအောင်ပဲ ကာကွယ်ခဲ့ပါ
နောက်ထပ်...တိုက်ပွဲတွေ ကျန်နေသေးလို့။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မြမြဖူး အူကြောင်ကြောင်လုပ်ပုံက တစ်ခါတလေ ချစ်ဖို့ကောင်းပြီး တစ်ခါတလေကျတော့ အတော်လေးစိတ်ပျက်ဖို့ကောင်းပါသည်။

သူမ, ချစ်တဲ့ဒဏ်ကိုမခံနိုင်တဲ့အဆုံး မှန်းသွားပါစေတော့ရယ်လို့ ဘယ်လောက်ပဲ နားကြည်းမှုန်းတီးသွားအောင်ပြောလည်း သူမက အပြုံးမပျက် သည်းခံနိုင်လေသည်။

သူပြောတာလောက်ကို သူမက ပန်းနှင့်ပေါက်နေတာလောက်ပဲ သဘောထားသလားမသိ၊ အော်ထုတ်လည်း အော်တဲ့လူသာ မောသွားမည်။ သူမက တောက်တဲ့လို ဖွဲနဘဲကြီးစွာ ကပ်တွယ်ထားနိုင်၏။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဖြစ်ခဲ့သည့်ကိစ္စမှာ သူမအလွန်ဟုသာ သူထင်သည်။ ဒါကြောင့် သူမကိုမှတ်လောက်အောင် ပစ်ထားမည်ဟူသောစိတ်ကူးနှင့် မခေါ်ဘဲနေခြင်းဖြစ်သည်။ သူမလိုက်ချော့ပုံက ရယ်စရာကောင်းလွန်းလှပြီး အလွန်ကလေးဆန်လေသည်။ အတန်းထဲမှာ စာသင်တော့လည်း သူ့ဘေးမှာလာထိုင်ပြီး စာရွက်တစ်ရွက်လုံးစာအပြည့် မောင့်ကိုချစ်တယ် ဟူသောစာတွေချည်း ရေး၏။

သူ မသိချင်ယောင်ဆောင်နေတော့ ရှေ့မှာစာသင်နေတဲ့ဆရာ့ အလစ် စာရွက်ကို သူ့ရှေ့ထိုးပေးသည်။

သူက စာရွက်ကို ဆွဲယူလုံးချေပြီး ခုံအောက်လွှင့်ပစ်တော့ သူမက သူ့ခြေထောက်ကိုဆတ်ခနဲနင်းကာ တစ်ဖက်ပြန်လှည့်သွားသည်။ ဘယ်လောက်များ ဒေါသဖြစ်ဖို့ကောင်းတဲ့အပြုအမူပါလိမ့်။

အတန်းပြီးလို့ ကန်တင်း(န်)သွားတော့လည်း နောက်က လိုက်လာသည်။ ပြီးတော့ သူထိုင်တဲ့စားပွဲမှာ ဝင်ထိုင်ပြီး. . .

"မောင် ငါ ဒီနေ့ မုန့်ဖိုးမပါဘူး။ ငါ့ကိုလက်ဖက်ရည်တိုက်ဟာ"

ဟု ခပ်တည်တည်ပဲတောင်းဆိုလေသည်။ သူဘာမှပြန်မပြောရသေးခင် သူမက လက်ဖက်ရည်ကျစိမ့်တစ်ခွက် မှာပြီးနေပြီ။

"မောင်"





သူဘာမှပြန်မပြောဘဲ တစ်ဖက်သို့မျက်နှာလွှဲနေလိုက်၏။

- "မောင်လို့"

သူမခေါ်သံက ပိုကျယ်လာတာမို့ သူအံကြိတ်ပြီး လှည့်ကြည့်တော့ ဟီးခနဲရယ်ပြသည်။

"ငါ့ကိုစိတ်ဆိုးနေတုန်းလားဟင်"

"နင့်ကို ငါစကားမပြောချင်ဘူး။ ငါ့နောက်လျှောက်မလိုက်နဲ့"

သူပြောပြီး ထိုင်ရာမှထရပ်တော့ သူမက လွယ်အိတ်ကြိုးကိုလှမ်းဆွဲထားသည်။

"နေပါဦးမောင်ရယ်၊ ငါ့မှာ ပိုက်ဆံတကယ်မပါဘူး"

"ဒီမှာ ရော့, ငါ့နောက်မလိုက်နဲ့"

သူမရှေ့ကို ပိုက်ဆံတစ်ရွက်ပစ်ချပေးပြီး ခပ်မာမာပဲပြောပစ်ခဲ့ကာ ထွက်လာတော့ သူမက ပိုက်ဆံကိုကိုင်ကာ ငြိမ်သက်ကျန်ခဲ့၏။

ဒီတစ်ခါတော့ စိတ်ဆိုးပြီး သူ့နောက်လိုက်မလာတော့ဘူးလို့ ထင်နေတုန်း ကျောင်းသားတစ်ချို့က သူ့ကိုကြည့်ကာ ပြုံးစိစိဖြစ်နေတာမို့ ဘာပါလိမ့်ဆိုပြီး လိုက်ကြည့်တော့မှ. . .

သူ့နောက်မှာ ကတ်ထူစက္ကူတစ်ချပ်ကိုင်ပြီး လိုက်လာသော မြမြဖူးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကတ်ထူပေါ်မှာ ရေးထားသောစာကြောင့် သူ့မျက်နှာတစ်ပြင်လုံး ရှိန်းခနဲပူသွားရ၏။ ထို့နောက် အံ့ဩသွားမိသည်။

"စိတ်မဆိုးပါနဲ့ ချစ်သူရယ်"တဲ့။

သူလှည့်တာမြင်တော့ သူမက ပြုံးရင်း ထိုကတ်ထူပြားကိုမြှောက်ပြသည်။

"အဲ့လောက်တောင်းပန်နေတာ ခွင့်လွှတ်လိုက်ပါကွာ"

"သနားပါတယ်, ကျွတ်. . . ကျွတ်"

"မိန်းမချေးကျလိုက်တာ၊ တော်တော်ဆိုးတာပဲ"

"ဟား. . . လောကကြီးက ဘာတွေဖြစ်ကုန်ပြီလဲ"

"ကြောင်လှချည်လား"

ကျောင်းထဲကလူတွေရဲ့ တစ်ယောက်တစ်ပေါက်ရေရွတ်သံတွေကြောင့် ကျော်စည်သူ ဘယ်ပြေးရမှန်းမသိအောင် ရှက်မိပေမယ့် သူမကတော့ အေးဆေးပင်။ သူသွားသည့်နေရာအနှံ့ ထိုစာကိုင်ပြီး လျှောက်လိုက်ဖို့ ဆုံးဖြတ်ထားပြီးပုံပင်။

ဘာမဆို အရှက်အကြောက်မရှိလုပ်ရဲသောမြမြဖူးကို ဖြုံမိသလို ဒေါသလည်းထွက်ရသည်။ သူခြေလှမ်းကိုတုံ့ပြီး သူမဘက်လှည့်လိုက်သည်။

ရွှေပဒေသာစာပေ



"မြမြဖူး"

သူမက မျက်ခုံးပင့်လျှက် မေးဆတ်ပြ၏။

"ငါ နင့်ကိုတော်တော်စိတ်ပျက်လာပြီ၊ ယောကျ်ားလေးချင်းသာဆို ဆွဲထိုးမိတော့မယ်"

"မိန်းကလေးဖြစ်နေတော့ နင်က ဘာလုပ်ချင်လို့လဲမောင်ရဲ့"

မေးကိုပင့်မော့ရင်း မထီတရီမေးပုံက အသည်းယားစရာ။

"နင်မရှက်ဘူးလား။ ဘာလို့ ငါနောက်ကိုလျှောက်လိုက်နေတာလဲ။ ပြီးတော့ နင့်လက်ထဲက"

"မောင့်ကိုတောင်းပန်နေတာပဲ၊ မရလို့ ဗျူဟာတစ်မျိုး ပြောင်းကြည့်တာ၊ မဆိုးပါဘူး. . . စိတ်ဝင်စားသားပဲ"

"နင် ငါ့ကိုတော်တော်ဒုက္ခပေးချင်နေတယ်၊ ဟုတ်လား"

သူမက ပြုံးထေ့ထေ့နှင့် နှုတ်ခမ်းကိုဖွဖွဖိကိုက်ကာ ခေါင်းကိုညင်သာစွာရမ်းသည်။ ပြီးမှ သူ့မျက်နှာကိုစိုက်ကြည့်ကာ. . .

"ငါက နင့်ကိုချစ်တာပါ။ ဘာလို့ဒုက္ခပေးရမှာလဲ။ နင်က ငါ့ချစ်သူလေ"

ဟု တိုးလျအေးစက်စွာပြန်ပြောလေသည်။ ထိုစကားကို အကြွင်းမဲ့ ယုံကြည်လိုလှသော်လည်း ဆင်ခြင်ကြည်စားရာ ဆိတ်မခံသာဆိုသလို

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမဒဏ်တွေကိုမခံနိုင်တာက ဆိုးသည်။ အဲ့ဒီမြမြဖူးဟာ မိန်းကလေး တန်မဲ့ ဘာလို့ ဒုံးပေကပ်သပ် ဆိုးသွမ်းနေမှန်း သူနားမလည်နိုင်တော့ချေ။

"ငါ နင့်ချစ်သူ မဖြစ်ချင်တော့ဘူး"

သူမက မျက်မှောင်ကြုတ်လျှက် ခါးထောက်ပြီး သူ့ကိုပေစောင်း စောင်းကြည့်နေသည်။ အတန်ကြာမှ. . .

"နင် ယောကျ်ားမဟုတ်ဘူးလား"

ဟု ကောက်ခါငင်ခါ ထမေးလိုက်လေသည်။

သူအစတော့ ဘာဖြေရမှန်းမသိကြောင်သွားရ၏။

"ဘာပြောတယ်?"

"နင်ယောကျ်ားမဟုတ်ဘူးလားလို့မေးတာ။ နင်ပဲ အစက ငါ့ကို သိပ်ချစ်တယ်ဆို၊ တစ်သက်လုံးအတွက်ရည်ရွယ်ပြီး ချစ်တာဆို။ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောနေရအောင် နင် ယောကျ်ားမဟုတ်ဘူးလား မေးတာ"

"ဘာဆိုင်လဲဟ၊ အဲ့ဒါ အရင်က ပြောခဲ့တာပဲ၊ အရင်က ချစ်ပေမယ့် အခုချစ်ချင်မှချစ်မှာပေါ့။ စိတ်ဆိုတာ ဒီလိုပဲ"

"ဘာမှ ဒီလိုပဲမဟုတ်ဘူး။ ငါက အစကလည်း နင့်ကိုချစ်တယ်၊





အခုလည်း ချစ်တယ်။ ဘာတွေ ဘယ်လိုပြောင်းပြောင်း နင့်ကိုချစ်တာ မပြောင်းလဲဘူး"

"နင် အဲ့လိုတစ်ဖက်သက်မပြောနဲ့။ အရင်က နင် မနက်တိုင်း မုန့်ဟင်းခါးစားတယ်။ အခု လက်ဖက်ရည်နဲ့ပေါက်စီစားတယ်။ ဒါ နင့် အကြိုက်ပြောင်းသွားတာပဲမှတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ရည်းစားထားတာ breakfast အတွက် မဟုတ်ဘူး။ တစ်သက်လုံးချစ်ဖို့ စားစရာပြောင်းတိုင်း လိုက်ပြောင်းစရာ မလိုဘူး"

ကျော်စည်သူ ဘာဆက်ပြောရမှန်းမသိ ခေါင်းကုပ်လိုက်မိသည်။ စကားအရာမှာလည်း သူမကိုနိုင်အောင် ကပ်ဖဲ့မပြောနိုင်သလို သူမနှင့် ပြိုင်ပြီးလိုက်မရှုတ်ရဲတာမို့ သူဘာလုပ်ရမှန်းမသိ စိတ်ညစ်မိလေသည်။

မထီမဲ့မြင်ပုံစံနှင့် သူ့ကိုစိတ်ဒုက္ခရောက်အောင် မကြာခဏလုပ် တတ်သောသူမကို တစ်ကြိမ်လောက်ပြန်ပြီး ပညာပေးချင်ပေမယ့် သူမရဲ့ ခေါင်းမာပေကပ်မှု၊ သွေးအေးမှုတို့ကြောင့် ဘယ်တုန်းကမှမအောင်မြင်။

သူနှင့်ပတ်သက်တိုင်း မြမြဖူးက အပြောအဆို၊ အတွန်းအတိုက် ခံသည်။ သိပ်ပြီးအမှတ်အတေးထားမည့်ပုံလည်းမရှိ၊ ဒီလိုလူမျိုးကို သူ ဘယ်လိုမှစိတ်နာအောင်မလုပ်နိုင်တာ သိပ်တော့မဆန်း။



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်လည်းရမှာမဟုတ်တဲ့အတူတူ သူမရဲ့သည်းခံနိုင်စွမ်းကို စမ်းသပ်ဖို့စိတ်ကူးတစ်ခုရလာသည်။ မြမြဖူးကို ကြမ်းကြမ်းတမ်းတမ်းစကားတွေနဲ့ ထိခိုက်နာကျင်စေတာထက် သိမ်သိမ်မွေ့မွေ့အကြောင်းအရာလေးနဲ့ မှတ်လောက်သားလောက်ဖြစ်စေတာက ပိုကောင်းနိုင်လိမ့်မည်ဟု သူနားလည်လိုက်မိ၏။ ထို့ကြောင့် . . .

"ဖူး"

သူမက ရုတ်တရက် အံ့ဩဝမ်းသာဟန်နှင့် ဖျတ်ခနဲမော့ကြည့်သည်။

"နင် ငါ့ကိုတကယ်ချစ်တာလား"

ဟန်ဆောင်မှုကင်းသော အရိုးခံမျက်ဝန်းလေးတွေက လက်ခနဲတောက်ပသွားပြီး ခေါင်းကိုသွက်သွက်ညိတ်သည်။

"ငါကတော့မယုံဘူး။ ဘာလို့လဲဆိုတော့ နင်က ငါ့ကိုခဏခဏစိတ်ဒုက္ခပေးတယ်လေ"

"ဖူးက မောင့်ကိုချစ်လို့စတာပါ။ စိတ်ညစ်အောင် တမင်မလုပ်ဖူးပါဘူး"

သူမစကားကြောင့် ကိုယ့်ကိုယ်ကိုပင် မလုံမလဲဖြစ်သွားရသည်။ အခု ကိုယ်က သူ့ကိုတမင်တကာကြံစည်ရမှာလေ။





"ရှေ့ဆက် နင့်ကိုဘယ်လိုယုံရမှာလဲ"

"နောက်ထပ် မောင်စိတ်ညစ်အောင် မလုပ်တော့ဘူးလို့ ကတိပေးတယ်"

"ယုံချင်ပါတယ်၊ ဒါပေမဲ့ နင် ငါ့ကို အခုလိုလိုက်နှောက်ယှက်တာတွေအတွက် တစ်ခုခုပြန်လုပ်ပေးရမယ်"

"နှောက်ယှက်တာတွေ"

သူမက ကျော်စည်သူပြောတဲ့စကားအတိုင်း သံယောင်လိုက်ရွတ်သည်။ ထိုအသံက မဆိုစလောက်လေး ဆို့နစ် တုန်ခါနေတာ သူသတိထားလိုက်မိ၏။

"ဘာသဘောနဲ့ ဘာရည်ရွယ်ချက်နဲ့ပဲလုပ်လုပ် ငါစိတ်ညစ်အောင်လုပ်ရင် နှောက်ယှက်တာလို့ပဲ ငါသတ်မှတ်တယ်"

"ထားပါတော့၊ ငါဘာလုပ်ပေးရမလဲ"

"ဒီနားမှာ မတ်တပ်ရပ်ပြီး ကျွန်မကိုခွင့်လွှတ်ပါမောင်လို့ အကြိမ်တစ်ရာတိတိ မျက်စိမှိတ်ရွတ်ရမယ်။ နင်လုပ်နိုင်ပါ့မလား"

"သိပ်ရတာပေါ့"

"မျက်စိလည်းမှိတ်ထားရမှာနော်။ အကျယ်ကြီးလည်းမအော်နဲ့၊ တိုးလည်းမတိုးရဘူး။ အခုစလုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူပေးတဲ့အပြစ်က နည်းနည်းများပြင်းထန်နေမလားလို့ တွေး မိပေမယ့် သူမက မျက်စိစုံမှိတ်ပြီး စဆိုနေပြီ။

"ကျွန်မကိုခွင့်လွှတ်ပါမောင်"

"ကျွန်မကိုခွင့်လွှတ်ပါမောင်"

"ကျွန်မကိုခွင့်လွှတ်ပါမောင်"

မြမြဖူးအသံကြောင့် ထိုနေရာမှဖြတ်သွားသူတွေက လှည့်ကြည့် သည်။ တစ်ယောက်ပြီးတစ်ယောက် သူမကို အထူးအဆန်းလို တအံ့ တသြကြည့်သွားကြ၏။

သူမက မျက်လုံးအစုံကို စိတ်ချလက်ချပိတ်ကာ ရွတ်ဆိုနေဆဲ။ သူစိတ်ကျေနပ်စွာပြုံးပြီး ထိုနေရာမှာ လှည့်ထွက်ခဲ့၏။

"ကျွန်မကိုခွင့်လွှတ်ပါမောင်"

သူမအသံက သူ့နောက်မှာ ဝေ့ဝဲပါလာသည်။

"ကျွန်မကိုခွင့်လွှတ်ပါမောင်"တဲ့။ ဘယ်လောက်များ ပျပ်ဝပ် ရှိုးကျိုးလိုက်တဲ့အသံပါလိမ့်။ သူသဘောကျစွာ ရယ်လိုက်မိသည်။ ခပ် လှမ်းလှမ်းရောက်တော့ သူတစ်ခါလှည့်ကြည့်မိ၏။

မြမြဖူးရှေ့ မလှမ်းမကမ်းမှာ လူတွေဝိုင်းအုံနေသည်။ အရူးကြည့် သလိုဝိုင်းကြည့်နေပြီး ဟားတိုက်ရယ်မောကာ လှောင်ပြောင်နေကြသည်။





သူမကတော့ မျက်စိမှဖွင့်ရဲ့လားတောင်မသိ။

သူမျက်မှောင်တစ်ချက်ကြုတ်ရင်း ထိုမြင်ကွင်းကိုစိုက်ကြည့်နေ မိ၏။ လုပ်ရဲရင်ခံရဲတယ်ဆိုတဲ့သတ္တိအပြည့်နဲ့ သူမက အကြိမ်တစ်ရာ မပြည့်မချင်း ရှေ့မှာ သူရှိနေသည်ထင်မှတ်ကာ ဆက်ရွတ်နေဆဲပင် ရှိ သေးသည်။

ချစ်သူတစ်ယောက်ကိုဒီလိုလုပ်တာ သူတရားရဲ့လား။ ပြီးတော့ မြမြဖူးက မိန်းကလေး။ ဘယ်လောက်ပေပေတေတေ၊ မိန်းကလေးက မိန်းကလေးပဲ။ သူ့ဘာကြောင့် သူမရဲ့အရှက်နဲ့သိက္ခာကို ထည့်မစဉ်းစား ပိပါလိမ့်။

သူခေါင်းတစ်ချက်ရမ်းရင်း သူမရှိရာသို့ပြန်လှည့်လာခဲ့သည်။

"ကျွန်မကိုခွင့်လွှတ်ပါမောင်"

သူမအသံတွေ တုန်ယင်အက်ကွဲနေသည်။ ဘေးနားက လှောင် ပြောင်ရယ်မောသံတွေကိုဂရုမစိုက်စွာ ထိုစကားကို ထပ်တလဲလဲရွတ်နေ ၏။

"ကျွန်မကို. . ."

"တော်ပြီ ဖူး၊ လာသွားမယ်"

စုပြုံဝိုင်းအုံနေသောလူအုပ်ကြီးအလယ်မှ သူမကိုဆွဲထုတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ သူမက အလန့်တကြားမျက်လုံးဖွင့်ကြည့်ပြီး သူ့ခေါ်ရာနောက် ဖရိုဖရဲပါလာ၏။

ထို့နောက် သူ့မျက်နှာကိုတအံ့တဩမော့ကြည့်ကာ. . .

"ဘာလုပ်တာလဲ၊ တစ်ရာပြည့်တော့မယ်။ ကိုးဆယ်သုံးတောင်ရောက်နေမှ"

ဟု ပကတိရိုးသားသန့်စင်လှသောဟန်နှင့် ပြန်ပြောလိုက်တာမို့ သူ့ရင်ထဲ နင့်သွားရသည်။

ဘာလို့ အဲ့လောက်မိုက်ရူးရဲဆန်ချင်ရတာလဲလို့ အပြစ်တင်ချင်ပေမယ့် ပြောမထွက်တာမို့ သူမမျက်နှာကိုသာ စိုက်ကြည့်နေမိ၏။

"ဘာလို့ အရူးလိုလုပ်ရတာလဲ ဖူးရယ်။ နင့်မှာ ဦးနှောက်ရှိသေးရဲ့လား။ သူများတွေကဲ့ရဲ့မှာ မကြောက်ဘူးလား"

ဂရုဏာဒေါသနှင့် ယူကျုံးမရစွာ သူက အပြစ်တင်လျှင် သူမက မျက်ခုံးပင့်လိုက် မျက်မှောင်ကြုတ်လိုက်လုပ်ကာ. . .

"မောင်ပဲ အဲ့လိုပြောရင် ခွင့်လွှတ်မယ်ဆို"

ဟု အူကြောင်ကြောင်ပြန်ပြောလေသည်။

"ဟား, တကယ်ပါပဲဖူးရယ်။ နင့်ကို မောင်ဘယ်လိုနားလည်ရမှန်းမသိတော့ဘူး"





. သူမကိုယ်လေးကို သူ့ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ထားရင်း ညည်းညူသလိုရေရွတ်လိုက်မိသည်။ သူမ အတန်ကြာငြိမ်သက်နေပြီးမှ ကျော်စည်သူကိုမော့ကြည့်သည်။ ထို့နောက် အေးစက်တုန်ရီနေသော အသံတိုးတိုးကလေးနှင့်. . .

"လောကမှာလေ၊ မမြင်ရတဲ့အရာဆို ငါဘာမှမယုံခဲ့ဘူးသိလား။ ဒါပေမဲ့ မောင့်ကိုတွေ့ပြီးတဲ့နောက်မှာ အချစ်ကိုယုံကြည်လာတယ်။ အချစ်က လေလိုပဲ မမြင်ရပေမယ့် သူ့ရဲ့စွမ်းအင်တွေနဲ့ အရာရာကိုထိတွေ့သက်ရောက်စေနိုင်တယ်။ ပြီးတော့ တစ်လောကလုံးမှာ ငါ့ဂရုစိုက်တာ နင်တစ်ယောက်တည်းပဲရှိတယ်။ အဲ့ဒါယုံနော်"

ဟုပြောရင်း သူ့ခါးကိုခပ်တင်းတင်းဖက်တွယ်ထားလေသည်။ သူ့ရင်ဘက်ဆီမှ စိုစွတ်စွတ်အထိအတွေ့ကြောင့် တအံ့တဩငုံ့ကြည့်တော့ သူမက ပြန်မော့ကြည့်ရင်း. . .

"ဖူးက ဝမ်းနည်းရင် ရယ်တတ်တယ်လေ။ ပျော်ရင်တော့ ငိုတတ်တယ်။ စိတ်မကောင်းဖြစ်ရင်တော့ ပြုံးရုံလေးပဲ"

ဟုဆိုလိုက်လေ၏။ သူသက်ပြင်းရှိုက်ပြီး ဖွဖွလေးပြုံးမိပါသည်။ ရင်ထဲမှာတော့ 'ဖြစ်ရလေဖူးရယ်'လို့ တီးတိုးညည်းညူနေမိ၏။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အရာအားလုံးကို ကြေကွဲဝမ်းနည်းဖွယ်ပြန်အမှတ်ရစဉ်မှာ နောင်တရတာလည်း မဟုတ်ဘဲ ဘာကိုနှမြောမိမှန်းမသိ၊ နှမြောတသဖြစ်မိသောစိတ်က သူ့ကိုခံစားချက်မဲ့သွားစေသည်။

ဘာကိုမှအလေးအနက်မထားချင်တော့၊ အချစ်ဆိုတဲ့အရာဟာ အနီးဆုံးမှာရှိခဲ့တုန်းကမသိဘဲနဲ့ မရနိုင်တော့မှ လိုချင်မက်မောလာမိခြင်းဟာ နှလုံးသားရဲ့ကျိန်စာတစ်ခုပဲလားမသိ။

နောက်ဆုံးနှစ်စာမေးပွဲပြီးလို့ ကျောင်းတွေပိတ်ကတည်းက သူမက ကျော်စည်သူ့ကို လက်ထပ်ဖို့စတင်တောင်းဆိုခဲ့တာဖြစ်သည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ အလွယ်တကူရနိုင်သည့်အရာဝတ္ထုတစ်ခုကို တန်ဖိုးမထားသလို သူမရဲ့တောင်းဆိုမှုကို သူငြင်းဆန်ကန့်ကွက်ခဲ့မိ၏။

ရင်ထဲမှာမပါပေမယ့် အကြောင်းပြစကားလုံးတွေကတော့ အလွန်တရာ လှပါပေသည်။ မှတ်မိပါသေးသည်။

"ဘွဲ့ရတာနဲ့ လက်ထပ်ရအောင် ငါတို့မှာ ဘာအလုပ်မှမရှိတာ။ ပြီးတော့ ဖူးကလည်း တစ်ဦးတည်းသောသမီး၊ မောင်ကလည်း တစ်ဦးတည်းသောသား။ မောင်တို့အမေတွေကို ဘယ်လိုထားခဲ့ရက်မှာလဲ"

"အဲ့ဒါဆို ဖူးတို့က ဘွဲ့ယူပြီးတာတောင် လက်ထပ်ရဖို့မသေချာဘူးပေါ့နော်"

"မောင်အလုပ်လုပ်ချင်သေးတယ်။ နိုင်ငံခြားထွက်ဖို့ စီစဉ်ထားတယ်။ အဲ့ဒီက ပြန်လာမှစဉ်းစားတာပေါ့"

"ဒါဆို မောင်မသွားခင် စေ့စပ်ထားခဲ့လို့ရော မရဘူးလား"

ကလေးတစ်ယောက်လို မျက်လုံးအဝိုင်းသားနှင့် တစ်ထစ်ချင်းတစ်ဆင့်ချင်းလျှောက တောင်းဆိုနေသောဖူးကိုကြည့်ပြီး သူသက်ပြင်းချလိုက်မိသည်။ ထို့နောက် တွေးတွေးဆဆပုံစံနှင့် ခေါင်းကိုခပ်လေးလေးရမ်းကာ. . .

"စေ့စပ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်မယုံလို့ ချည်နှောင်ထားလိုက်တဲ့ကြိုးတစ်ချောင်းနဲ့တူတယ်လို့ မောင်တော့ခံစားရတယ်၊ အဲဒီကိစ္စကြောင့် ဖူးလည်း မောင့်ကိုပဲ တသသမျှော်လင့်နေရမယ်၊ မောင်လည်း ရေခြားမြေခြားမှာ နောက်ဆံတငင်ငင်နဲ့ စိတ်ကျဉ်းကျပ်နေရမယ်"

"မောင်ဆိုလိုတာက အခုလိုလက်မထပ်ခင်အတောအတွင်းမှာ ဖူးတို့က နားလည်မှုနဲ့ ကိုယ်နေချင်သလို လွတ်လွတ်လပ်လပ်နေရမယ်ဆိုတဲ့သဘောလား။ ကိုယ်ချစ်တဲ့သူနဲ့အတူနေရဖို့ စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စကို ချည်နှောင်တဲ့ကြိုးတစ်ချောင်းလို့မြင်နေတာ ဘာသဘောလဲ။ တကယ်ဆို အဝေးကိုထွက်ပြီး အလုပ်သွားလုပ်ရမယ့်မောင်က ဖူးကိုစိတ်မချဖြစ်နေရမှာ။ ကျန်ခဲ့ရတဲ့ဖူးကလည်း မောင့်ကိုပဲ သစ္စာရှိရှိနဲ့လက်ရေချိုး စောင့်စားနေရမှာမဟုတ်လား။ ခုတော့ မောင်က"

မြမြဖူးက သူ့ကိုနားမလည်နိုင်စွာ မချိတင်ကဲ နာကျင်ခံစားရဟန်နှင့် နှုတ်ခမ်းလေးကိုက်ပြီး ခပ်မဲ့မဲ့မော့ကြည့်သည်။ သူနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ ဝမ်းပမ်းတနည်း တိတ်ဆိတ်စွာ ကြေကွဲခြင်းမျိုးမဖြစ်ခဲ့ဖူးသောသူမဟာ ယခုတော့ ထူးခြားစွာပင် ငြိမ်သက်ကြေကွဲလို့နေသည်။

"ကောင်းပါပြီ၊ ငါနားလည်ပါပြီ မောင်။ နင်နဲ့ငါ စိတ်ခါတ်ချင်းခံယူချက်ချင်းမှမတူတာ၊ ငါက နင့်အချစ်မှာ ငြိတွယ်သာယာနေတဲ့အချိန်






www.burmeseclassic.com

မှာ နင်က ငါ့အချစ်ကို ပိုက်ကွန်တစ်ခုလိုမြင်ပြီး လှောင်ချိုင့်တစ်ခုလို ထင်ပြီး လွတ်လမ်းကိုရှာနေတာပဲ၊ ငါဖတ်ဖူးတဲ့ကဗျာထဲကလိုပေါ့။ အရွက်နဲ့လှတဲ့အပင်က အရွက်ကို ခါရမြဲ၊ အပွင့်နဲ့လှတဲ့အပင်က အပွင့်ကိုခါရမြဲ၊ အသီးနဲ့လှတဲ့အပင်က အသီးကို ခြွေရမြဲတဲ့။ အချစ်နဲ့လှပချင်တဲ့ ငါကတော့ အချစ်ကို ခြွေချရမှာပေါ့။ ငါသွားတော့မယ် မောင်။ နင့်ကို ငါသိပ်ချစ်ပါတယ်။ နင်သိထားခဲ့သလိုပဲပေါ့''

ထိုနေ့က သူတို့နှစ်ယောက်ရဲ့ နောက်ဆုံးတွေ့ဆုံခြင်းနေ့တစ်နေ့သာ ဖြစ်ခဲ့ပါသည်။ ခုချိန်ပြန်စဉ်းစားမှ ဒီလိုအမှတ်ရစရာတွေဖြစ်ပယ်မှန်းသိရင် အဲ့ဒီတုန်းက သူဆုံးဖြတ်ချက်အမှားတွေ လုပ်ခဲ့မိမှာမဟုတ်။

''ခုတော့ အားလုံးနောက်ကျသွားပြီပဲ၊ ဘာမှပြင်ဆင်မရအောင် နောက်ကျသွားပြီ''

အဲ, နောက်မကျသေးတာ တစ်ခုတော့ရှိတယ်။ အဲ့ဒါကတော့ မေမေရဲ့စီမံမှုဖြင့် သူ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမည့်ကိစ္စပဲဖြစ်လေသည်။

သူလက်ထပ်ရမည့်မိန်းကလေးကလည်း တခြားမဟုတ်။ အရင်လို အရင်တိုင်းပဲဆိုသလို ဟိုတစ်ခါ သူသွားတွေ့ခဲ့ဖူးသော ဝင်းလဲ့မွန်နှင့်ပဲ ဖြစ်ပါသည်။





သည်တစ်ခါတော့ လုံးဝမငြင်းလိုက်မိတော့ပါ။ စိတ်ဓာတ်ကျသွားတာလား၊ စိတ်လျှော့လိုက်မိခြင်းလားမသိ။ အချစ်ဆိုတာ ရှာဖွေယူလို့ရတာမျိုးမဟုတ်မှန်း နားလည်လိုက်ပြီးသည့်နောက် ကိုယ်နဲ့လိုက်ဖက်သင့်တော်မယ့် အိမ်ထောင်ဖက်တစ်ယောက်နဲ့ ဘဝကိုအခြေအနေတကျဖြစ်အောင်ကြိုးစားလိုက်ခြင်းကပဲ အကောင်းဆုံးဟု သူသတ်မှတ်လိုက်သည်၊

ရုတ်တရက်ကြီး သဘောထားပြောင်းသွားသောသူ့ကိုကြည့်ပြီး မေမေကလည်း တပြုံးပြုံး၊ ဝင်းလဲ့မွန်တို့အိမ်ကိုဝင်ထွက်သွားလာလိုက်၊ ဝင်းလဲ့မွန်ကိုအိမ်အလည်ခေါ်လာလိုက်နှင့် အလုပ်တွေရှုပ်နေ၏။

''သားရေ''

''ဗျာ''

''ဪ, သားက ငြိမ်နေတော့ အိပ်နေသလားထင်တာ။ လက်စသပ်တော့ ဒီမှာလာထိုင်နေတာကိုး။ မေမေက သားကိုပြောစရာရှိလို့ လိုက်ရှာနေတာသားရဲ့''

မေမေက သူနံဘေးက ခုံမှာဝင်ထိုင်ရင်း စကားစလိုက်တာမို့ မေမေဘာပြောမယ်ဆိုတာ သူရိပ်မိလိုက်၏။ တစ်နေ့လာလည်း စေ့စပ်ဖို့၊ လက်ထပ်ဖို့ စတဲ့အစီအစဉ်တွေကိုပဲ တစ်နေ့တစ်မျိုးမရိုးရအောင်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ပြနေတာဆိုတော့ သူလည်းအလွတ်ရနေပြီ။

"စေ့စပ်ဖို့ကိစ္စမှ ဟုတ်ရဲ့လားမေမေ"

မေမေက မျက်စောင်းရွယ်သည်။

"ဟုတ်တယ်ဟေ့, ဟုတ်တယ်။ အိုးက မပူလွန်းလို့ စလောင်းက ထပူပေးရတာ။ ကိုယ်လက်ထပ်ခဲ့တုန်းကတော့ ဒီလောက်ရင်မခုန်ခဲ့ရဘူး။ သူ့အလှည့်ကျမှပဲ ကာယကံရှင်ဖြစ်ပြီး သွေးအေးလိုက်တာ လွန်ပါရော ဟယ်။ တကယ်ပဲ"

"မေမေကလည်း သားက ခုချိန် ဘာတွေပျာယာခတ်နေရမှာ လဲ။ အားလုံး မေမေနဲ့သူ စိတ်တိုင်းကျစီစဉ်လို့ပြောထားသားပဲ"

"ဟဲ့, မေမေ့စိတ်တိုင်းကျဆိုတော့ မေမေက ဝင်းလဲ့မွန်နဲ့မင်္ဂလာ ဆောင်ရမယ့်လူမှမဟုတ်တာ။ ဘာပဲဖြစ်ဖြစ် သားကိုယ်တိုင် မိန်းကလေး အိမ် ဝင်ထွက်သွားလာပြီး အစစအရာရာစီစဉ်ပေးတာ ပိုကောင်းတာ ပေါ့"

"တော်ကြာ အဲ့လိုသွားလို့ သားကို မျက်စိနောက်နေပါဦးမယ် မေမေရာ"

"ဒါမျိုးက မျက်စိနောက်ကို နောက်ရမယ့်ကိစ္စ။ လာမယ့်ဆန်း ဒေးဆို စေ့စပ်ကြတော့မယ်။ ဒီအတောအတွင်းမှာ ညှိခံပွဲအတွက်





စီစဉ်စရာရှိတာ စီစဉ်ရမှာ။ ပြီးရင်လည်း မင်္ဂလာဆောင်အတွက် ဟို တယ်က ဒိတ်ယူရဦးမယ်။ ခန်းမကိစ္စ၊ အိပ်ရာခမ်းနား၊ ဝတ်စုံကိစ္စ အမယ်လေး. . . တွေးမိရင် အိပ်လို့တောင်မပျော်ဘူး။ ဒါတွေ မင်းခေါင်း ထဲထည့်ထား၊ ခုလည်း မင်းစေ့စပ်ပွဲအတွက် ဖိတ်စာနဲ့ သတင်းစာထဲ ထည့်ဖို့ လုပ်ရဦးမယ်။ အဲ့ဒါတော့ မင်းတာဝန်ပဲနော်"

"မေမေပြောမှပဲ သားခေါင်းတွေတောင် မူးလာပြီ။ တစ်သက် မှ တစ်ခါပဲ မိန်းမရမယ့်ကိစ္စ ဒီလောက်တောင်ရှုပ်ရသလားဗျာ"

"ဒီ့ထက်ချဲ့ရင်ချဲ့သလို ရှုပ်လို့ရသေးတယ်ဟဲ့။ စကားမရှည်နဲ့ သွား. . . ဖိတ်စာရိုက်ဖို့လုပ်တော့"

မေမေ့စကားအဆုံးသူ ခေါင်းကုပ်ပြီး အခန်းထဲက ထွက်လာခဲ့ သည်။

ထို့နောက် မြမြဖူးကိုသတိရလာပြန်သည်။ သူကတော့ စေ့စပ်ရ တော့မည်။ စေ့စပ်ကြောင်းလမ်းတဲ့ဖိတ်စာသွားရိုက်ပြီး သူမထံသို့ ပို့ လိုက်ရမလားဟု စဉ်းစားမိသေးသည်။ ပြီးမှ ရူးကြောင်ကြောင်နိုင်သော ထိုအတွေးကို ခေါင်းထဲက ထုတ်ပစ်လိုက်ရ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သူမ လက်နောက်ပစ်ရင်း အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေမိသည်။ လက်ချောင်းတွေကို တဖျောက်ဖျောက်မြည်သည်အထိ ဖျစ်ညှစ်ဆုပ်ချေရင်း ဟိုဟိုဒီဒီလျှောက်နေပုံက မတည်ငြိမ် လှုပ်ရှားနေသော သူမစိတ်အစဉ်ကို တမင်ပြသထားသလိုပေါ်လွင်လှသည်။

"ဘုရားရေ! ဘာဖြစ်တာလဲ"

ဒီခံစားချက်က ဘယ်လိုများဖြစ်တာပါလိမ့်လို့ အံ့ဩစွာတွေးနေဆဲ. . .

"အန်တီ, အန်တီဖူး, ကေပါ။ တံခါးဖွင့်ပေးပါဦး"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်းပြင်က အော်သံကြောင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေသော မြမြဖူးမှာ ရုတ်ချည်းပင် အားတက်သလိုဖြစ်ကာ အခန်းတံခါးကို ကပျာကယာဖွင့်ပေးလိုက်၏။

"ဗျူး. . . မောလိုက်တာအန်တီရယ်။ စောစောစီးစီးကြီးခေါ်လိုက်တယ်ဆိုတော့ ဘာများလဲဆိုပြီး လန့်သွားတာပဲ"

"မလန့်နဲ့ကေရေ အရေးကြီးလို့ခေါ်လိုက်တာ။ တကယ့်မိန်းပွဲ့ပွိုင့်ကိုရောက်နေပြီ"

မြမြဖူးစကားကြောင့် ပျင်းရိပျင်းတွဲပုံစံလေးနှင့် ကုတင်ပေါ် ကန့်လန့်ဖြတ်လှဲနေသော ဆုကေက ဆတ်ခနဲထထိုင်လိုက်ကာ. . .

"ဘာတွေအရေးကြီးနေပြီလဲ။ ဘယ်မိန်းပွိုင့်ကိုရောက်တာလဲ အန်တီရဲ့။ ကေ့ကိုရှင်းရှင်းပြောပါဦး"

"အရှင်းဆုံးနဲ့အတိုဆုံးပြောရမယ်ဆိုရင်တော့ ကျော်စည်သူ စေ့စပ်တော့မယ့်တဲ့"

"ဟယ်!"

ဆုကေက ပါးစပ်လေးကိုလက်နှင့်ကာပြီး မျက်လုံးပြူးလေးနှင့် သူမကိုမော့ကြည့်သည်။ ပြီးမှ မြမြဖူးလက်တစ်ဖက်ကိုကိုင်လှုပ်ရင်း. . .

"အဲ, အဲဒါဆိုဘယ်လိုလုပ်ကြမလဲအန်တီ, ဟင်။ ဟိုနေ့က





အန်တီနဲ့ကေ သားအမိလိုသရုပ်ဆောင်တာ တကယ်ပီပြင်သွားတာတော့ အသေအချာပဲ၊ ထောင်ထားတဲ့ဗုံးတစ်လုံးကို စနက်တံဖြုတ်ဖို့ ဒီစေ့စပ်ပွဲက တကယ့်အခွင့်အရေးကောင်းပဲပေါ့နော် အန်တီ"

မြမြဖူး ဘာပြန်ဖြေရမှန်းမသိ ငိုင်တွေနေမိသည်။

ကျော်စည်သူ စေ့စပ်လိမ့်မည်၊ လက်ထပ်လိမ့်မည်ဟု ရေးရေးမှတွေးမထားခဲ့တာကြောင့် ယခုလို နဖူးတွေ့ဒူးတွေ့သတင်းကြီး ကြားလိုက်ရသည့်အခါမှာတော့ အံ့သြတုန်လှုပ်သလိုလို ကြေကွဲဝမ်းနည်းသလိုလိုကြီးဖြစ်လာရသည်။

ကိုယ့်ကိုယ်ကို မညာစတမ်းဝန်ခံရလျှင် သူ့ကိုသံယောဇဉ်ကြီးစွာချစ်မြတ်နိုးနေဆဲ၊ တိတ်တဆိတ်မျှော်လင့်စောင့်စားနေဆဲဖြစ်သည်။ ဒါပေမဲ့ အရာအားလုံးက ဖြုန်းတီးခဲ့မိတဲ့အချိန်တွေနဲ့အတူ ပုပ်သိုး ရိခွေးစွာကျန်ရစ်ခဲ့ပြီ၊ နှမြောပေမယ့် လွှင့်ပစ်လိုက်ရတော့မယ်။ မျှော်လင့်ချက်ကြီးကို မုန်းတီး နာကြည်းစွာ ကျိန်ဆဲမိလေသည်။

ဟိုတစ်နေ့က တွေ့ခဲ့ရတဲ့သူ့မျက်နှာဟာ သူမနှလုံးသားကို ပြန်လည်နွေးထွေးလှုပ်ရှားစေခဲ့တာလည်းအမှန်ပင်။ ရုတ်တရက် ဆုကေရဲ့အမေလို့ခေါ်သံကြောင့် အံ့သြတုန်လှုပ်သွားတဲ့သူ့မျက်ဝန်းတွေကို ကြည့်လိုက်တာနှင့် သူမအပေါ် ခံစားချက်မမှဲ့သေးဘူးဟုယုံကြည်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကိုယ်တိုင်ဆွဲခဲ့တဲ့ဇယားက ဒီလိုပြန်လည်ပေါင်းစည်းရေး သို့ဦးတည်ခဲ့တာမဟုတ်သော အဖျက်သဘောသက်သက်မို့ စိတ်ခံစား မှုတွေကို မျိုသိပ်ချိုးနှိမ်ထားခဲ့ရသည်။

"အန်တီဘာတွေစဉ်းစားနေတာလဲ။ စီစဉ်ထားပြီးမှ မလုပ်ရက် တော့ဘူးလား"

"အန်တီဘာဆက်လုပ်ရမှန်းမသိတော့ဘူးသမီးရယ်။ ဘာမှမလုပ် ဘဲနေရင်လည်း ဒီပွဲကနေ အန်တီက ရှုံးထွက်ထွက်လိုက်ရသလိုဖြစ်မှာ။ အရင်စီစဉ်ထားသလိုလုပ်ရင်လည်း ဒါက သူ့တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စ ဆိုတော့ အရမ်းရက်စက်လွန်းရာကျနေမလား"

ဆုကေက ထိုင်ရာမှာထလာရင်း မြမြဖွေးရှေ့မှာ လက်ပိုက်ရပ် လိုက်ကာ မထီတရီလေးပြုံးလိုက်လေသည်။

"အဲ့လိုတွေဝေနေတာကိုက အန်တီဖူးမဟုတ်တဲ့အတိုင်းပဲ။ ကေ သိထားတဲ့အန်တီဖူးက ဒီလို တွေဝေတွန့်ဆုတ်နေတတ်တဲ့လူမှမဟုတ် တာ။ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်နဲ့တော့လေ။ အဲ့ဒါဆို အန်တီနဲ့ကေ လုပ်ခဲ့သမျှတွေက အလကားဖြစ်သွားရုံတင်မကဘူး။ ဦးကျော်စည်သူ စိတ်ထဲမှာလည်း အန်တီက တကယ့်ကလေးတစ်ယောက်အမေဆိုတာ ကြီး စွဲသွားလိမ့်မယ်။ အဲ့လိုဖြစ်မယ့်အတူတူ ကေတို့ ရှေ့ဆက်တိုးကြ





-မယ်။ ဒီအရှုပ်က ပြန်ဖြည်တတ်ရင် လွယ်လွယ်လေးပါ။ အန်တီ အသာလေး လက်ပိုက်ကြည့်နေ။ ရှေ့လျှောက် ကေတစ်ယောက်တည်း လှုပ်ရှားပြမယ်"

"ဘာလို့ ဒီလောက်စိတ်အားထက်သန်နေရတာလဲ ကေရယ်"

"ကေက အန်တီနဲ့သိပ်တူချင်တာလေ။ ရိုးသားပွင့်လင်းတဲ့အန် တီ့စိတ်ဓာတ်ကိုချစ်တယ်။ ပြီးတော့ အန်တီခံစားရတာတွေကို သနားမိ လို့။ ဦးကျော်စည်သူကို တူညီတဲ့တုန့်ပြန်မှုမျိုးကို ပြန်ပေးချင်တာ။ အန် တီ ကြောက်မနေပါဘူးနော်"

"မကြောက်ပါဘူးကွယ်။ ဒါပေမဲ့ ကေ့ကိုလည်း အန်တီစိုးရိမ် တယ်"

"ဘာမှမစိုးရိမ်နဲ့၊ ကေ ဘယ်လောက်သရုပ်ဆောင်ကောင်းတယ် ဆိုတာ ငွေရောင်ပိတ်ကားပေါ်မှာ အန်တီရှုစားရမယ်။ သိလား"

ဆုကေက သွက်သွက်လက်လက်ကလေးပြောသည်၊ သူမကတော့ ကိုယ့်ဇာတ်ကိုမနိုင်၊ ရင်တွေထိတ်လို့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

စေ့စပ်ပွဲဆိုပေမယ့်လည်း သူ့ဘက်ကိုယ့်ဘက်ဖိတ်ရမယ့်အသိုင်းအဝိုင်းဆွေမျိုးတွေရှိတာကြောင့် အဖြစ်သဘောမျိုးမဟုတ်ဘဲ ညည့်ခံပွဲအသေးစားလေးတစ်ခု လုပ်ရပါသည်။

ကျော်စည်သူရဲ့သူငယ်ချင်းအပေါင်းအသင်းတွေနှင့် ဝင်းလဲ့မွန်ရဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေကလည်း မဖြစ်မနေဖိတ်ရမည့်သူတွေချည်းပဲမို့ အိမ်မှာ အကျဉ်းရုံးလို့မရတော့ဘဲ စင်ထရယ်ဟိုတယ်မှာ ခန်းမတစ်ခုယူကာ ညည့်ခံရခြင်းဖြစ်၏။

စေ့စပ်ပွဲလုပ်တာတောင်မှ ဝင်းလဲ့မွန်က သတို့သမီးနီးပါး အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားပြီး သူ့ပုဆိုး နီညိုရောင်ကွက်နှင့်ဆင်တူ နီညိုရောင် ပိုးချိတ် ဝတ်စုံဝတ်ကာ ပဝါတွေဆံထုံးတွေနှင့် လူအများကြား ထင်ရှားစွာလှပနေသည်။ သူကတော့ ဟိုထိုင်ရမလိုဒီထိုင်ရမလို သူငယ်ချင်းတွေနားသွားကာ စကားများနေရ၏။

မေမေတို့ကတော့ မိတ်ရင်းဆွေရင်းတွေမို့ ချစ်ခင်ကြည်ဖြူစွာ စကားတွေ ဖောင်ဖွဲ့နေကြသည်။ ဝင်းလှဲ့မွန်က တက္ကသိုလ်မှဆရာမများ ဖြစ်ဟန်တူသော သူမရဲ့မိန်းကလေးသူငယ်ချင်းတွေနှင့် စကားပြောနေသည်။ ဟိုကဘာတွေပိုင်းပြောသည်မသိ၊ တစ်ချက်တစ်ချက်ရှက်ပြုံးပြုံးရင်း ကျော်စည်သူကို လှမ်းလှမ်းကြည့်သည်။ သူ့သူငယ်ချင်းတွေလည်း ကိုယ့်သူငယ်ချင်းတွေလိုနေမှာပေါ့။ စပ်မိစပ်ရာစကားတွေနဲ့ နောက်ပြောင်နေမှာပဲလို့တွေးလိုက်မိ၏။ ကျောင်းတုန်းကသူငယ်ချင်းတွေ တော်တော်များများလာကြသည်။ ယောကျ်ားလေးတွေချည်း ရှစ်ယောက်လောက်ရှိသည်။ အဲ့ဒီထဲမှာမှ ငါးယောက်လောက်က အိမ်ထောင်ကျပြီး သားနှင့်မယားနှင့် စီးပွားရေးအခြေကျနေသူတွေပင်ဖြစ်သည်။

"ကျော်စည်သူ့ မင်းကတော့ မိန်းမရေကံကောင်းတယ်ကွာ။ အားလုံး perfect ဖြစ်ပြီးသား မိန်းကလေးမျိုး ဘယ်လိုများ ရှာလိုက်တာလဲ"





"ငါရှာတာမဟုတ်ပါဘူးကွာ၊ မေမေရွေးပေးတာ"

"ဩော်၊ ဒီလိုလား။ ငါတို့အမေတွေကတော့ မရှာပေးပါဘူးကွာ။ ကိုယ့်ဘာသာကိုရှာတော့ အပြစ်တွေရှိလည်း ချစ်နေတော့ ဘာမှမမြင်ဘဲ ဖွတ်ယူလိုက်တာ။ အင်း၊ မိဘစကားနားထောင်လိုက်ရင်ကောင်းသား"

မျိုးကိုစကားအဆုံး ထွန်းလင်းနိုင်က. . .

"အင်း. . . ငါလည်း အမေမရှိတော့ ကျော်စည်သူ့အမေကိုပဲ မိန်းမရှာခိုင်းတော့မယ်"

ဟုပြောလိုက်တာမို့ အားလုံး ဝေါခနဲထရယ်ကြသည်။ မရယ်နိုင်တာကတော့ ကျော်စည်သူပင်။ ဘာကြောင့်မှန်းမသိ မြမြဖူးကိုသာ သတိရနေမိ၏။ တကယ်ဆို ဒီအချိန်မှာ မေ့လည်းမေ့သင့်နေပြီ၊ ဒါမှမဟုတ် သတိတရဖြစ်လည်း မေ့ဖျောက်ထားရမှာ။

"အင်း၊ မင်းတို့ကတော့ ရယ်နေ၊ မြမြဖူးတော့ သနားပါတယ်။ ဒီအတိုင်းနဲ့ အရိုးဆွေးမှာပဲ"

တစ်ယောက်သောသူငယ်ချင်းရဲ့စကားကြောင့် သူရော ထွန်းလင်းနိုင်ပါ အံ့ဩသွားမိ၏။

"မြမြဖူးက"

ထွန်းလင်းနိုင်က တစ်ခုခုပြောမည်ဟန်ပြင်ပြီးမှ သူ့ပါးစပ်သူပြန်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်သွားသည်။ ကျော်စည်သူကတော့ လူစုံတုန်း သူတို့များ တစ်ခုခုသိမလားဆိုတဲ့စိတ်ကြောင့်. . .

"မြမြဖူး အိမ်ထောင်ကျသွားပြီလား"

ဟုမေးလိုက်တော့ အားလုံး တစ်ညီတစ်ညွတ်တည်း ခေါင်းရမ်းကြသည်။ ဒါဆို တစ်ခုခုတော့လွဲနေပြီ။ သူနဲ့ထွန်းလင်းနိုင် မှတ်ချက်ချခဲ့သလိုပဲဖြစ်နေမလား။

"သားရေ"

"ဟော, ကျော်စည်သူ၊ မင်းကိုခေါ်နေပြီကွ။ ဟိုမှာ လူကြီးတွေစုံပြီ။ ဒါနဲ့ မင်းတို့က အခုတစ်ခါတည်း လက်မှတ်ထိုးမှာလား"

ကျော်စည်သူက ကုပ်ပိုးကို လက်နှင့်တစ်ချက်သပ်ပြီး ဟီးခနဲရယ်ကာ. . .

"မသိဘူးကွ၊ မေမေစီစဉ်တဲ့အတိုင်းပဲဖြစ်မှာ"

ဟုဖြေတော့ အားလုံးက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝိုင်းဆဲကြသည်။

"သား"

"လာပြီမေမေ"

နီညိုရောင်ပိုးပုဆိုးနှင့် ကော်လာကတုံးရှပ်အဖြူကိုဝတ်ထားသော





ဦးကျော်စည်သူကိုကြည့်ပြီး ဆုကေ သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

ဒီခန်းမထဲကိုရောက်ပြီးကတည်းက မထင်မရှားထောင့်က စားပွဲဝိုင်းမှာနေရာယူပြီး စလှုပ်ရှားဖို့အခြေအနေကို အကဲခတ်နေရတာဖြစ်၏။ ဟန်ကိုယ့်ဖို့ဆိုသလို ဣန္ဒြေမပျက်ထိုင်ပြီး မှန်းစားနေသော ဆုကေအသွင်က ခပ်မြင့်မြင့်အသိုင်းအဝိုင်းထဲကကောင်မလေး ဖြစ်နေတာမို့ မယုံသင်္ကာဝိုင်းကြည့်သည့်မျက်လုံးတွေရဲ့ဒဏ်မှလည်း လွတ်လေသည်။ ယောကျ်ားလေးဘက်က ဆွေမျိုးအသိုင်းအဝန်းတွေက မိန်းကလေးဘက်ကလို့ထင်ကြပြီး မိန်းကလေးဘက်ကကျတော့ ယောကျ်ားလေးဘက်ကပဲလို့ထင်နေမှာ မလွဲဧကန်ပင်။ ဆုကေ ဝင်ထိုင်နေသည့်ဝိုင်းက အန်တီကြီးနှစ်ယောက်ကပင် ဘုမသိဘမသိနှင့် ဆုကေကိုခပ်ပြုံးပြုံးကြည့်ကာ ကော်ဖီတွေဘာတွေများတောင် ထည့်ပေးပြီး လောကွတ်လုပ်နေတာမို့ စိတ်ထဲကျိတ်ပြီး ရယ်ရသေးသည်။

အားလုံးကတော့ တစ်ယောက်အကြောင်း တစ်ယောက်မသိဘဲ အပေါ်ယံဆက်ဆံနေသည့် လူ့မလိုင်တွေချည်းသာဖြစ်၏။ ဒီတော့ ဟန်ဆောင်ပန်ဆောင်ပွဲတက်လာရသည့်ဆုကေအတွက် စိတ်ကြိုက် အကဲခတ်ခွင့်ရလေသည်။

ဦးကျော်စည်သူနဲ့စေ့စပ်မယ့်အမျိုးသမီးကလည်း ထိရက်၊ တို့ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်မရှိအောင် လုပ်ပါပေသည်။ ဒါပေမဲ့ ဟန်ပန်တစ်ခွဲသားနှင့် ကူရွေ့ရှင်လုပ်နေပုံကတော့ အပျိုကြီးအထာမို့ အန်တီမြမြဖူးလောက် ချစ်စရာမကောင်းဘူးဟုထင်မိ၏။

''ကဲ, ကျွန်တော်တို့ဘက်ကတော့ ဘာမှအထွေအထူးပြောစရာမရှိပါဘူး။ မနိုင်နဲ့ကျွန်တော်တို့ဆိုတာ ငယ်ငယ်ကတည်းက အတူတူကြီးပြင်းလာခဲ့တဲ့သူငယ်ချင်းရင်းတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပွင့်လင်းပြီးသားပါ''

''ဟုတ်ပါတယ်ရှင်၊ ဒီညှိနှိုင်းပွဲလုပ်တာလည်း မိတ်ရင်းဆွေရင်းတွေကိုအသိပေးတဲ့သဘောပါပဲ''

လူကြီးတွေပိုင်းက စကားသံထွက်လာပြီး ညီ့သည်တွေရဲ့တခြားရောက်တတ်ရာရာစကားသံတွေ တိတ်ဆိတ်သွားသည်။ အားလုံးက စေ့စပ်ကြောင်းလမ်းခြင်းဆိုတဲ့ကိစ္စကို ဦးတည်လာကြတာမို့ နှစ်ဖက်မိဘဆွေမျိုးတွေရဲ့စကားမှာ အာရုံစိုက်ငြိမ်သက်နေကြသည်။

ဒါဟာ ဆုကေအတွက် အခွင့်ကောင်းပဲဖြစ်၏။

ခန်းမတစ်ခုလုံး တစ်ခွန်းစနှစ်ခွန်းစ ရွှေလမ်းငွေလမ်းခင်းနေကြသည့် နှစ်ဖက်သောမိဘတွေရဲ့မင်္ဂလာစကားသံသာ ကြားနေရပြီး အပ်ကျသံပင်ကြားနိုင်သောအောင် တိတ်ဆိတ်နေပေမယ့် ကေ့ရင်ထဲမှာ ရင်ခုန်





သံက အကျယ်ကြီး။

ဦးကျော်စည်သူနှင့် သူ့ရဲ့ဇနီးလောင်းကတော့ မျက်နှာချင်းဆိုင်အနေအထားမှာထိုင်လျှက် သားလိမ္မာ၊ သမီးလိမ္မာအသွင်ဆောင်ကာ ခေါင်းလေးတွေ ငုံ့ထားသည်။ ဒီအချိန်ဟာ မင်္ဂလာညှိနှိုင်းပွဲကြီးမဟုတ်သေးပေမယ့် အကြိုမင်္ဂလာယူသော စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာပဲဖြစ်၏။

ကေ, အသက်ကိုဝအောင်ရှူပြီး ထိုင်ရာမှ ဖြုန်းခနဲထရပ်လိုက်သည်။ ရုတ်တရက်တော့ ကေ့ကို အားလုံးသတိမပြုမိသေး။ ထို့နောက် ခေါင်းငုံ့လျှက် ငြိမ်သက်စွာထိုင်နေသော ဦးကျော်စည်သူရှေ့သို့ တစ်လှမ်းချင်းလျှောက်သွားကာ ဒူးထောက်ထိုင်ချလိုက်သည်။

''ဖေဖေ''

''ဟင်! ''

''ဟဲ့! ''

''အို! ''

စသဖြင့်သော အာမေဋိတ်သံတွေက ရုတ်ချည်းဆူညံသွားသည်။ ဦးကျော်စည်သူက ကေ့ကို ယောင်နနကြည့်ရင်း. . .

''မင်း. . . မင်း, ဘယ်သူ့ကိုခေါ်လိုက်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကိုလေ၊ ဖေဖေက သမီးရဲ့အဖေရင်းပါ။ ဖေဖေအသိအမှတ်မပြုခဲ့တဲ့သမီးပါ။ ဖေဖေရဲ့မေတ္တာကိုငတ်မွတ်ခဲ့ရတဲ့သမီးကို ငဲ့ညှာတယ်ဆိုရင် ဒီစေ့စပ်ပွဲကိုဖျက်သိမ်းပေးပါနော်၊ ဖေဖေရယ်မေမေရယ်နဲ့ ပြည့်စုံသာယာတဲ့မိသားစုဘဝလေးကို သမီးလိုချင်လို့ပါဖေဖေရယ်"

မျက်ရည်လေးတလည်လည်နဲ့ပြောလိုက်သော ကေ့ရဲ့ အကယ်ဒမီရှော့ကြောင့် အားလုံး မျက်လုံးအပြူးသား အံ့သြဝမ်းနည်းတွေ ဖြစ်ကုန်သလို ဦးကျော်စည်သူရဲ့အမေကိုယ်တိုင်ပင် ရင်ဘက်ကို လက်နှင့်ဖိကာ အို့ဘုရား. . . ဘုရား. . . ဟုတ,လိုက်လေတော့၏။

ဦးကျော်စည်သူကတော့ သွေးရူးသွေးတန်းနှင့်. . .

"မဟုတ်တာ၊ ဟော့, မင်း. . . မင်းရူးနေတာလား။ အားလုံးပဲ သူ့စကားကိုမယုံကြပါနဲ့ခင်ဗျာ။ ကျွန်တော့်မှာ ဘာသမီးမှမရှိပါဘူး။ တစ်ခါမှလည်း. . ."

"တော်ပါတော့ ကိုကျော်စည်သူ"

ဝင်းလဲ့မွန်က ထိုင်ရာမှ ရုတ်ချည်းထရပ်သည်။ သူမမျက်လုံးတွေက မျက်ရည်မရှိပေမယ့် နီမြန်းနေကြတာမို့ အစွမ်းကုန်ထိန်းချုပ်ထားရမှန်း သိသာနေ၏။

"ဒီစေ့စပ်ပွဲကို ကျွန်မဘက်က ဖျက်တယ် ကိုကျော်စည်သူ။ ဒါ





ကျွန်မရဲ့အရှက်နဲ့သိက္ခာအတွက်ဖြစ်သလို ဖခင်မေတ္တာငတ်မွတ်နေတဲ့ ကလေးတစ်ယောက်ကို ဂရုဏာသက်မိလို့ပဲ။ ရှင့်မှာ သမီးတစ်ယောက်ရှိတာ ရှင်ကိုယ်တိုင်မသိဘူးဆိုတာ ဟုတ်ချင်မှဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ အခုချိန်ကစပြီး ရှင့်ဘက်က ဖခင်တာဝန်ကျေအောင် တာဝန်ယူလိုက်ပါ"

စကားအဆုံး သူမက ချာခနဲလှည့်ထွက်သွားသည်။ ပြီးတော့ သူမမိဘတွေ၊ ဆွေမျိုးတွေနှင့် သူတို့ဘက်ကမိတ်ဆွေတွေအားလုံး တစ်ယောက်ပြီးတစ်ယောက် ထထွက်သွားသည်၊ မေမေက မျက်လုံးပြူးလျှက်သူ့ကိုကြည့်နေ၏။ ဘယ်သူ့ကိုမှမရှင်းပြနိုင်၊ မတားဆီးနိုင်တော့ဘဲ ငိုင်ကျန်ခဲ့ရသူက ကျော်စည်သူ။

"တောက်!"

သူ ခါးထောက်ရင်း တောက်တစ်ချက်ခေါက်သည်။ သူ့ရှေ့မှာငိုရှိုက်နေသောကောင်မလေးကို ဘယ်သူဆိုတာ ပြန်အမှတ်ရတော့ ဒေါသစိတ်နဲ့အတူ အံ့သြခြင်းက ရင်မှာ နင့်လာသည်။

"ဘာတွေဖြစ်ကုန်တာလဲ ကျော်စည်သူ"

သူငယ်ချင်းတွေအကုန်လုံး သူ့ဘေးဝိုင်းလာကြသည်။

ထွန်းလင်းနိုင်က သူနှင့်ထိုကောင်မလေးကို တစ်လှည့်စီကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း နားမလည်နိုင်ဟန်နှင့်. . .

"ဒါ, ဒါက"

"သူက မြမြဖူးသမီး"

ကျော်စည်သူ့စကားကြောင့် ထွန်းလင်းနိုင်သာမက သူငယ်ချင်းအားလုံး မျက်လုံးပြူးသွားသည်။

"ဒါဆို မင်းတို့နှစ်ယောက်"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး"

"ဘာ. . . ဘာတွေဖြစ်ကုန်တာလဲ သားရယ်။ အဲ့ဒီကလေးမလေးက သားရဲ့ကလေးဆိုတာ တကယ်ပဲလား၊ မေမေ့ကိုအမှန်အတိုင်းပြောစမ်းပါသားရယ်။ မေမေ စိတ်မဆိုးပါဘူး၊ မေမေ့မြေးမလေးက ဒီအရွယ်တောင်ရှိနေပြီပေါ့"

ကေ မျက်လုံးပြူးသွားရသည်။ ကေလိုချင်တဲ့ပစ်မှတ်က ဦးကျော်စည်သူတစ်ယောက်တည်းဖြစ်တာမို့ ဒီခန်းမထဲက အသာလေးလစ်ပြေးဖို့သာ ကြံစည်မိ၏။

"ဘာတွေဖြစ်ကုန်တာလဲကွာ၊ တောက်! ဒါ သက်သက် ငါ့ကိုချောက်ချတာကွ"

ဦးကျော်စည်သူက ဒေါသတကြီးရေရွတ်နေသည်၊ အပြင်ပြေးထွက်





ဖို့ကြံမိပေမယ့် အခွင့်မသာသေးချေ။

"ဟေ့ ဒီမှာ၊ မင်းက မြမြဖူးရဲ့သမီးလား"

"အင်း, မဟုတ်. . . ဟုတ်၊ အဲ, ဟုတ်ပါတယ်"

"အေး, ဟုတ်တာမဟုတ်တာ ငါမသိဘူး၊ ဒါပေမဲ့ အဲ့ဒီမြမြဖူးနဲ့ ငါကတော့ စာရင်းရှင်းကိုရှင်းရဦးမှာ။ လူကြားထဲမှာ ငါ့သိက္ခာကို ရစရာမရှိအောင် ဖျက်ဆီးပစ်လိုက်ပြီ"

"နေပါဦးကွာ၊ မင်းသွေးအေးအေးထားပြီး စဉ်းစားပါဦး"

"ဟုတ်ပါတယ် သားရယ်၊ တကယ်လို့ သူလေးက မေမေ့မြေးမလေးဆိုရင် မေမေစိတ်မဆိုးတဲ့အပြင် ဝမ်းတောင်သာရဦးမှာ။ ကြည့်ပါဦး၊ သမီးလေးက ချစ်စရာလေး"

ကေ မသိမသာခေါင်းလေးငုံ့လိုက်မိသည်။ ကိုယ်က ဟန်ဆောင် "အင်"မို့ ဦးကျော်စည်သူအမေရဲ့အရေးပေးခြင်းကို လက်မခံရဲပါ။

လစ်တာနဲ့ ထွက်ပြေးဖို့ပဲ စဉ်းစားနေမိ၏။

"ဘာမှစဉ်းစားစရာအကြောင်းမရှိဘူး၊ မေမေလည်း ရမ်းသမ်းပြီး ချစ်မနေနဲ့ဦး။ ဒါ သားနဲ့ဘာမှမပတ်သတ်ဘူး"

သူ့သူငယ်ချင်းတွေက သူ့ကိုသာ အံ့ဩတကြီးငေးနေသလို မေမေကလည်း ဘာလုပ်ရမှန်းမသိပုံနှင့် ချီတုံချတုံဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို မြမြဖူးက ဘာတွေပြောပြီး နိုင်းလိုက်တာလဲ။ ငါ မင်း အဖေမဟုတ်ဘူးကွ၊ နားလည်လား။ မင်းတို့ကလည်း ငါ့ကိုပေါက်ကရ စွတ်ထင်နေတယ်။ သူနဲ့ငါ ဒီလိုဖြစ်ထားရင် ကလေး ဒီအရွယ်ရောက် အောင် သူလား၊ နေမှာ. . . အစိပ္ပာယ်မရှိတာ"

အမယ်လေး ရယ်ချင်လိုက်တာ ဖပ်ဖပ်မော၊ ရင်ဘက်နောက်က ကျော့ဆိုသလိုဖြစ်နေပြီ ဦးကျော်စည်သူရေ၊ ကေစိတ်ထဲမှာ ကျိတ်ရယ် မိသော်လည်း ဦးကျော်စည်သူရဲ့ဒေါသတကြီးပြောပုံကြောင့် ဝမ်းနည်း စိတ်ထိခိုက်ဟန်ဆောင်ကာ ငိုရှိုက်ရင်း အပြေးတစ်ပိုင်းလှည့်ထွက်ခဲ့၏။ ပိပြင်လိုက်တဲ့အမူအရာ။

ဒါကတော့ ကေ့ရဲ့နောက်ဆုံးသရုပ်ဆောင်မှုပေါ့။ ခုချိန် ကင်မရာ မင်း(န်)တွေ၊ ဒါရိုက်တာတွေသာရှိရင် OK...ကဒ်လို့ အော်ရမှာ မလွဲ မသွေပါပဲ။

⁂ ⁂ ⁂



## အခန်း (၂၀)

"နိုင်ငံခြားမှာ စာရေးဆရာ ကဗျာဆရာတွေက နာမည်ရင်းပဲ သုံးကြတယ်နော်။ ဆရာမကရော သူတို့ကိုအားကျပြီး အဲလိုလုပ်လိုက် တာလား"

သတင်းထောက်ကိုမိုးသစ်၏မေးခွန်းကြောင့် မြမြဖူး ပြုံးလိုက်မိ ၏။

"မဟုတ်ပါဘူးရှင်၊ ကလောင်နာမည်ထပ်ရွေးဖို့ အခြေအနေမပေး ခဲ့လို့ပါ။ တက္ကသိုလ်မဂ္ဂဇင်းတွေမှာ မြမြဖူးဆိုတဲ့နာမည်နဲ့ ကဗျာတွေရေး ခဲ့ဖူးတော့ ဒီနာမည်လေးကပဲ ကလောင်နာမည်လိုဖြစ်သွားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်ကသာ ကျကျနနစဉ်းစားမိရင် ခုခေတ်စာရေးဆရာမလေး တွေလိုပဲ ရုပ်ရှင်မင်းသမီးနဲ့ နင်လားငါလား ထင်မှတ်မှားသွားအောင် - လှလှပပနဲ့ အပျံစားနာမည်လေး ရွေးမိမှာပဲ''

အစကတည်းက ဒီကဗျာဆရာမက ရိုးရိုးသားသားနှင့် ပွင့်ပွင့် လင်းလင်းသမားဆိုတာ သိခဲ့ပြီးပြီမို့ ကိုမိုးသစ်က ထိုအဖြေကို သဘော ကျစွာရယ်ရင်း. . .

''ဟုတ်ပါပြီဗျာ၊ ဒါနဲ့ ခေတ်ဟောင်းကဗျာနဲ့ ခေတ်သစ်ကဗျာတွေ အပေါ်မှာရော ဘယ်လိုမြင်သလဲဆိုတာ ပြောပြပါဦး''

ဟုမေးလိုက်လေသည်။ ထိုမေးခွန်းအတွက်လည်း သူမက အင်း, အဲ,စဉ်းစားနေတာမျိုးမရှိ။

''ဒါကတော့ ရှင်းပါတယ်။ ကျွန်မအမြင်တော့ ခေတ်ဟောင်းဖြစ် စေ၊ ခေတ်သစ်ဖြစ်စေ အားလုံးက ကိုယ်နည်းကိုယ့်ဟန်နဲ့ဖန်တီးထား တဲ့အနုပညာပဲ။ ခေတ်ဟောင်းဆိုတာလည်း ရာစုနှစ်တော်တော်များများ မှာ ကျန်ခဲ့ရလို့ ဟောင်းသွားတာ။ သူလည်း သူ့ခေတ်သူ့အခါကတော့ အသစ်ပဲပေါ့။ အဲ့ဒီအပေါ် ဝေဖန်ဖို့ ကျွန်မ ဖြတ်သန်းလေ့လာခဲ့တဲ့ ကာလနဲ့ မတန်သေးပါဘူး။ ပို့စ်မော်ဒန်အပေါ် ဆရာ့ဆရာကြီးတွေ ဝေဖန် တာ သဘာဝကျပေမယ့် ကျွန်မအနေနဲ့ကျတော့ ပြောဖို့မသင့်ဘူးလေ။





တစ်ခုတော့ရှိတာပေါ့။ ကာရန်နဘေနဲ့မှ ကဗျာဂုဏ်၊ ရသမြောက်စေတယ် ဆိုရင်တော့ ဒီခေတ်လူငယ်တော်တော်များများ ခံစားလိုက်ရတဲ့ ပို့စ်မော် ဒန်ဆိုတာ ဆရာကြီးတွေပြောသလို မားတုံးတုံးနဲ့ဖြတ်ပိုင်းထားတဲ့ စကား ပြေအပိုင်းအစတွေ ဖြစ်သွားမှာပါပဲ။ ဒါပေမဲ့ အဲ့ဒါတွေကလည်း ရင်ဘတ် နဲ့ ရင်းထားတာတွေချည်းပါပဲ၊ အားလုံးဟာ ခေတ်နဲ့အညီချိတက်နေတဲ့ အနုပညာတွေပဲလေ။ တစ်ခုရှိတာက စာပေအပေါ်ထားတဲ့စေတနာနဲ့ သစ္စာက အဓိကပါ။ ဘာမှညာမှလို့ စကားကြီးစကားကျယ်တွေ မကြွေး ကြော်ရဲပါဘူး''

''ဒါဟာ အနောက်နိုင်ငံတွေနဲ့ နိုင်ငံရပ်ခြားက ကဗျာစာပေတွေ ရဲ့လွှမ်းမိုးမှုလို့ ထင်သလားခင်ဗျာ''

''ကျွန်မနားလည်သလိုပြောရရင်တော့ နိုင်ငံရပ်ခြားစာပေတွေ ကိုဘာသာပြန်ရာက ပို့စ်မော်ဒန်ဖြစ်လာတယ်လို့မထင်မိပါဘူး။ စာရေး သူကိုယ်တိုင် လွယ်ကူရှင်းလင်းတဲ့ဝါကျတည်ဆောက်မှုကို အားသာပြီး အလေးပေးရေးတာလို့ပဲထင်ပါတယ်။ ဟိုတုန်းကတောင် ခေတ်စမ်းစာပေ ဆိုတာ ရှိသေးတာပဲ။ ပို့စ်မော်ဒန်ကလည်း သူ့ခေတ်သူ့အခါနဲ့အညီ ပေါ်ထွက်လာတာပါပဲ၊ တစ်ခုတော့ရှိတာပေါ့လေ၊ တစ်နေရာကနေ တစ် နေရာ ကူးစက်ပျံ့နှံ့မှု လျှင်မြန်တဲ့နှုန်းထဲမှာ ယဉ်ကျေးမှုလည်းပါနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီစာပေအနုပညာလည်း လွှမ်းမိုးခံရချင်ခံရမှာပေါ့။ ကျွန်မတို့မြန်မာစာ-ပေမှာတောင် အင်္ဂလိပ်ဝေါဟာရတွေကို မဖြစ်မနေ ကြားညှပ်မွေးစားနေပြီပဲ''

''ဆရာမကြိုက်တဲ့ကဗျာအမျိုးအစားကရော ဘာများဖြစ်မလဲ။ ပြီးတော့ ခေတ်ပေါ်ကဗျာနဲ့ပတ်သက်ပြီး ပြဿနာက ဘာတွေဖြစ်နိုင်မလဲခင်ဗျာ''

''ကြိုက်တဲ့ကဗျာအမျိုးအစားလို့ ကျွန်မ သီးသန့်ခွဲမပြတတ်ဘူးရှင့်။ ကဗျာကိုစပြီး တူးဖော်တွေ့ရှိခဲ့ရတဲ့ ပုဂံခေတ် မြကန်ဘွဲ့လင်္ကာတို့ ပင်းတယခေတ် တျာချင်း၊ ကာချင်း၊ ရတုတွေ။ အဲ့ဒီကနေ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် အစရှိတဲ့ ခေတ်အဆက်ဆက်က တေးလား၊ ပျို့၊ အဲချင်း၊ နတ်သံ၊ သျှိုးလိုက် စပြီး ဗုံကြီးသံ၊ ဘောလယ်၊ ဒွေးချိုး၊ ဖတ်ဖူးမှတ်ဖူးသမျှ လက်လှမ်းမီရာတွေ အကုန်ခံစားလို့ရတယ်။ သူတို့ကျတော့ တကယ့်ဂန္ထဝင်စာခန့်တွေပေါ့နော်။ ဘာနဲ့တူသလဲဆိုရင် ဘယ်လောက်လှိုင်းပုတ်ပုတ် မတုန်လှုပ်တဲ့ကျောက်ဆောင်ကြီးတွေလိုပဲ ကဗျာရဲ့ဥပမိလည်းရှိတယ်။ နှစ်တွေဘယ်လိုပြောင်းပြောင်း တည်ရှိနေနိုင်တယ်ပေါ့။ ကျွန်မဥပမာပေးတဲ့ ကျောက်ဆောင်ကမှ ကြာရင်ပျက်စီးဦးမယ် သူတို့ကတော့ လုံးဝခိုင်မာတည်တံ့တယ်။ အဲ့ဒီစာတွေကနေ ခု





ခေတ် မော်ဒန်၊ ပို့စ်မော်ဒန်၊ L.P အထိ ခံစားလို့ရတယ်။ ဘာလို့လဲဆိုတော့ အားလုံးက နှလုံးသွေးကို မင်ဖြစ်အောင်ဖျော်ထားရတဲ့အနုပညာတွေချည်းပဲမို့ပါ။ ခေတ်ပေါ်ကဗျာနဲ့ပတ်သက်ပြီး ပြဿနာတွေကတော့ ကျွန်မလေ့လာမိသလောက် စကားပြေဆန်တဲ့ပြဿနာ၊ ကာရန်ပြဿနာ၊ ရစ်သမ်နဲ့ဘာသာဗေဒဆိုင်ရာပြဿနာတွေလို့ထင်ပါတယ်။ တချို့ကတော့ ကဗျာရဲ့တည်ဆောက်မှုလို့ဆိုပါတယ်။ ကျွန်မကိုယ်တိုင်လည်း တစ်ခါတလေ အကြောင်းအရာကိုအလေးပေးမိတယ်။ တစ်ခါတလေ ကာရန်ကို အလေးပေးမိတာလေးတွေ ရှိတယ်လေ''

''ဆရာမက ကဗျာရေးတဲ့ခံယူချက်ကိုလည်း သိပါရစေ''

''တခြားလူတွေတော့ မသိဘူး၊ ကျွန်မကဗျာရေးတာ ခံယူချက်တစ်ခုကြောင့်မဟုတ်ပါဘူး။ ကဗျာလေးတွေစရေးတော့ ကျွန်မ ရှစ်တန်းလောက်ပဲရှိသေးတယ်။ အခုထိလည်း ကျွန်မ ဘာအတွက်ညာအတွက်ဆိုပြီး ကဗျာမရေးပါဘူး။ ရှင်းရှင်းပြောရရင် နာမည်၊ ငွေကြေးတစ်ခုကို မှမမျှော်မှန်းဘဲ စိတ်ကဆာလောင်လို့ရေးတဲ့သဘောပဲရှိပါတယ်။ နာမည်ဆိုတာ အဲ့ဒီကနေမှ ရလာပါတယ်။ ကျွန်မ ငွေအတွက် နာမည်အတွက်ဆိုပြီး မဖြစ်မနေအားထုတ်တာမျိုးမရှိပါဘူး။ ဒါပေမဲ့ မရေးဘဲလည်း မနေနိုင်ပါဘူး။ ကျွန်မရဲ့တစ်ကိုယ်ရည်တစ်ကာယအတွက် မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စလေးတွေလုပ်သလို ကျွန်မစိတ်ရဲ့တောင့်တမှုအတွက်လည်း ကဗျာ ရေးပါတယ်''

မြမြဖူးရဲ့အဖြေကြောင့် ကိုမိုးသစ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးဖို့ပြင်လိုက်စဉ်မှာပင် သူ့မ ဖုန်းက Ring tone သံလေး မြည်လာတာမို့. . .

''ကိုမိုးသစ်, ခဏနော်''

ဟုခွင့်တောင်းကာ ဖုန်းနားထောင်လိုက်တော့ ဆုကေရဲ့အမော တကောအသံလေးကို ကြားလိုက်ရတော့၏။

''အန်တီ, ကေပါ။ အခုပဲလစ်ပြေးလာတာ။ ကေတော့ ကောင်းကောင်းကျိုင်ပေးခဲ့ပြီ။ အဲ့ဒါ အန်တီ့အတွက် ရှော့(ခ်)နည်းနည်းကြီး လိမ့်မယ်။ လောလောဆယ်ဆယ်ရှောင်နေတာ အကောင်းဆုံးပဲ။ ဒါပဲနော်။ နောက်မှတွေ့မယ်. . . ဘိုင့်''

မြမြဖူး ဘာမှပြန်မပြောလိုက်နိုင်ခင် သူမက ဦးစွာဖုန်းချသွားလေတော့သည်။ လောလောဆယ်ရှောင်နေရင်အကောင်းဆုံးပဲဆိုတော့ ကျော်စည်သူက သူမကို အဲ့လောက်တောင် ဒေါသတွေထွက်နေပြီလား။ ဆုကေကရော ဘယ်လောက်များပြဿနာရှာခဲ့လို့လဲ။ ဒါနဲ့ စေ့စပ်ပွဲကရော ဘယ်လိုရှုန်းရင်းဆန်ခတ်တွေဖြစ်ကုန်ပြီလဲ။





ခက်တော့တာပဲ။ ဒီမှာအင်တာဗျူးဖြေလက်စကြီးကို ဘယ်ပြေးလို့ရမှာလဲ။ ဒီကောင်မလေးကလည်း ဘာမှတောင်မေးချိန်မရဘူး။ သူလည်း ကမန်းကတန်းပြေးလွှားလာရတဲ့ပုံပဲ။

ဘုရား. . . ဘုရား။ ဘာတွေဖြစ်ကုန်ပါလိမ့်။

''ဆရာကြီးဇေယျကတော့ ပြောခဲ့တယ်ဗျ ကိုယ့်တာဝန် ကိုယ်မသိ၊ ရေးရလျှင်ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော၊ ပိုက်ဆံရလျှင် ပြီးရောဆိုလျှင်တော့ လက်ထဲက ကလောင် အမှိုက်ပုံးထဲထည့်ပြီး မုန့်ဟင်းခါးသာ လည်ရောင်းတော့တဲ့။ အဲ့ဒီအပေါ် ဆရာမရဲ့အမြင်''

''ပြောပြီးခဲ့ပြီပဲရှင်၊ ကျွန်မ ဘာကိုမှ ရယူလိုစိတ်နဲ့ မရေးပါဘူးလို့''

''ဩော်, ဒါနဲ့ ဆရာမရဲ့ကဗျာတွေက အသည်းကွဲကဗျာတွေဆိုပေမယ့် ခုထိလတ်ဆတ်တုန်းနော်။ အဲ့ဒါဘာကြောင့်များပါလိမ့်ဗျာ''

''ဒါကတော့ အသည်းကွဲတယ်ဆိုတာ ဟောင်းနွမ်းသွားတာမှမဟုတ်တာ။ ခုပြန်တွေး ခုခံစားရတုန်းကိုး. . . ကျွန်မအတွက် လတ်တလော အသည်းကွဲထားတာတော့ မရှိပါဘူး။ ပြီးတော့ ဒီအရွယ်က အသည်းကွဲတဲ့အရွယ်မဟုတ်တော့ဘူးလေ''

သူမအဖြေကြောင့် ကိုမိုးသစ်က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြမြဖူးဆိုတာ အသက်သာ သုံးဆယ်ကျော်ပေမယ့် လုတပတ္တ အပျိုကြီးလည်းဖြစ်၊ ရေးတဲ့ကဗျာတွေကလည်း ကြေကြေကွဲကွဲတွေဆိုတော့ ဘာပါလိမ့်နော်ဆိုပြီး စိတ်ဝင်စားပေမပေါ့။

"စိတ်မဆိုးဘူးဆိုရင်တော့ ဆရာမရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး မေးချင်တာလေးရှိပါတယ်"

"အချစ်ရေး?အဲ့ဒါနဲ့ပတ်သက်ပြီး ဘာများမေးစရာရှိလို့လဲ။ အခုထိ ကျွန်မဘက်က ဒါတွေ အရမ်းသွေးအေးပါတယ်။ ပြီးတော့. . ."

"မြမြဖူး"

"အမယ်လေး!"

ရုတ်တရက် ဧည့်ခန်းထဲရောက်လာကာ ခေါ်လိုက်သော ကျော်စည်သူအသံကြောင့် မြမြဖူး လန့်အော်မိသွားသည်။

"ဩော်, မောင်. . . အဲ, ကျော်, ကျော်စည်သူ၊ ထိုင်, ထိုင်လေ။ ဘယ်ကလှည့်လာတာလဲ"

"ဘယ်ကမှမလှည့်ဘူး။ နင့်ဆီလာတာ၊ နင်နဲ့ရှင်းစရာရှိလို့"

ကျော်စည်သူ့ပြောပုံကြောင့် ကိုမိုးသစ်က မြမြဖူးကိုတအံ့တဩ လှမ်းကြည့်သည်။ မြမြဖူးလည်း ရုတ်တရက်ပူထူရှက်ရွံ့ကာ ဘာလုပ်လို့လုပ်ရမှန်းမသိ။





"ဟို, နင်ကလည်းဟာ၊ ရောက်တုန်းရောက်ခိုက်အေးအေးဆေးဆေးပေါ့။ ဘာ. . . ဘာတွေဖြစ်လာတာလဲ"

"မအေးဆေးနိုင်ဘူး။ ငါ နင့်ဆီအလည်လာတာမဟုတ်ဘူး၊ နင့်လုပ်ရပ်တွေအတွက်လာခဲ့တာ။ အခု နင့်သမီးဘယ်မှာလဲ"

မြမြဖူး မျက်လုံးပြူးသွားသည်။ ကိုမိုးသစ်ကိုလှမ်းကြည့်တော့ စိတ်ဝင်တစား အံ့ဩအားနာဟန်နှင့် သူမကိုစိုက်ကြည့်နေတာ တွေ့ရလေသည်။ အင်တာဗျူးလက်စမို့ သူ့လက်ထဲမှာ ကက်ဆက်ကလည်း record လုပ်လက်စအဆင်သင့်နှင့်။

"ဟို, ဆောရီး. . . ကိုမိုးသစ်၊ အလုပ်မှာ အနှောက်အယှက်ဖြစ်သွားရင် ကျွန်မတောင်းပန်ပါတယ်။ ခုတော့ ကျွန်မကိုယ်ရေးကိုယ်တာ ကိစ္စလေးရှိနေလို့"

"ဩော်, ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်ဆရာမရယ်။ ရပါတယ်၊ အေးအေးဆေးဆေးပြောကြပါ"

"ကျွန်မ နောက်နေ့ မဂ္ဂဇင်းတိုက်ကို ကိုယ်တိုင်လာခဲ့ပါ့မယ်။ ဒီအင်တာဗျူးဆောင်းပါးကို ကျွန်မလာမှ လက်စသပ်တာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

ကိုမိုးသစ်ပုံစံက ဇာတ်လမ်းကောင်းတုန်း မီးပျက်သွားလို့ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသူလို ပြန်သာသွားရသည်၊ မြမြဖူးကို ကွက်ကြည့်ကွက်ကြည့်နှင့်။

ဒုက္ခပါပဲ၊ ကဗျာဆရာမ မြမြဖူးဟာ ကလေးတစ်ယောက်အမေဖြစ်ရက်နဲ့ အပျိုကြီးအမည်ခံထားတာလို့ဖွလိုက်ရင် ငါတော့ ကိုယ်ကျိုးနည်းပြီ။

ဘုရား. . . ဘုရား. . . မီဒီယာသမား ကလောင်သွားက ထက်ပါဘိသနဲ့။ ငါ့အရှက်ကတော့ ကွဲတော့မှာပဲ။

''မြမြဖူး, နင်ဘာမှစဉ်းစားမနေနဲ့။ ငါမေးတာပဲဖြေ၊ နင့်သမီးဘယ်မှာလဲ၊ ဒါနင်ထွင်လိုက်တဲ့ဇာတ်လမ်းဆိုတာ ငါသိတယ်၊ အဲ့ကလေးက ငါနဲ့ရတာမဟုတ်ဘူးဆိုတာလည်း နင်သိတယ်။ ဒါ ငါ့ကိုအရှက်ခွဲချင်လို့ သိက္ခာချချင်လို့လုပ်တာ။ ဒီ့အတွက် နင် ငါ့ကို အားလုံးရှေ့မှာ တောင်းပန်၊ ပြီးတော့ နင့်သမီးက ငါနဲ့ရတဲ့ကလေးမဟုတ်တဲ့အကြောင်း အားလုံးသိအောင် ဒီအင်(န်)ဒအေ စစ်ပေးဒါပဲ''

''ငါ့,ငါတောင်းပန်ပါတယ်မောင်ရယ်။ အားလုံး ငါရှင်းပြပါ့မယ်''

''ငါ့ကိုမောင်လို့မခေါ်နဲ့။ ဘာမှငါ့ကိုမရှင်းပြနဲ့။ ခုမှရှင်းပြလည်း အပိုပဲ၊ အဓိက,က ငါနဲ့စေ့စပ်မယ့်မိန်းကလေး အမှန်တရားကိုသိဖို့ပဲ''





သူ့စကားကြောင့် မြမြဖူး မျက်ရည်လေးတွေ စို့သွားရသည်။

''ဪ, စေ့စပ်ပွဲပျက်လို့ နင်က ငါ့ကိုလာပေါက်ကွဲနေတာကိုး''

ကျော်စည်သူက သူမမျက်နှာကို စူးခနဲတစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားသည်။

''နင်သိပ်ချစ်ရတဲ့မိန်းမနဲ့လွဲရမှာ သိပ်ကြောက်နေတဲ့ပုံပဲနော်''

''စကားအပိုတွေမပြောနဲ့ မြမြဖူး။ အခု နင်လုပ်လိုက်လို့ ငါက ဘာမှသုံးစားမရတဲ့ကောင်ဖြစ်သွားပြီ။ အဲ့ဒါတွေအတွက် ဘာပြန်ပေးပေး, နင်မကျေတော့ဘူး''

သူမ ပြုံးမိပြန်သည်။ ရင်ထဲမှာတော့ မျက်ရည်တွေက သူ့စကားတစ်ခွန်းထွက်တိုင်း တစ်စက်ချင်း တစ်ပေါက်ချင်း ကြွေသည်လေ။

''နင်ပြောလိုက်တဲ့စကားတွေကရော ငါ့ကို အနည်းနဲ့အများထိခိုက်တာပါပဲ၊ အခုဆို ငါ့အကြောင်းတွေ သူတို့အချင်းချင်းဖွကြတော့မယ်။ ငါလည်း ငါ့အသိုင်းအဝိုင်းမှာတော့ သိက္ခာကျရတာပါပဲ''

''ဟုတ်လား။ နင့်မှာ အရှက်နဲ့သိက္ခာရောရှိသေးတယ်လား။ လူပုံအလယ်မှာ နင့်သမီးကိုလွှတ်ပြီး ငါ့ကိုအဖေခေါ်ခိုင်းတော့ နင့်ရဲ့အရှက်နဲ့သိက္ခာ ဘယ်ရောက်နေလဲ၊ အေးလေ,အစကတည်းက သူများကိုဒုက္ခပေးဖို့ဆို နင်က ဘာကိုမှဂရုစိုက်တတ်တဲ့လူမှမဟုတ်တာ။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တော့လုပ်ရဲမှာပေါ့။ ပြောစမ်းပါ၊ ငါ့စေ့စပ်ပွဲပျက်စေချင်တာ ဘာသဘော လဲ။ နင့်ကိုထားပစ်ခဲ့တယ်ဆိုတဲ့အငြိုးနဲ့လား''

သည်တစ်ခါတော့ ဘယ်လိုမှတားဆီးထိန်းချုပ်လို့မရနိုင်စွာ မျက်ရည်တစ်စက ပါးပေါ် လိမ့်ခနဲစီးကျလာသည်။ ဒါပေမဲ့ သူမ ဟက်ခနဲ ရယ်ရင်း မျက်ရည်ကို ခပ်ကြမ်းကြမ်းဖိပွတ်သုတ်ပစ်လိုက်၏။

''ဟုတ်တယ်၊ နင့်စေ့စပ်ပွဲကိုပျက်စေချင်လို့ တမင်လုပ်ခဲ့တာ။ နင်သိထားသလိုပဲ မြမြဖူးက သူများကိုဒုက္ခပေးဖို့ဆို ဘာကိုမဆိုရင်း ရဲတဲ့မိန်းမ၊ အမှန်အတိုင်းပြောရရင် နင့်ဆီကိုလွှတ်လိုက်တဲ့ကောင်မလေး ကလည်း ငါ့သမီးမဟုတ်ဘူး။ ငါ့မှာဘယ်တုန်းကမှလည်း သမီးမရှိခဲ့ဘူး၊ အားလုံးကို အကွက်ကျကျကြိုစီစဉ်ခဲ့တာ၊ ငါက ချစ်မိပြီဆို ဒူးထောက် ရမှာ ဝန်မလေးသလို နာကြည်းပြီဆိုလည်း သတ်ပစ်ရမှာ ဝန်မလေး တော့ဘူး။ ဒါဟာ တိုက်ဆိုင်မှုမဟုတ်တဲ့ တမင်အကောက်ကြံမှုပဲ၊ ကဲ, နင်ဘယ်လိုဆုံးဖြတ်မလဲ၊ နင်ဘာလုပ်မလဲ၊ ဒီ့ထက်မက နင် နာကျင်ခံ စားရတယ်ဆိုရင်တောင် ငါလုံးဝမတောင်းပန်ဘူး။ ငါပစ်လိုက်တဲ့မြှားရဲ့ ဒဏ်ရာ ပိုပြင်းလေ။ ပိုဝမ်းသာလေပဲဖြစ်မှာ။ ဘာလို့လဲဆိုတော့ ငါက နင့်အချစ်မှာ တစ်သက်လုံးရှုံးခဲ့ရတဲ့သူလေ။ တစ်လှည့်တော့ ငါပြန်နိုင် ချင်လို့''





သူမရဲ့ အေးစက်ပြင်းထန်သောစကားလုံးတွေက သူ့နှလုံးသား ကို ခပ်ကြမ်းကြမ်းပဲ ဆွဲကိုင်လှုပ်ရမ်းသွားလေသည်။ အံ့ဩစိတ်ကြောင့် အတန်ကြာအောင် စကားမပြောနိုင်ဘဲ ငြိမ်သက် ဆွံ့အနေမိ၏။ သူမ ကတော့ စိတ်မကောင်းဖြစ်ရတိုင်းလုပ်လေ့ရှိသည့်အမူအရာနှင့် ခပ်ပြုံး ပြုံးပဲ ရှိနေပါသည်။

ဒါပေမဲ့ သူမရဲ့မျက်ဝန်းမှာတော့ နာကျင်ကြေကွဲနေသည့်အရိပ် အယောင်တွေ ထင်ဟပ်လို့နေလေသည်။

''ဖူး. . . ဖူးရယ်''

ရှိုက်သံပါနေသောခေါ်သံကြောင့် သူမက အထိတ်တလန့်မော့ အကြည့်မှာ မျက်ဝန်းထောင့်က မျက်ရည်တစ်စက် လိမ့်ကျသွားသည်။ သူက သူမကိုယ်လေးကိုဆွဲယူထွေးပွေ့ရင်း သူမရဲ့စိုစွတ်စွတ်မျက်ဝန်း တွေဆီမှာ မျက်နှာအပ်လျှက် ငြိမ်သက်နေလိုက်သည်။

''မငိုပါနဲ့တော့ ဖူးရယ်။ ငါ နင့်ကိုနားလည်လိုက်ပါပြီ။ ပြီးတော့ နင့်အချစ်ကိုလည်း အကြွင်းမဲ့ယုံကြည်လိုက်ပါပြီ''

သူမက သူ့ကျောပြင်ကိုပြန်လည်သိုင်းဖက်ရင်း ရှိုက်သံကလေး နှင့်. . .

''နင်က အခုမှယုံတာပါ မောင်ရယ်။ ငါက လွန်ခဲ့တဲ့ဆယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကတည်းက ရှုးသွပ်စွာ ယုံကြည်ခဲ့တာပါ။ တစ်လောကလုံးမှာ ငါ့ ချစ်တဲ့ယောကျ်ားက နင်တစ်ယောက်တည်းလို့ ပြောခဲ့ပြီးသားလေ။ ငါ ငါကတိတည်ပါတယ်နော်"

"ငါလည်း နင်နဲ့ထပ်တူပါ ဖူးရယ်။ နင်ပြောခဲ့ဖူးသလိုပဲ တစ်ခါ ချစ်သူဖြစ်ရင် တစ်သက်လုံးချစ်သူတော်တယ်လေ"

"မှတ်မိသားပဲ"

"ငါ နင့်ကိုဘယ်တုန်းကမှမမေ့ခဲ့တာ"

မြမြဖူး မျက်ရည်တွေ တလိမ့်လိမ့်ကျလာသည်။

"မငိုနဲ့တော့ဟာ"

မြမြဖူး မျက်ရည်တွေအဝိုင်းသားနှင့် သူ့ကိုပြုံးလျှက်မော့ကြည့် ကာ...

"ငါက ဝမ်းသာမှ မျက်ရည်ကျတာလေ"

ဟုခပ်တိုးတိုးပြန်ပြောလေသည်။

သူကတော့ ရည်းစားဟောင်းလေးကို ခပ်တင်းတင်းတိုးဖက်ရင်း ပြန်လည်ဆုံစည်းခွင့်ပေးခဲ့တဲ့ကံကြမ္မာကိုပဲ ကျေးဇူးတင်နေမိသည်။

သူ့အတွက် အချစ်ဆိုတာ ဟောင်းပေမယ့် အကောင်းဆုံးဆိုတာ ကိုလည်း ကောင်းစွာနားလည်လိုက်၏။

ရွှေပဒေသာစာပေ



ခံစားချက်ချင်းတူမယ်ဆိုရင်တော့ ပရိသတ်ကြီးလည်း ရည်းစား ဟောင်းနဲ့ ပြန်ပေါင်းထုတ်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ကြည်နုခေတ်

၂၉-၈-၂၀၁၀

စနေနေ့ (၁၁း၃၀ pm)

BURMESE CLASSIC .com

www.burmeseclassic.com